အောင်မြင်စာပေ

ဂ န္ဓိ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# တြိုခဏ

ကဝေမျော်



# အောင်မြင်

တ၁၉ပ



၈၅၅-၈၇

ကြီးဝက္ကာ

ကာတွန်း/ကြီးဝက္ကာ - ရန်ကုန်

အောင်မြင်စာပေ ၂၀၀၁

၂၄၀ - ၈၁၊ ၁၂၅၅ × ၁၈.၃ စင်တီ

(၁) ကြီးဝက္ကာ



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
[illegible]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
[illegible]

ဖြန့်ချိရေး အောင်မြင်စာပေ
အမှတ်(၁) [illegible]
[illegible] ရန်ကုန်မြို့

[illegible]

[illegible]

[illegible] ၂၀၀၁ [illegible]
[illegible]
[illegible] (၂၀၀) [illegible]

ထုတ်ဝေသူ [illegible]
အမှတ်(၄) [illegible]
[illegible] ရန်ကုန်မြို့

# ဒဿနလက်ဆောင်

➤ ချစ်သူက ဘဝတစ်ခုလုံး ပုံပေးပါမယ်ဆိုရုံနဲ့တော့
သင့်အချစ်တွေကို ပုံပေးစရာ မလိုသေးပါဘူး၊
ဘဝအတွက် အာမခံချက်ရှိအောင် ကြိုးစားပြမှသာ
အချစ်သာ မဟုတ်ဘူး၊
ဘဝပါ ပုံပေးတန် ပေးလိုက်သင့်ပါတယ်။

➤ စွန့်လွှတ်အနစ်နာခံပေးတိုင်း
အရာအားလုံး ကောင်းသွားမှာ မဟုတ်ပါဘူး၊
တစ်ခါတစ်ရံမှာ အရာရာကို ရင်ဆိုင်ပြီး
ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမှ
ချစ်သူအတွက် ပိုကောင်းတာတွေ ရှိပါတယ်။

➤ ဘဝဆိုတာ ရုန်းကန်လှုပ်ရှားခြင်း…ဟု
ဒဿနဆရာတွေက ဆိုပါတယ်။
သို့ဆိုလျှင် အချစ်ကရော လွယ်လွယ်နဲ့ ရမယ်
ထင်ပါသလား၊
ဘဝရုန်းကန်ရခြင်းထက်
အဆပေါင်းများစွာ ကြိုးစားပြီးမှ
ရသောအချစ်သည်လည်း
များစွာတန်ဖိုးရှိတတ်ပါတယ်။

# ဒဿနလက်ဆောင်

➤ ရေဆန်ကို ဆန်တက်လျှင်
ပင်ပန်းလှသော်လည်း ခရီးနှေး၏၊
ရေစုန်ကို စုန်ဆင်းသောအခါ
သက်သာပြီး ခရီးတွင်လေသည်၊
ရေစုန်၏အဆုံးတွင်
အန္တရာယ်များသော ပင်လယ်ဝက
ပါးစပ်ဟထားလေသည်။

➤ ဘဝအတွက် ပြင်ဆင်ကြရာမှာ
အောင်မြင်မှု တိုးတက်ချမ်းသာမှုများကိုသာ
ဦးတည်လုပ်ဆောင်ကြသည်၊
သို့သော်လည်း ရှုံးနိမ့်ခြင်း၏
လျှို့ဝှက်ချက်ကို မသိသောကြောင့်
မကြာခဏ ရှုံးနိမ့်မှုနှင့် ကြုံရတတ်ပေသည်။

➤ သင်ရောက်နေသောနေရာအတွက်
ဂုဏ်ယူဝမ်းမြောက်နေမည့်အစား
မည်သည့်ဦးတည်ချက်ဖြင့်
ရှေ့သို့ ခရီးဆက်မည်ကို သိရန်က
ပိုပြီးအရေးကြီးပေသည်။

# ဒဿနလက်ဆောင်

- ကြည်နူးပျော်ရွှင်သောစိတ်သည်
ဆေးစွမ်းကောင်းကဲ့သို့ အာနိသင် ထက်ပါသည်။
အရှုံးနှင့် တွေ့သောအခါ စိတ်ညစ်နေမည့်အစား
တက်ကြွသောစိတ်ဖြင့် ရင်ဆိုင်ဖြေရှင်းပါက
အောင်မြင်မှု ရရန် ပိုမိုနီးစပ်ပါသည်၊

- ရန်သူကို ကလဲ့စားချေရန် ကြိုးစားနေခြင်းထက်
၎င်းထက် ပိုမိုသာအောင်
လမ်းစရှာဖွေခြင်းကသာ
အကျိုးကျေးဇူး ရနိုင်ပေသည်။

- ရေခွက်ထဲမှာ ရေအပြည့်ရှိနေသည်
နောက်ဆုံး ရေတစ်စက် ကျသွားသောအခါ
ရေခွက်ထဲမှ တစ်စက်မကသောရေများ
အောက်သို့ ဆင်းပေးရသည်၊

# ဒဿနလက်ဆောင်

- မာကျောလှသည့်လက်သီးဖြင့် တိုက်ခိုက်သောအခါ
ဒဏ်ရာအနာတရ ဖြစ်စေသည်၊
ပျော့ပျောင်းနူးညံ့သောလျှာဖြင့်
တိုက်ခိုက်သောအခါ...
လည်ချောင်းပြတ်၍သေတော့သည်၊

- ဝေးကွာသောခရီးကို သွားခြင်းဖြင့်
မြင်းကောင်းမကောင်း သိနိုင်လေသည်၊
ငွေကြေးနှင့်သော်လည်းကောင်း
ကာလရှည်စွာ ဆက်ဆံကြည့်ခြင်းဖြင့်လည်းကောင်း
မိတ်ဆွေကောင်းမကောင်း သိနိုင်ပေ၏၊

- မီးလောင်နေခြင်းကို
အရေးတကြီး ငြိမ်းသတ်နေရသောအချိန်မှာ
ရေကြည်ရေသန့်ဖြစ်စေ
ရွှံ့နှစ်များ ပါနေသောရေဖြစ်စေ...
အရေးကြီးသောရွေးချယ်မှု မဟုတ်တော့ပေ။

# စာရေးသူ၏အမှာ

ဤဝတ္ထုထုတ်ဝေသောအချိန်လောက်ဆိုလျှင် ထုတ်ဝေပြီးသောဝတ္ထုပေါင်း(၂၀၀)ကျော် ရှိနေပေလိမ့်မည်။ စာရေးသူ တစ်ယောက်ကို အုပ်ရေ(၂၀၀)ကျော်အထိ လက်ခံအားပေးကြ သော ကျွန်တော့်စာဖတ်ပရိသတ်များအား အထူးကျေးဇူးတင်ပါသည်။

အုပ်ရေပေါင်းများစွာ ရေးရသည့်အတွက် ခေါင်းခန်းနှင့် ဇာတ်လမ်းကျောရိုး၊ သုတအချက်အလက်များ ဆင်တူရိုးမှားဖြစ်နေခြင်းအတွက် ကျွန်တော့်ကို နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

ကျွန်တော်ရေးသားသောဝတ္ထုများမှာ ပင်တိုင်ဇာတ်ကောင်များကို အသုံးပြု၍ ရေးသားလေ့ရှိပါသည်။ ကမ္ဘာကျော် စာရေးဆရာကြီး ဒင်းနစ်ဝှစ်တလီသည် အမြဲတမ်းဇာတ်ကောင်များ အသုံးပြု၍ ဝတ္ထုအမျိုးအစားများစွာနှင့် အုပ်ရေပေါင်း မြောက်များစွာ ရေးသားခဲ့သူ ဖြစ်ပါသည်။

အမြဲတမ်းဇာတ်လိုက် ဖန်ဆင်းရသည်မှာ(မွေးထားရသည်မှာ) ဝတ္ထုရေးဆရာအဖို့ မလွယ်လှပေ။ စာရေးဆရာများမှာ အမြဲတမ်း ဇာတ်လိုက်တစ်ကောင်ကိုပင် မနည်းမွေးထားရပြီး အသက်ရှင်အောင် ၎င်းတို့နှင့် လိုက်ဖက်သောဝတ္ထုဇာတ်လမ်း များ စဉ်းစားကြရပါသည်။

ဇာတ်လိုက်တစ်ဦးနှင့်တစ်ဦး စရိုက်မတူအောင်လည်း သတိထားပြီး ကြိုးစားအားထုတ်ရပါသည်။ ဇာတ်ကောင်မတူ သောအခါ စရိုက်မတူသလို ၎င်းတို့ စွန့်စားရပုံချင်းလည်း မတူကြပေ။

ဇာတ်ကောင်များ ကာရိုက်တာဟု ခေါ်သော ပြုလုပ်မှု စရိုက် မထပ်အောင် ကြိုးစားရသည်မှာ များစွာတာဝန်ကြီးပါ သည်။

သို့ကြောင့် ဂျိန်းစ်ဘွန်းလို ပင်တိုင်ဇာတ်ကောင် မွေးထားရသည်မှာ မလွယ်လှကြောင်း အီယန်ဖလင်းမင်းက ဝန်ခံထားသည်၊ ဆာရိုက်တာဟာတ်ဂါတ်၏ အလန်ကွာတာမိန်း၊ ဆာ အာသာကွန်နင်းဒွိုင်း၏ ရှားလော့ဟုမ်း၊ စသောဇာတ်ကောင်များမှာ စာရေးဆရာဖန်ဆင်းအသက်သွင်းပေးထားသော ကမ္ဘာကျော် ပင်တိုင်ဇာတ်ကောင်များဖြစ်ကြသည်။

မြန်မာနိုင်ငံမှာလည်း ဆရာကြီးရွှေဥဒေါင်း၏ ဦးစံရှား၊ ဆရာကြီးဒဂုန်ရွှေမျှား၏ ဦးထင်ကျော်၊ အမ်ကြာရိုး၊ ထောင်မင်းသား ဦးဖိုးထော်၊ မိုးဝေ၏တင်မောင်ဆွေ၊ ဇော်ဇော်အောင်၏ ဝိုးအောင်၊ ဆွေလှိုင်ဦး၏ ဘခက် စသော ဇာတ်ကောင်များမှာ ပင်တိုင်ဇာတ်ကောင်များ ဖြစ်ကြလေသည်။

ကျွန်တော်ရေးသားသောဝတ္ထုများတွင် ဒေါက်တာ မင်းထင်ကျော်နှင့် နီမောင်ကို ပင်တိုင်ဇာတ်ကောင်အဖြစ် အလှည့်ကျ သုံးခဲ့ပါသည်။

ဇာတ်ရံများကိုတော့ သင့်လျော်သလို တွဲဖက်သုံးခဲ့ပါ သည်။ ယခု အုပ်ရေ(၂၀၀)ကျော် ပြီးသည့် အထိမ်းအမှတ်အဖြစ် ဒေါက်တာ မင်းထင်ကျော်နှင့် နီမောင်အပါအဝင် ကျွန် တော့်ဇာတ်ကောင်အားလုံးကို ထည့်သွင်းလျက် ဤဝတ္ထုကို ရေး သားခဲ့ခြင်းဖြစ်ပါသည်။

ဒေါက်တာမင်းထင်ကျော်ကို နှစ်သက်သော စာဖတ် ပရိသတ်၊ နီမောင်ကို ချစ်သောပရိသတ်များ ကျေနပ်နှစ်သိမ့် မည်ဟု မျှော်လင့်ပါသည်။

တလက်စတည်း ထပ်မံပြောလိုသည်မှာ...

အထက်ပါဇာတ်ကောင်များကို ပင်တိုင်အသုံးပြုလျက် တြိစက္က၊ တြိစကွ၊ တြိသစ်၊ ပညာဒီပ၊ ကလောင်အမည်လေးမျိုး အသုံးပြုလျက် ရေးသားသည်မှအပ အခြားကလောင်ခွဲ မရှိသလို အခြားဆင်တူရိုးမှားလျက်နေသော ကလောင်အမည်များမှာလည်း ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း ထပ်မံပြောကြားပါရစေ။ ရှေ့ဆက်ပြီး ပိုမိုကောင်းမွန်သော ဇာတ်လမ်းဇာတ်အိမ်များကို ဆက်လက်ရေးသားခြင်းဖြင့် စာဖတ် ပရိသတ်များအား ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

တြိစက္က

## ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) ကျွန်ုပ်နှင့် ပင်တိုင်ဇာတ်ကောင်များ

အခန်း(၂) ပင်လယ်ပြင်ပေါ်မှ ကံကြမ္မာဆိုး

အခန်း(၃) ငယ်ပေါင်းကြီးဖက် အမြှုပ်မပျက်စေချင်

အခန်း(၄) မာယာများသော ပင်လယ်ရေပြင်များ

အခန်း(၅) တစ္ဆေသင်္ဘောနှင့် အန္တရာယ်ဆိုး

အခန်း(၆) ဦးဝန်ကောင်း ရောက်လာခြင်း

အခန်း(၇) ပင်လယ်ပြင်ပေါ်မှ ပဟေဠိစာတစ်စောင်

အခန်း(၈) ဒေါက်တာမင်းထင်ကျော်နှင့် ထူးဆန်းသော ရေသတ္တဝါများ

အခန်း(၉) ဆရာကြီးသုရဒ္ဓနှင့် တစ္ဆေအပူးအဆာများ

အခန်း(၁၀) ချစ်သူအတွက် အမြှုပ်နှာ

အခန်း(၁၁) နီမောင်နှင့် ဒေါက်တာမင်းထင်ကျော် လက်တွဲကြခြင်း

အခန်း(၁၂) တစ္ဆေသင်္ဘောနှင့် တိုက်ခိုက်ရခြင်း

အခန်း(၁၃) သင်္ဘောပျက်များနှင့် ထူးဆန်းသောမိစ္ဆာ

အခန်း(၁၄) ကဝေမှော်ဝိဇ္ဇာ

အခန်း(၁၅) ပင်လယ်ရေအောက်မှ ပျောက်ဆုံးနေသော ကမ္ဘာ

အခန်း(၁၆) ပန်းနုရောင်ချစ်ခရီးလမ်း





# အခန်း(၁)

# ကျွန်းပ်၏ ပင်တိုင်ဇာတ်ကောင်များ

ဒေါက်တာမင်းထင်ကျော်သည် အသက်(၃၅)နှစ် အရွယ်ခန့်ရှိပြီး အရပ်အမောင်းကောင်း၍ ကိုယ်လုံးကိုယ်ထည်ကြံ့ခိုင်သူတစ်ဦးဖြစ်သည်။ မျက်နှာသွင်ပြင်မှာ ယောကျ်ားပီသသော ရုပ်ရည်လက္ခဏာရှိပြီး ဖျတ်လတ်တက်ကြွသူလည်းဖြစ်သည်။ သူသည် မြန်မာလူမျိုးတစ်ဦးဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒ ဘာသာရပ်ဖြင့် ဘွဲ့ရခဲ့ပြီး လန်ဒန်တက္ကသိုလ်မှ သုတေသနပညာရပ်ဖြင့် ဒေါက်တာဘွဲ့ ရခဲ့လေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်ဟု လူသိများခဲ့လေသည်။ သူသည် ခရီးသွားလာခြင်းနှင့် စွန့်စားခြင်းများကို ဝါသနာပါသူဖြစ်ပြီး မြန်မာနိုင်ငံ နေရာအနှံ့အပြားသာမက ကမ္ဘာအရပ်ရပ်သို့ပါ သွားလာခဲ့သူဖြစ်သည်။ လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရပညာ များစွာစိတ်ဝင်စားသောကြောင့် ထိုနေရာနှင့် သက်ဆိုင်သောနေရာနှင့် အရပ်ဒေသများသို့ လှည့်လည်သွားလာလေ့ရှိသည်။

အများအားဖြင့်တော့ ဟိမဝန္တာ၊ အိန္ဒိယ၊ တိဗက်၊ အီဂျစ် စသောနေရာများသို့ အကြိမ်ကြိမ် သွားရောက်ဖူးခဲ့ပြီး အခြားနိုင်ငံနှင့် နေရာများကိုလည်း သွားရောက်ခဲ့လေသည်။

ထို့ပြင် ကွယ်ပျောက်နေသော မြို့ဟောင်းကြီးများ၊ ရတနာသိုက်များကိုသော်လည်းကောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ဗေဒင်ကျမ်း၊ ဆေးကျမ်းအပါအဝင် တန်ဖိုးကြီးမားသော လျှို့ဝှက်ကျမ်းကြီးများကို ရှာဖွေရသည်ကို များစွာဝါသနာပါသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့် စွန့်စားခြင်းများကို ဝါသနာပါသည့်အပြင် စုံထောက်ပညာရပ်များကိုလည်း စိတ်ဝင်စားလေသည်။

ထို့ပြင် အမှန်တရားကို နှစ်သက်သူဖြစ်ပြီး မတရားမှုများ တွေ့ပါက ဝင်ရောက်အကူအညီပေးလေ့ရှိသည်။ အထူးသဖြင့် ဝိညာဉ်လောကသားများ၊ ပရလောကသားများ အ





ကြောင်းကိုလည်း များစွာစိတ်ဝင်စားသူဖြစ်ရာ ထိုအကြောင်းများနှင့် ပတ်သက်၍ အတွေ့အကြုံ မြောက်များစွာ ရရှိထားပြီးသည်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်၏လက်ကိုင်ဝါဒမှာ

"အမှန်တရားဖြင့်သာ အရာအားလုံးကို ကျော်ဖြတ်အနိုင်ရပေသည်။"

ဟူသောခံယူချက်ပင်ဖြစ်ပေသည်။

နီမောင်သည် ဖျတ်လတ်သွက်လက်သော လူရွယ်တစ်ဦးဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်မျှသာဖြစ်ပေသည်။ သူသည် ခေတ်ပညာ မတတ်သော ကျေးလက်တွင် နေထိုင်သောသူဖြစ်သည်။

နီမောင် မွေးဖွားကြီးပြင်းသော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်။ မြစ်ဝကျွန်းပေါ် အရပ်ဆိုသည် ပင်လယ်နှင့် နီးကပ်ဆက်စပ်လျက်ရှိသော ပင်လယ်ဒီရေတက်ရာအရပ်ဖြစ်သည်။ ထို့ကြောင့် ရေငန်တက်သောအရပ်များတွင် ပင်လယ်ပိုင်း သစ်တောများ ပေါက်ရောက်ကြသည်။ ပင်လယ်ပိုင်းသစ်တောများမှာ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် မြောက်များစွာ ရှိကြသည်။

ရခိုင်ကမ်းရိုးတန်းသစ်တော၊ တနင်္သာရီကမ်းရိုးတန်း





သစ်တောများအပြင် မြစ်ဝကျွန်းပေါ် အရပ်ရှိ သစ်တောများကိုတော့ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်များ အမည်ပေးခဲ့သည့်အတိုင်း 'ဖျဉ်ဒရယ်' (ပြင်ဒရယ်ဟုလည်း ရေးသည်)သစ်တောများဟုသာ စုပေါင်းခေါ်ခဲ့ကြသည်။

သံကြိုးဝိုင်း၊ သစ်တောကြိုးဝိုင်းဟုလည်း သတ်မှတ်ခေါ်ဝေါ်သောအမည်များ ရှိပေသေးသည်။ "သစ်တောကြိုးဝိုင်း" ဟူသောအခေါ်အဝေါ်မှာ အင်္ဂလိပ်များလက်အောက် ရောက်ခဲ့စဉ်က အစိုးရပိုင် သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ကြပြီး "အခွင့်မရှိ မဝင်ရ" ဟူသောစာတမ်းများ ချိတ်ဆွဲထားသောကြောင့်ပင်ဖြစ်သည်။

ဖျဉ်ဒရယ်သစ်တောများထဲမှာလည်း ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါများ ရှိကြသည်။ ကျား၊ ဆင်၊ ကျားသစ်စသောသတ္တဝါများအပြင် လူကို အန္တရာယ်အပေးနိုင်ဆုံးသော မိကျောင်း စသောသတ္တဝါများ ပေါများသည်။

ဖျဉ်ဒရယ်သစ်တောများထဲတွင် မိကျောင်းအကောင်ရေ မြောက်များစွာ ရှိကြသဖြင့် နီမောင်သည် မိကျောင်းဖမ်းကျွမ်းကျင်သူတစ်ယောက်ဖြစ်လာခဲ့သည်။ မိကျောင်းဖမ်းရာတွင် အသုံးပြုသော စလွတ်ထိုးရာတွင် သူမတူအောင် ကျွမ်းကျင်လက်ဖြောင့်သူတစ်ဦး ဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်များက သူကို "လက်ဖြောင့်စလွတ်သမား" ဟု ခေါ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ပစ်ရာ၌ ကျွမ်း

ကျင်သလို နီမောင်ကလည်း စလွတ်ထိုးရာမှာ များစွာကျွမ်းကျင်သူဖြစ်ပေသည်။

ရှေးနှစ်ပေါင်းများစွာကတည်းက မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် ဂမ္ဘီရဆန်သော လျှို့ဝှက်ဆန်းကြယ်လှသည့် နေရာများစွာတို့ ရှိခဲ့ကြသည်။

မိန်းမလှကျွန်း၊ မျောက်တစ်ရာစေတီတော်၊ ကျွန်းညိုကြီး၊ ထော်စီထော်ပိုင်၊ ဘီလူးမဂယက်၊ ပြင်စလူ၊ ကဒုံကနီ၊ ရော အစရှိသောနေရာများပင်ဖြစ်သည်။

နီမောင်သည် မိကျောင်းဖမ်း ထွက်သည့်အခါ ထွက်ပြီး ငါးဖမ်းထွက်သည့်အခါ ထွက်သည်၊ တောတက်သည့်အခါ တက်ပြီး ပင်လယ်ထွက်သည့်အခါ ထွက်သည်။ သူသည် လူဆင်းရဲသော်လည်း စိတ်ထားဖြူစင်သူဖြစ်သည်။ ဘဝအခြေအနေကို နိမ့်ကျသော်လည်း သစ္စာတရားကို တန်ဖိုးထားတတ်သည်။ ထို့ပြင် လျှို့ဝှက်ဆန်းကြယ်သောကိစ္စများနှင့် ဂမ္ဘီရဆန်သောကိစ္စများကိုလည်း စိတ်ဝင်စားသည်။ ပရလောကသားများနှင့် ကြုံဖူးသလို နာနာဘာဝများနှင့်လည်း တွေ့ခဲ့ဖူးသည်။

နီမောင်သည် ထူးဆန်းသောကိစ္စများကို စိတ်ဝင်စားသလို ထိုနေရာအတော်များများကိုလည်း ရောက်ဖူးခဲ့လေသည်။ နီမောင်သည် ခေတ်ပညာ မတတ်ရှာပဲ တောမှာပင် နေသူတစ်ယောက်အဖြစ် ရိုးသားသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အမှန်တရားကို တန်ဖိုးထားသလို နီမောင်က သစ္စာတရားကို မြတ်နိုးတတ်သူဖြစ်သည်။





နီမောင် အသုံးပြုသောဝါဒမှာ. . .

"ရိုးသားခြင်းသည် ဘယ်သောအခါမှ မရိုးနိုင်သော အလှတရားဖြစ်သည်။"

ဟူသောခံယူချက်ပင်ဖြစ်ပေသည်။

ကျော်စွာသည် ဒေါက်တာမင်းထင်ကျော်၊ နီမောင်တို့နှင့် တွဲဖက်ပါဝင်သော ဒုတိယ ဇာတ်ကောင်ပင်ဖြစ်၏။ အသက်(၃၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး အတိုက်အခိုက် အသတ်အပုတ်ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ အတော်များများမှာတော့ သူ့ကို စုံထောက်ကျော်စွာအဖြစ် ထည့်သွင်းရေးသားခဲ့ပေသည်။

ဦးဇန်ကောင်းသည် စာအုပ်တိုင်းလိုလိုတွင် ပါဝင်ရသော အဓိက ဇာတ်ကောင်တစ်ဦးဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်နှင့်နီမောင်တို့က တစ်လှည့်စီ ပါဝင်ခွင့်ရသော်လည်း ဦးဇန်ကောင်းကတော့ ၎င်းတို့နှစ်ယောက်အနေနှင့် စာအုပ်တိုင်းလိုလို၌ ပါဝင်ခွင့်ရသော လက်တွဲဖော် ဇာတ်ကောင်အဖြစ် အသုံးပြုခဲ့ပါသည်။ ထို့ပြင် ဦးဇန်ကောင်းကို စွယ်စုံရ ပညာရှင်တစ်ယောက်အနေနှင့် ဗဟုသုတ အကြောင်းအရာများကို ကျွန်ုပ်





ကိုယ်စား ပြန်လည်ပြောပြခိုင်းခဲ့ပေသည်။

ဦးဇန်ကောင်းမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ကြံ့ခိုင်သန်မာသောလူကြီးတစ်ဦးဖြစ်သည်။ သတ္တိကောင်းလှသည့်အပြင် ၎င်းလိုချင်သောပညာ ရမည်ဆိုပါက ထောင်ထဲသို့ပင် အချိန်မရွေး ဝင်ဝံ့သူတစ်ဦး ဖြစ်သည်။

ဦးဇန်ကောင်း တတ်ကျွမ်းသောပညာများမှာ အဂ္ဂိရတ်ပညာ၊ ဆေးပညာ၊ ဓာတ်ပညာ၊ ဗေဒင်ပညာ၊ လက္ခဏာပညာ၊ နက္ခတ်ပညာများအပြင် အတိုက်အခိုက် အသတ်အပုတ်မှာလည်း ထူးချွန်သူဖြစ်ပေသည်။

သူသည် တောတောင်များအတွင်းသို့ စွန့်စားသွားလာခြင်းကို များစွာနှစ်သက်ဝါသနာပါသောကြောင့် ဒေါက်တာမင်းထင်ကျော်၊ နီမောင်တို့နှင့်အတူ အမြဲလိုလို ခရီးထွက်နေလေ့ရှိသည်။ ဦးဇန်ကောင်းသည် တွေးခေါ်မျှော်မြင်မှု ကောင်းသူတစ်ယောက်ဖြစ်ပြီး. . .

၎င်းလက်ကိုင်သုံးသောဝါဒမှာ. . .

"ပညာသင်ယူခြင်းနှင့်လေ့လာမှုများမှာ ဘယ်သောအခါမှ ပြီးဆုံးခြင်းသို့ မရောက်နိုင်ပေ"

ဟူသောခံယူချက်ပင်ဖြစ်ပေသည်။

ဆရာကြီးသူရဇ္ဇကိုတော့ အတိုင်ပင်ခံ ပညာရှင် တစ်ယောက်အနေနှင့် သင့်တော်သောစာအုပ်များတွင် ထည့်သွင်းရေးသားလေ့ရှိပါသည်။ ဆရာကြီးသူရဇ္ဇသည် အဂ္ဂိရတ်ပညာကို

ဝိဇ္ဇာလမ်းနှင့် ထွက်ရပ်ပေါက်လမ်းအထိ ရောက်အောင် ကြိုးစားနေသူဖြစ်သည်။ ဝိဇ္ဇာလမ်းနှင့် ပတ်သက်ပြီး အတော်အသင့် ခရီးပေါက်ခဲ့ပြီးလည်းဖြစ်သည်။

ဆရာကြီးသူရဇ္ဇ စွမ်းဆောင်ပေးနိုင်သောကိစ္စများမှာ ပရလောကသော်လည်းကောင်း၊ ဝိဇ္ဇာလောကနှင့်သော်လည်းကောင်း စပ်လျက်ပြီး အခြားသူများ ဖြေရှင်းရန် မတတ်နိုင်၍ သော်လည်းကောင်း၊ အခက်အခဲ တွေ့နေလျှင်သော်လည်းကောင်း ဝင်ရောက်ဖြေရှင်းပေးလေ့ရှိသည်။

ဆရာကြီးသူရဇ္ဇတွင် မိစ္ဆာဝိညာဉ်တို့ကို ကောင်းစွာ နိုင်နင်းစေသော ပြဒါးဆေးအပါအဝင်၊ ဂမုန်းနှင့် ပတ်သက်သော အစီအရင်နှင့်ဆေးများ ရှိသောကြောင့် ဒေါက်တာမင်းထင်ကျော်သော်လည်းကောင်း၊ နီမောင်သော်လည်းကောင်း ၎င်းတို့ပါဝင်သော ဇာတ်လမ်းအချို့တွင် ၎င်းတို့အနေနှင့် ဆရာကြီးသူရဇ္ဇထံ သွားရောက်အကူအညီတောင်းကြရသည်။

ထိုသို့ အရေးကိစ္စ ပေါ်လာသောအခါမျိုးတွင် ဆရာကြီးသူရဇ္ဇ ပါဝင်လာတတ်ပေသည်။ ဆရာကြီးသူရဇ္ဇ ခံယူထားသော စကားများ. . :

"ကိုယ်ကျင့်တရားကောင်းတဲ့လူအတွက် အန္တရာယ်အနှောင့်အယှက်တွေနဲ့ တွေ့ခဲ့ရင်တောင် ကူညီပေးမယ့်လူ မတွေ့ရင် မမြင်ရတဲ့ သမ္မာဒေဝနတ်တွေက ဝင်ပြီး ကူညီစောင့်ရှောက်ပေးကြရတယ်၊ ဘယ်သောအခါမှ ကိုယ်ကျင့်တရား





မပျက်ကြစေနဲ့"

ဟူသောခံယူချက်ဖြစ်သည်။

ကျွန်ုပ်အနေနှင့် ဇာတ်လမ်းအတော်များများမှာ ပင်တိုင်အမျိုးသားဇာတ်ဆောင်များ အသုံးပြု၍ ရေးသားခဲ့သော်လည်း အမျိုးသမီးဇာတ်ဆောင်ကိုတော့ ဇာတ်လမ်းနှင့် အဆင်ပြေသော အမျိုးသမီးဇာတ်ဆောင်ကိုသာ အသုံးပြု ရေးသားလေ့ရှိပါသည်။

သို့သော်လည်း 'မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူ' တို့ သုံးယောက်ကိုတော့ ဝတ္ထုအတော်များများတွင် ထည့်သွင်းရေးသားလေ့ရှိပါသည်။

"မြနှင်းဖြူ၊ မြသင်းကြူ၊ မြဝင်းသူ" ဟူသောအမည်ဖြင့် လုံးချင်းဝတ္ထုတစ်ပုဒ်ပင် ရေးသားထုတ်ဝေခဲ့ပါသည်။ ၎င်းတို့သုံးယောက်၊ နှစ်ယောက်၊ တစ်ယောက်ချင်းကိုသော်လည်းကောင်း အဆင်ပြေသလို ရေးသားခဲ့သည်။ ၎င်းတို့နှင့် လိုက်ဖက်သော ဇာတ်မျိုးမှာ တောနယ်များကို နောက်ခံထားပြီး ရေးသားသော ဇာတ်လမ်းများပြီး ဥစ္စာစောင့်ဇာတ်လမ်း၊ ပရလောကသားများနှင့် ပတ်သက်သောဇာတ်လမ်းမျိုးဖြစ်သည်။

သုံးယောက်စလုံး အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ရှိကြပြီး လှပချောမောကြသည်။

၎င်းတို့ကို အဓိကထား၍ ရေးလိုသော ဇာတ်ကောင်စရိုက်မှာ ကိုယ်ကျင့်တရား၊ ရိုးသားခြင်းနှင့် ချစ်သူအပေါ်မှာ

သစ္စာရှိကြခြင်းပင် ဖြစ်ကြလေသည်။

ဎင်းတို့၏လက်သုံးစကားမှာ. . .

"မိန်းကလေးတစ်ယောက်၏တန်ဖိုးသည် ကိုယ်ကျင့်တရားနှင့် သစ္စာရှိခြင်းကို စောင့်ထိန်းလိုက်နာခြင်းပင်ဖြစ်သည်၊ နောင်တ,တရားသည် ပျက်စီးသွားသောဘဝကို အသစ်တဖန် ပြုလုပ်ပေးနိုင်စွမ်း မရှိပေ"

ဟူသောခံယူချက်မျိုးဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော် ပါဝင်သောဇာတ်လမ်းများ၌သော်လည်းကောင်း၊

နီမောင် ပါဝင်သော ဇာတ်လမ်းများ၌သော်လည်းကောင်း တွဲဖက်ဇာတ်ကောင်နှစ်ယောက်မှာ စောထီးနှင့် ငမဲအောင်တို့ပင် ဖြစ်သည်။

အများအားဖြင့်တော့ 'နီမောင်' ပါဝင်သောဇာတ်လမ်းများတွင် မပါမဖြစ် ပါဝင်ရသော ဇာတ်ကောင်နှစ်ယောက်တို့ပင်ဖြစ်ကြသည်။

ငမဲအောင်က ရခိုင်လူမျိုးဖြစ်ပြီး ရေအောက်တွင် ဖုံတစ်ကောင်ပမာ သွားလာလှုပ်ရှားနိုင်သူဖြစ်သည်။ ပင်လယ်နှင့် ပတ်သက်ပြီး နှံ့စပ်ကျွမ်းကျင်သူဖြစ်လေသည်။

ဎင်းအားကိုးသောလက်နက်မှာ လုံရှည်နှင့်ဓားပင်ဖြစ်သည်။ စောထီးက ကရင်လူမျိုးဖြစ်ပြီး တောကျွမ်းကျင်သူတစ်ဦးဖြစ်ပေသည်။ တောတွင်းမှာ ကျားသစ်နက်တစ်ကောင်ပမာ





လည်း တောကြောင်တစ်ကောင်ပမာ ပေါ့ပါးလျင်မြန်လှသည်။ ဎင်းအသုံးပြုသောလက်နက်မှာ ပေါက်ဓား၊ ကပ်ပါး၊ လေးနှင့်အဆိပ်လူးမြားတံများဖြစ်ကြသည်။ အရံဇာတ်ကောင်များ ဖြစ်ကြသော်လည်း ဎင်းတို့နှစ်ယောက်မှာ တစ်ယောက်ချင်း ခွဲရေးရန်မသင့်သဖြင့် အစဉ်သဖြင့် နှစ်ယောက်တွဲ ခွဲပေးထားရခြင်းဖြစ်သည်။

ဎင်းတို့၏အယူအဆမှာ. . .

"ရန်သူကို အရှုံးပေးခြင်း၏နောက်ဆက်တွဲရလာဒ်မှာ အသက်စွန့်ပေးလိုက်ရခြင်းပင်ဖြစ်သည်" ဟူသောအယူအဆပင်ဖြစ်သည်။

စာအုပ်အတော်များများမှာ ဒေါ်မင်းဇာကို အသုံးပြုရေးလေ့ရှိပါသည်။ အများအားဖြင့်တော့ စုန်းကဝေပညာ တတ်ကျွမ်းသည့် အနေအထား၊ သို့မဟုတ် တစ္ဆေသရဲ စသောမကောင်းဆိုးဝါးများဖြင့် ရင်းနှီးကျွမ်းဝင်သူအနေနှင့် ထည့်သွင်းရေးသားလေ့ရှိသည်။

ခေတ်ဟောင်းဇာတ်လမ်းများထဲတွင် 'ဒေါ်မြလေး' ပါဝင်ရသော မိန်းမဆိုး မိန်းမကြမ်း အခန်းမျိုးကဖြစ်ပေသည်။

သို့သော်လည်း အတော်များများမှာတော့ အများယူဆထားသလို ထင်ထားသလို စုန်းကဝေပညာ တတ်ကျွမ်းသူ၊ တစ္ဆေသရဲ အစရှိသော ပရလောကသားများနှင့် ဆက်စပ်မှု ရှိသူမျိုးမဟုတ်ဘဲ သာမန်အမျိုးသမီးကြီးတစ်ဦးအနေနှင့် ဇာတ်သိမ်း

ပေးထားသည်များ ရှိပါသည်။ ကျန်ဇာတ်ကောင်များကတော့. .

ဦးမွန်ထော်၊ ဦးထန်ဖုန်းရှိန်၊ ဇမုန်းထန်၊ သံပချိုင်စသော အရံဇာတ်ကောင်များဖြစ်ကြပေသည်။ ဦးမွန်ထော်နှင့် ဦးထန်ဖုန်းရှိန်တို့ကိုတော့ ရွာလူကြီးနေရာများနှင့် ခရီးသွားဖော်များအဖြစ် အသုံးပြု ရေးသားလေ့ရှိပြီး ဇမုန်းထန်နှင့် သံပချိုင်တို့ကိုတော့ မကောင်းမှုဘက် ရပ်တည်ကာ အခြားသူများအား အစဉ်ဒုက္ခပေးလေ့ရှိကြသော ဆန့်ကျင်ဘက် ဇာတ်ကောင်များအဖြစ်သာ အသုံးပြုလေ့ရှိသည်။

'တစ်နေ့သ၌ ကျွန်ုပ်သည်. . .' ဟူသောစကားလုံးများဖြင့် အစချီလာလျှင် စာရေးဆရာအောင်မင်းအောင်ကို ဇာတ်ကြောင်း ပြောပြသူတစ်ယောက်အနေနှင့် ထည့်သွင်းရေးသားလေ့ရှိပါသည်။

အောင်မင်းအောင်သည် စာရေးဆရာကိုယ်စား ဇာတ်လမ်းပြောပြပေးသော ကိုယ်ပွားဇာတ်ကောင်တစ်ခုသာဖြစ်ပေသည်။

အထက်ပါဇာတ်ကောင်များမှာ စာဖတ်ပရိသတ်များနှင့် ရင်းနှီးပြီးသော ဇာတ်ကောင်များပင်ဖြစ်ပေသည်။ ယခု ကျွန်ုပ်ရေးသားထုတ်ဝေပြီးခဲ့သော ဝတ္ထုအရေအတွက်မှာ အုပ်ရေ (၂၀၀)ကျော်ခဲ့ပြီဖြစ်ပေသည်။

သို့အတွက်ကြောင့် ကျွန်ုပ်၏စာဖတ်ပရိသတ်များအနေနှင့်လည်း မှတ်မှတ်ရရ ဖြစ်စေရန်သော်လည်းကောင်း၊ ကျွန်ုပ်





အတွက်လည်း အမှတ်တရ ဖြစ်စေရန်အတွက်သော်လည်းကောင်း၊ ကျွန်ုပ်ဖန်တီးထားသော ဇာတ်ကောင်များအားလုံးကို ထည့်သွင်းလျက် ဤဝတ္ထုအား ကြိုးစားအားထုတ်လျက် ရေးသားခဲ့ခြင်းဖြစ်ပေတော့သည်။





# အခန်း(၂)
# ပင်လယ်ပြင်ပေါ်မှ ကံကြမ္မာဆိုး

'လေးဆူဒီပါ. . သီတာရေမြေဆုံးစေ်တော့' ဟူသော သစ္စာတိုင် စာသားမှာ ပါသော မြေဆုံးဒေသမှာ ယခင်က ဝိတိုရိယအငူဟု အမည်ပေးထားပြီး ယခုအခါတွင် ဘုရင့်နောင်အငူစွန်းဟု ပြောင်းလဲခေါ်ဝေါ်ကြသော မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသပင် ဖြစ်သည်။ ထိုနေရာ၏ဟိုဘက်မှာ မြေမရှိတော့ဘဲ ပင်လယ်ရေပြင်သာ ရှိတော့သည်။

မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသတွင် ကော့သောင်းမြို့ရှိပြီး ဟိုဘက်မှာတော့ ပင်လယ်ရေပြင်သာ ရှိသည်။

'အက်ဒမန်ဆီး' ဟု ခေါ်ကြသည့် ကပ္ပလီပင်လယ်ပြင်သည် ရေလုပ်သားတို့ ဝမ်းစာရှာဖွေကြသည့်နေရာဖြစ်သည်။

မြန်မာပြည် မြောက်ဘက်ဖျားတောင်တန်းဒေသများမှာ အခြေပြုနေထိုင်ကြသော တိုင်းရင်းသားများက တောင်ယာစိုက်ပျိုးခြင်း၊ ဆေးမြစ်ဆေးဥ ရှာဖွေခြင်းနှင့် အမဲလိုက်ခြင်းများ ပြုလုပ်ကြကာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

မြန်မာပြည်အလယ်ပိုင်းမှာ နေထိုင်ကြသူများကတော့ လယ်ယာစိုက်ပျိုး၍ အသက်မွေးကြသည်။ မြစ်ဝကျွန်းပေါ် အရပ်မှာ နေကြသူများကတော့ လယ်ယာလုပ်ငန်းနှင့် ငါးပုစွန်ရှာဖွေခြင်းအလုပ်တို့ကို လုပ်ကိုင်ကြသည်။

မြန်မာပြည်တောင်ဘက်ဖျား ပင်လယ်ပြင်မှာ နေကြသူများမှာတော့ ငါး၊ ပုစွန် ရှာဖွေခြင်းနှင့် ပုလဲရှာဖွေခြင်းအလုပ်တို့ကို လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

ပင်လယ်ရေပြင်သည် ကျယ်ဝန်းလှသည်။

ထို့အတူ ငါးပုစွန်မျိုးစုံတို့လည်း ပေါများလှသည်။ သို့ကြောင့် ငါးပုစွန် ဖမ်းဆီးအသက်မွေးဝမ်းကျောင်းပြုသူများအဖို့ ပင်လယ်ပြင်သည် ဝမ်းစာအိုးကြီးသဖွယ်ဖြစ်နေတော့သည်။

သို့ကြောင့်လည်း ပင်လယ်ရေပြင်နှင့် နီးသောနေရာတစ်ဝိုက်တွင် လာရောက်အခြေချ နေထိုင်သူများ ရှိလာကြသည်။

ပထမတော့ ရာသီဥတုသာယာသော ဆောင်းရာသီ နွေ





ရာသီ ရောက်သည်နှင့် လှေများဖြင့် ရောက်လာပြီး သောင်များပေါ်မှာ ယာယီတဲများ ထိုး၍ စခန်းချကာ ငါးပုစွန် ရှာဖွေဖမ်းဆီးကြသည်။

မိုးကျလာ၍ လေမိုးပြင်းထန်လာသောအချိန်တွင် စခန်းသိမ်းကာ နေရပ်သို့ ပြန်သွားကြသည်။ မိုးကုန်၍ ဆောင်းဦးပေါက်ရာသီ ပြန်ရောက်လာသောအခါ တစ်ကျော့ပြန်လာကြလေသည်။

နောက်တော့ ယာယီတဲများအစား မိုးလေဒဏ်ခံနိုင်သော တဲအိမ်များ ဆောက်လုပ်ကာ နေရပ်သို့ မပြန်တော့ဘဲ ထိုနေရာမှာပင် မိုးခိုကြသည်။

ကမ်းစပ်၌ ရှိသော သစ်တောများအတွင်းမှ ဓနိနှင့် သစ်သားများကို လိုသလောက် ခုတ်ယူပြီး နေအိမ်များကို အခိုင်အခံ့ ဆောက်လုပ်ကာ မိုးခိုကြလေသည်။ ဤသို့ဖြင့် ယာယီတဲကလေးများမှ တဲစုကလေးများဖြစ်လာသည်။ နောက်တော့ နေအိမ်အစုကလေးများ ဖြစ်လာသည်။

နေအိမ်အစုကလေးများမှ တဖြည်းဖြည်းနှင့် ရွာတန်းကလေးဖြစ်လာသည်။ ပင်လယ်ကမ်းခြေဒေသသို့ ဦးစွာရောက်လာကြသူများမှာ နေစရာ သီးသန့်မရှိဘဲ ငါးဖမ်းရာမှာ အသုံးပြုသောလှေများကိုပင် အိမ်အဖြစ် အသုံးပြုကြလေသည်။

ဆလုံတိုင်းရင်းသားများက ကဗန်းလှေများကို နေအိမ်သဖွယ် အသုံးပြုနေကြသကဲ့သို့ဖြစ်ပေသည်။ လှေ၏ရှေ့ပိုင်းတွင်

ငါးဖမ်းကိရိယာများ ထားပြီးနောက်ပိုင်းတွင် ပေါင်းမိုးတပ်ကာ နေအိမ်သဖွယ် ပြုလုပ်၍ နေထိုင်ကြခြင်းဖြစ်သည်။

မိုးကုန်စအချိန်တွင် လှေ(၅)စင်း (၁၀)စင်း အဖော်ပြု၍ ပင်လယ်ကမ်းခြေသို့ လာကြသည်။ ငါးဖမ်းချိန်တွင် တစ်နေရာစီ၌ အဆင်ပြေသလို ဖမ်းကြသော်လည်း အလုပ်နားချိန်ရောက်သည်နှင့် ၎င်းလှေများကို တစ်နေရာတည်းမှာ စုပြီး တစ်စင်းနှင့်တစ်စင်း ကြိုးချည်၍ တွဲထားလိုက်သည်။ ဘေးချင်းယှဉ်၍ တွဲထားသောကြောင့် လှေတစ်စင်းနှင့်တစ်စင်းသို့ ကူးကာ စကားပြောကြ၊ ရေနွေးကြမ်းသောက်ကြ၊ ထမင်းဝိုင်းဖွဲ့စားကြနှင့် ပျော်စရာကောင်းလှသည်။

ထိုမြင်ကွင်းသည် 'ရေပေါ်ရွာတန်း' ကလေးသဖွယ် ရှိနေလေသည်။

ထိုသူများသည် ရေပေါ်မှာ လှေချင်း ဆက်၍ ရွာတန်းသဖွယ် နေထိုင်ခဲ့ကြရာမှ နောက်တော့ ပင်လယ်နှင့် နီးသောသောင်ပြင်များပေါ်မှာ ယာယီတဲစုကလေးများ ထိုး၍ နေလာကြသည်။

တဲစုကလေးမှ တဲတန်းကလေးဖြစ်လာသည်။

တဲတန်းကလေးမှ ရွာတန်းကလေးအဖြစ် ပြောင်းလဲသွားသည်။

ရှေးအခါက ရေပေါ်ရွာတန်းကလေးမှ သောင်ပေါ်ရွာတန်းကလေးအဖြစ် ပြောင်းလဲသွားသည်။ လှေတစ်စင်းနှင့်





တစ်စင်း ကူးသန်းသွားလာကြရာမှ တဲအိမ်တစ်အိမ်နှင့်တစ်အိမ် ကူးသန်းသွားလာကြသော အခြေအနေသို့ တဖြည်းဖြည်း ရောက်ခဲ့ကြသည်။ ရွာတန်းကလေးမှ နှစ်ပေါင်းကြာသောအခါ မြို့ငယ်ကလေးအဖြစ် ပြောင်းလဲလာသည်။

ထိုအခြေအနေသည် မြန်မာနိုင်ငံတောင်ဘက်စွန်းဒေသတွင် အစည်ကားဆုံး ဖြစ်သော ကော့သောင်းမြို့ ဖြစ်ပေါ်လာပုံ၏အကြောင်းအရာအချို့ပင်ဖြစ်ပေတော့သည်။

ကော့သောင်းမြို့နှင့် ဝိတိုရိယအငူတို့သည် မြန်မာနိုင်ငံ၏တောင်ဘက်အစွန်းဖြစ်သည်။

ရေထဲမှ ထိုးထွက်နေသော (၆)ပေကျော်ကျော်ကျောက်ဆောင်စွန်းကလေးတစ်ခုကို မြင်ရ၏။

၎င်းမှာ နာမည်ကျော် ဝိတိုရိယအငူဖြစ်ပါသည်။ ဝိတိုရိယ ဘုရင်မကြီး နန်းတက်သည်ကို အစွဲပြု၍ခေါ်ခဲ့သော တိုလိုနီစနစ်၏သင်္ကေတတစ်ခုဖြစ်ပေသည်။

အများကမူ "ကော့သောင်" ဟု ခေါ်နေကြသော်လည်း ဝင်စစ် "ကော့သောင်း" သာ ဖြစ်ပါသည်။

၎င်းအမည်သည် ရှမ်း(ယိုးဒယား)အခေါ်ဖြစ်၍ "ကော့" မှာ ကျွန်း၊ "သောင်း" မှာ နှစ်ဟု အဓိပ္ပါယ်ထွက်သည်။

ကျွန်းနှစ်ကျွန်းပေါ်တွင် တည်သည့်မြို့ဖြစ်၍ "ကော့သောင်း" ဟု ခေါ်ကြောင်း၊ နောက်အခါမှ "ကော့သောင်" ဟု ခေါ်ကြခြင်းဖြစ်ပေသည်။

အမည်ကသာ,ရှမ်းအမည်ဖြစ်သော်လည်း ကော့သောင်သည် ရှမ်းတို့ တည်ခဲ့သည့်ရွာ မဟုတ်ပါ။ ပသျှူးတို့ တည်ခဲ့သည့်ရွာတစ်ရွာသာဖြစ်သည်။

(၁၉)ရာစုနှစ် ဒုတိယပိုင်းလောက်တွင် မာလာယု ကျွန်းဆွယ်မှ ပသျှူးလူမျိုး "အာဟုဒါအာမတ်" ဆိုသူသည် ဆွေမျိုးတသိုက်ဖြင့် မြောက်ဘက် မြိတ်ကျွန်းစုသို့ စတီခွံ၊ မုတ်ခွံ စသည်တို့ကို ရှာဖွေရန် ရွက်လှေတစ်စင်းဖြင့် ရောက်လာခဲ့လေသည်။

ယခု ကော့သောင်မြို့ ရှိရာ ပါချန်မြစ်ဝအရောက်တွင် မလိဝမ်းရွာရှိကြောင်း သိရသဖြင့် မလိဝမ်းချောင်းအတိုင်း ဆက်တက်ခဲ့သည်။

ဝမ်းရောဂါဖြစ်သဖြင့် ပါချန်မြစ်ဝသို့ ပြန်စုန်လာပြီး ယခု ကော့သောင်မြို့ တည်ရာတွင် တဲထိုးစခန်းချကြသည်။

ထိုနေရာတွင် ကျွန်းနှစ်ကျွန်း ရှိသည်။ အင်္ဂလိပ်အခေါ် ဘရိုင်ရှိနီနိုကျွန်းနှင့် ဘောင်းဝါးကျွန်းဟု ခေါ်ကြသည်။

ပသျှူးတို့က "ပုလိုဒူးဝါး" ဟု ခေါ်ကြသည်။ "ပုလို" မှာ "ကျွန်း" "ဒူးဝါး"မှာ "နှစ်" ဟုအဓိပ္ပါယ်ရသည်။

ကော့သောင်သည် မြို့ဟောင်းရွာဟောင်းမဟုတ်၊ မြို့သစ်ရွာသစ်ဖြစ်လေသည်။

ပသျှူးတို့က ကော့သောင်ရွာသစ်ကို တည်ထောင်နေချိန်၌ အင်္ဂလိပ်အစိုးရသည် မလိဝမ်းကို မြို့ပိုင်ရုံးစိုက်ကာ မြို့အဖြစ် တည်ထောင်ထားခဲ့သည်။





မလိဝမ်းတွင် သူတို့၏သတ္တုလုပ်ငန်းများ ရှိသဖြင့် မလိဝမ်းသည် မြို့ဖြစ်ခဲ့လေသည်။

(၁၈၉၁)ခုနှစ်ကျမှ မလိဝမ်းက မြို့ပိုင်ရုံးကို ကော့သောင်သို့ ပြောင်းရွှေ့ကာ ကော့သောင်ကို မြို့အသွင်ပြောင်းခဲ့ခြင်းဖြစ်လေသည်။

ကော့သောင်ရွာကို တည်သည့် ပသျှူးလူမျိုး အာမက်၏ သားမြေးများသည် (ဥပမာ-ဦးဂျာဖွား) နောင်တွင် ကော့သောင်ရွာကို အုပ်ချုပ်သည့် သူကြီးများ ဖြစ်လာခဲ့ကြလေသည်။

ယခင်က ကော့သောင်သည် မြန်မာတို့ နေထိုင်သောရွာ မဟုတ်ပေ။

ပသျှူး၊ ယိုးဒယား (ယခင်က ရှမ်းဟု ခေါ်သည်)တရုတ်တို့ အများစု နေထိုင်သော ရွာကြီးတစ်ရွာသာ ဖြစ်ခဲ့လေသည်။

နောက်ပိုင်းကာလအရောက်မှာ ရာဘာခြံများနှင့် ငါးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် မြန်မာအချို့ ရောက်လာကြခြင်းဖြစ်ပေသည်။ မလိဝမ်း၌ ရှိသော အင်္ဂလိပ်ပိုင် ရာဘာကုမ္ပဏီတစ်ခုက ရာဘာစေး ခြစ်ရန် မြိတ်မှ အလုပ်သမားများ ခေါ်ယူခဲ့ရာ မြန်မာလူမျိုးအချို့ စတင်ရောက်ရှိလာခြင်းဖြစ်ပေသည်။

ထိုအချိန်က ကော့သောင်တွင် မြန်မာလူမျိုး အတော်နည်းသေးသည်သာမက မြန်မာစကား နားလည် ပြောတတ်သူပင် အတော်ကလေး ရှားပါးသည်။

ယိုးဒယားစကား၊ ပသျှူးစကားနှင့် တရုတ်စကားတို့ကိုသာ အပြောများကြသည်။

(၁၉၃၀)ပြည့်နှစ်နောက်ပိုင်း ရောက်တော့မှ မြန်မာလူမျိုး တဖြည်းဖြည်း များလာပြီး မြန်မာစကားကို အသုံးများလာကြသည်။

နောက်ပိုင်းရောက်လာသောအခါ ကော့သောင်သည် နယ်ခြားမြို့ကလေးအဖြစ် တရိပ်ရိပ်နှင့် တိုးတက်ပြောင်းလဲလာခဲ့ချေသည်။

နောက်ပိုင်းမှာတော့ ရှမ်းကမ်းဘက်မှ လာသော အရောင်အသွေးမျိုးစုံ၊ ပစ္စည်းမျိုးစုံတို့ ဝင်ရောက်လာပြီး အရောင်းအဝယ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မှောင်ခိုအရောင်းအဝယ်သမားတို့ စီးပွားရှာဖွေရာနယ်မြေတစ်ခုဖြစ်လာခဲ့သည်။

ရှေးအခါက ကော့သောင်မြို့နယ်တွင် ယိုးဒယားရွာကိုးရွာရှိလေသည်။

ဒေသအခေါ်ကတော့ 'ရှမ်းကိုးရွာ' ဟုခေါ်ကြသည်။

၎င်းတို့မှာ. . .

ဘန်းစုံးဖန်းပရက်ဆိုင်၊ ဘန်းစုံးဖန်းပရက်ခွ၊ ခိကမ္ဘိုင်းခရမ်း၊ ထုံပရို ဖော့သုတ်၊ နာလီချန်း၊ ပါစန်၊ လုံးဖောဟူသော ရွာကိုးရွာဖြစ်ကြလေသည်။

ထိုရွာများမှာ နေထိုင်ကြသူများအားလုံး ယိုးဒယား





လူမျိုး(ရှမ်း)များသာ ဖြစ်ကြသည်။

၎င်းတို့သည် မြန်မာနိုင်ငံမှာသာ နေထိုင်ကြသော်လည်း ယိုးဒယားစကားကိုသာ ပြောပြီး နေထိုင်သောအိမ်များ၌လည်း ယိုးဒယားဘုရင်နှင့်မိဖုရားတို့ ပုံများကိုသာ ချိတ်ဆွဲထားကြလေသည်။

အေးချမ်းစွာ လုပ်ကိုင်စားသောက်ကြသည့် လယ်သမားများ ဖြစ်ကြသော်လည်း အုပ်ချုပ်ရေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ နယ်ဆင်းသည့်အခါ မြန်မာစကား မပြောတတ် နားမလည်ကြသောကြောင့် အခက်အခဲ ရှိကြလေသည်။ ရှမ်းကိုးရွာသည် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ပါချန်မြစ်ကမ်းတွင် ရှိသော်လည်း ကော့သောင်နှင့် ခရီးအတော်ဝေးသည်။

ထိုရွာမှ လူများကလည်း အကြောင်းမရှိဘဲ မလာကြသောကြောင့် အတော်ကလေး အဆက်အသွယ်ပြတ်ကြလေသည်။ ရှမ်းကိုးရွာသို့ သွားလိုလျှင် ရှမ်းကမ်းဘက်သို့ ကူးပြီးမှ အရောက်သွားနိုင်လေသည်။

ရှမ်းကမ်းသည် ယိုးဒယားပိုင် နယ်မြေတစ်ခုဖြစ်ပြီး ထိုနေရာသို့ အရောက်သွားလိုလျှင် ပါချန်မြစ်အတွင်းမှ စက်လှေဖြင့် ဖြတ်ကူးကြရေသည်။

ပါချန်မြစ်သည် ကော့သောင်နှင့်ရနောင်းမြို့အကြားတွင် စီးဆင်းလျက်ရှိပြီး မြန်မာနှင့်ယိုးဒယား နယ်နိမိတ်နယ်စပ်မျဉ်းသည် မြစ်လယ်ခေါင်၌ ရှိလေသည်။

ပါချန်မြစ်ကို ယိုးဒယားနှင့်မြန်မာတို့ ပူးတွဲပိုင်ဆိုင်ကြခြင်းဖြစ်သည်။

ရှမ်းကမ်းဘက်သို့ ရောက်လျှင် ကော့သောင်မြို့ကို ခပ်ရေးရေးသာ လှမ်းမြင်နိုင်တော့သည်။

ရှမ်းကမ်းဘက်သို့ ရောက်ကာနီးတွင် ကျွန်းကလေးတစ်ကျွန်းကို လှမ်းမြင်နိုင်သည်။

ထိုကျွန်းကလေးမှာ ရှမ်းကမ်းဘက်သို့ သွားရောက်အလုပ်လုပ်နေကြသော မြန်မာလူမျိုးအများစု နေထိုင်ကြသော တဲငါရွာကလေးများ ရှိလေသည်။

အများအားဖြင့်တော့ ထားဝယ်နှင့် မော်လမြိုင်ဘက်မှ သွားရောက်လုပ်ကိုင်ကြသူများသည်။

ထိုကျွန်းကလေးကို လွန်သွားသောအခါမှ ရှမ်းကမ်းဘက်သို့ ရောက်နိုင်လေသည်။

ရှမ်းကမ်းသို့ ရောက်လျှင် ပထမဆုံး တွေ့နိုင်သောရွာမှာ ရှမ်းကိုးရွာတွင် ပါဝင်သော 'ဖန်ဖလ' ရွာဖြစ်သည်။

ဖန်ဆိုသည်မှာ ငါး၊ ဖလဆိုသည်မှာ တံတားဟုအဓိပ္ပါယ်ရှိသောကြောင့် ငါးတံတားရွာဟု ခေါ်ကြလေသည်။ ငါးတံတားရွာကမ်းခြေတစ်လျှောက်တွင် ငါးဖမ်းလှေ အများအပြား ဆိုက်ကပ်ထားသောကြောင့် ထိုအမည်နှင့် များစွာလိုက်ဖက်လှပေသည်။

ထိုပတ်ဝန်းကျင်မြင်ကွင်းများမှာ ကော့သောင်နှင့် ပတ်





ဝန်းကျင်တစ်ဝိုက်မှာ တွေ့မြင်နိုင်သော ပန်းချီကားတစ်ချပ်ပေါ်မှ ခြဲခြစ်ပုံကြမ်းများ၊ သို့မဟုတ် မြန်မာပြည်နယ်နိမိတ်အဆုံးမှ ကောက်ကြောင်းအချို့ပင်ဖြစ်ကြလေသည်။ ကော့သောင်၏တောင်ဘက် ပါချန်မြစ်ဝ၏အရှေ့တောင်ဘက်ယွန်းယွန်းနေရာတွင် ကျွန်းတစ်ကျွန်း ရှိလေသည်။

ယခင်က စမင်များ နေခဲ့သည်ဟု လူသိများသောကြောင့် 'စမင်ကျွန်း' ဟုပင် ခေါ်ဝေါ်ကြသည်။

ကျွန်းမှာ အတော်အတန် ကျယ်ဝန်းပြီး မြန်မာနိုင်ငံရေပိုင်နက်အတွင်း၌ ရှိလေသည်။

ထိုကျွန်းပေါ်မှာ နေသူများမှာ ငါးဖမ်းခြင်းအလုပ်တစ်ခုတည်းသာ လုပ်ကိုင်ကြလေသည်။

မြန်မာ၊ ယိုးဒယားနှင့် အခြားလူမျိုးများအပြင် ကမ်းခြေတလျှောက်တွင် ဆလုံများပါ နေကြလေသည်။ ကိုငွေသီးဆိုသူမှာ စမင်ကျွန်းတွင် နေထိုင်သူတစ်ယောက်ဖြစ်ပေသည်။

သူသည် နာမည်က ကိုငွေသီးဟု မှည့်ခေါ်ထားသော်လည်း မျိုးရိုးအစဉ်အဆက် ဆင်းရဲလွန်းသောကြောင့် ငါးဖမ်းခြင်းအလုပ်ကိုသာ အစဉ်တစိုက် လုပ်ကိုင်အသက်မွေးခဲ့ရသူဖြစ်ပေသည်။

စမင်ကျွန်းမှာ ရှေးအခါက လူသားစား စမင်များ ရှိသောကြောင့် မည်သူမှ သွားရောက်မနေဝံ့ကြသော ကျွန်းတစ်ကျွန်းဖြစ်လေသည်။

နောက်ပိုင်း တဖြည်းဖြည်းနှင့် စမင်များ ပပျောက်သွားသောအခါမှ အခြားနေရာမှ ရေလုပ်ငန်း လုပ်ကိုင်လိုသူများ တစ်စတစ်စနှင့် ရောက်လာကြခြင်းဖြစ်လေသည်။

နောက်ပိုင်း လာရောက်နေထိုင်သူ များလာသောအခါ တဖြည်းဖြည်းနှင့် ရွာဖြစ်လာလေတော့သည်။

ကိုငွေသီးဆိုသူမှာ စမင်ကျွန်းသို့ ရှေးဦးစွာ ဝင်ရောက်လာသောလူများထဲမှာ တစ်ဦးအပါအဝင်ဖြစ်လေသည်။

သူသည် အသက်(၄၅)နှစ်အရွယ်ခန့်ရှိပြီဖြစ်သော်လည်း တစ်ခါမှ ပြည့်ပြည့်စုံစုံ မနေခဲ့ရဖူးသေးပေ။ လှေဦးစိုလျှင်ဝမ်းစို၊ လှေဦးခြောက်လျှင် ဝမ်းခြောက်ရသည်ဆိုသောစကားအတိုင်း ပင်လယ်ထွက်ပြီး ငါးရှာမှ ထမင်းစားရသောဘဝမျိုးဖြစ်လေသည်။ သူ့ဘဝ၏သက်တမ်းတစ်လျှောက်မှာ ပင်လယ်ရေပြင်ပေါ်မှာသာ အချိန်ကုန်ခဲ့ရပေသည်။

ယခုလည်း ကိုငွေသီးတစ်ယောက် သူ့ဘဝတွင် တစ်ခုတည်းသော ပိုင်ဆိုင်မှုဖြစ်သည့် လှေဖြင့် ပင်လယ်ပြင်သို့ ငါးဖမ်းရန် ထွက်ခဲ့လေသည်။

ပင်လယ်ပြင်မှာလည်း ရှေးကလို မဟုတ်တော့ဘဲ သားငါးရှာဖွေသူ များလာသောကြောင့် ကျွန်းနှင့် နီးသောနေရာများတွင် ရှာဖွေပါက ငါးမရနိုင်တော့ပေ။

သို့ကြောင့် ကျွန်းနှင့် နီးသော ပင်လယ်ပြင်ထဲသို့ ရောက်အောင်သွားနိုင်သမျှ ဝေးအောင်သွားကြရလေသည်။ ယခုလည်း





ငွေသီးမှာ ငါးများများရလိုသောစိတ်ဖြင့် ပင်လယ်ထဲသို့ ရောက်နိုင်သမျှ ရောက်အောင်သွားခဲ့ပြီး ငါးဖမ်းရန် ပြင်လေသည်။

အချိန်မှာ ညဦးပိုင်းအချိန်ဖြစ်လေသည်။ ကောင်းကင်ပြင်မှာ လရောင်မရှိသော်လည်း သဘာဝ အလင်းရောင်များကတော့ ရှိနေသေးသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်လေသည်။

ပင်လယ်ပြင်သို့ ရောက်သောအခါ ကိုငွေသီးသည် ပိုက်ကို ချထားပြီးနောက် လှေပေါ်မှာ ပက်လက်လှန်ကာ အနားယူလေတော့သည်။

သူသည် ကျွန်းမှ ထွက်လာစဉ်ကပင် ယူဆောင်လာသော ဆေးပတ်လိပ်ကလေးများကို မီးညှိ၍ စိမ်ပြေနပြေ ဖွာကာ စိတ်ကူးယဉ်လျက်ရှိနေသည်။ ပက်လက်အနေအထားတွင် မျက်နှာချင်းဆိုင် ဖြစ်နေသော ကောင်းကင်ပြင်ကြီးမှာ သူ့အတွက် စိတ်ကူးယဉ်စရာ နေရာတစ်ခုပင်ဖြစ်နေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်စပြုနေလေပြီ။

ထိုအချိန်တွင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုကြောင့် ကိုငွေသီး၏အတွေးစများ ပြတ်တောက်သွားရလေသည်။ အခြားမဟုတ်ပေ။

သူ့နားထဲမှာ သင်္ဘောတစ်စင်း၏စက်သံကို ကြားလိုက်ရခြင်းပင်ဖြစ်သည်။

ကျယ်ပြန့်သော ပင်လယ်ပြင်မှာ သင်္ဘောစက်သံ ကြားနေရခြင်းမှာ အဆန်းတော့ မဟုတ်ပေ။

ယခုတော့ နည်းနည်းတော့ ထူးဆန်းသလိုဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ကြားနေရသောစက်သံက သူ့လှေရှိရာနှင့် တဖြည်းဖြည်းနှင့် နီးလာသောကြောင့်ဖြစ်သည်။

ကိုငွေသီးသည် ကပျာကယာ လူးလဲထပြီး အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်သည်။

"အလိုလေး"

မီးရောင်များ လင်းထိန်နေသော သင်္ဘောတစ်စင်းက သူ့လှေရှိရာဘက်သို့ ဦးတည်၍ ခုတ်မောင်းလာနေလေသည်။ လှေရှိရာနှင့်ပင် မဝေးလှတော့ပေ။

ထိုအခါမှ လှေဝမ်းထဲမှာ ပါလာသော မီးအိမ်ကို မီးထွန်းရန် ပြင်ရတော့သည်။

ပထမတော့ ရေနံဆီ ကုန်မည်စိုးသဖြင့်မီးအိမ်ကို မထွန်းဘဲ ထားရာမှ ယခုကဲ့သို့ အရေးကြုံလာတော့မှ မီးထွန်းရန် ပြင်ရတော့သည်။

စိုးရိမ်စိတ် များနေသောကြောင့် မီးခြစ်က ရှာမတွေ့၊ တွေ့ပြန်တော့လည်း တော်တော်နှင့် မီးခြစ်မရဘဲနှင့် အတန်ကြာအောင် ဖြစ်နေပြီးမှ မီးထွန်း၍ရသည်။

ထိုအခါမှ မီးအိမ်ကို လက်မှ ကိုင်ပြီး မတ်တတ်ရပ်ကာ





မြှောက်ပြလေသည်။

ပါးစပ်မှလည်း အသံကုန် ဟစ်အော်လိုက်သေး။

"ဒီမှာ. . ဒီမှာ. . ဒီဘက်မှာ လှေရှိတယ်"

မီးအိမ်ကို မြှောက်ပြရင်း အသံကုန်အောင် ဟစ်အော်နေသော်လည်း မရတော့ပေ။

မီးရောင်များ လင်းထိန်နေသောသင်္ဘောက သူ့လှေရှိရာသို့ တည့်တည့်ကြီး ဝင်လာပြီး ခါးလယ်မှ တိုက်ချလိုက်လေတော့သည်။

"ဝုန်း. . . "

"အား. . "

ကိုငွေသီး၏ လှေမှာ နှစ်ပိုင်းပြတ်ထွက်သွားသောကြောင့် လှေတခြား လူတခြား ဖြစ်ကာ ရေထဲ ရောက်သွားလေတော့သည်။

ထိုအခါမှ မိမိလှေကို ဝင်တိုက်သွားသောသင်္ဘောကို လှမ်းကြည့်လိုက်သည်။

မီးရောင်များ လင်းထိန်နေအောင် ထွန်းထားသော်လည်း သင်္ဘောပေါ်မှာ လူတစ်ယောက်မှ မတွေ့ရပေ။

ကိုငွေသီးမှာ ပင်လယ်ရေပြင်မှာ ကယ်မယ့်သူ ဝေးခဲ့ရချေပြီ။








# အခန်း(၃)

# ငယ်ပေါင်းကြီးဖက် အပြီးမပျက်စေချင်

စမင်ကျွန်းပေါ်မှာ နေသော ကိုငွေသီးတစ်ယောက် ရွာသို့ ပြန်မရောက်လာသည်မှာ ရက်အတန်ကြာသွားပေပြီ။ ၎င်း၏ မိသားစုများကသာ စိတ်ပူပန်နေကြသော်လည်း ကျွန်းလုပ်သမားများကတော့ အထူးအဆန်း မဖြစ်ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . . .

ပင်လယ်ပြင်သို့ ထွက်၍ အလုပ်လုပ်ကြသူတိုင်း သေမင်းနှင့် နီးနီးကပ်ကပ် အလုပ်လုပ်နေကြရသောကြောင့်ပင် ဖြစ်၏။ ပင်လယ်ပြင်တွင် လူ့အသက်ကို သေစေနိုင်သောအန္တရာယ်

မျိုးစုံတို့ ရှိကြလေသည်။ လေပြင်းမုန်တိုင်းများ၊ ကြောက်မက်ဖွယ်ကောင်းသော လှိုင်းလုံးကြီးများ၊ လူတစ်ယောက်ကိုသာမက လှေတစ်စင်း၊ သင်္ဘောတစ်စင်းကိုပင် အန္တရာယ်ပေးနိုင်သည့် ရေသတ္တဝါကြီးများရန်စွယ်နှင့် ရေကြောင်းမှားပြီး ပြန်မလာနိုင်တော့သော အန္တရာယ် စသည်တို့မှာ ပင်လယ်ပြင်သို့ ထွက်ပြီး သားငါးရှာဖွေနေကြသူများအဖို့ တစ်မျိုးမဟုတ်တစ်မျိုး တွေ့ကြုံကြရတတ်ပေသည်။ ထိုသို့ တွေ့ကြုံသည်နှင့် အချို့လည်း ကံကောင်းထောက်မစွာဖြင့် အသက်မသေဘဲ လွတ်မြောက်ခဲ့ကြသည်။ အချို့မှာ ကယ်မည့်သူနှင့် တွေ့ကြရသည်။ အချို့မှာတော့ ပြန်လမ်းမရှိသောဘဝသို့ ရောက်သွားကြလေတော့သည်။ သို့ကြောင့် ကိုငွေသီးတစ်ယောက် ရွာသို့ ပြန်မရောက်တာ ရက်အတန်ကြာသော်လည်း ၎င်း၏မိသားစုများမှလွဲပြီး ကျန်လူများကတော့ သတင်းတစ်ခုအနေနှင့်သာ ပြောကြသည်။

"ကိုငွေသီးတစ်ယောက် ပင်လယ်ထွက်တာ ရက်အတော်ကြာပြီ၊ ပြန်ရောက်မလာဘူး ဆိုပါလား "

"မသေရင်တော့ တစ်နေ့ပြန်ရောက်လာမှာပေါ့၊ သေသွားရင်တော့ မလာနိုင်တော့ဘူးပေါ့"

အလုပ်သမားအချင်းချင်း တွေ့လျှင် ထိုမျှလောက်သာ ပြောဆိုကြလေသည်။

အရက်သောက်သူကလည်း အသောက်မပျက်၊ ပင်လယ်ထွက်သူကလည်း ပင်လယ်ထွက် မပျက်ကြပေ။ နံနက်စော





စောပိုင်းအချိန်တွင် ကော့သောင်ဘက်မှ လာသော စက်လှေတစ်စင်း စမင်ကျွန်းသို့ ရောက်လာသည်။ ထိုစက်လှေပိုင်ရှင်မှာ ကော့သောင်မှာ နေကြသည့် ဦးထန်ဖုန်းရှိန်တို့မိသားစု ပိုင်သော စက်လှေဖြစ်ပြီး ငါးပုစွန်ယူရန် ဆင်းလာကြခြင်းဖြစ်သည်။ ဦးထန်ဖုန်းရှိန်မှာ ငါးဒိုင်လုပ်ငန်းကို အကြီးအကျယ် ပြုလုပ်နေသူများဖြစ်ပြီး ကော့သောင်နှင့် အနီးတစ်ဝိုက်ရှိ ကျွန်းများတွင် ၎င်းတို့ထံမှ ငွေယူ၍ အလုပ်လုပ်နေကြသူ အတော်များများရှိသည်။

၎င်းက ငါးဖမ်းလှေနှင့် အလုပ်သမားများကို ကြိုတင်ငွေပေးထားပြီး ရရှိသော ငါးပုစွန်များကို ၎င်းတို့ထံမှာ ပေးသွင်းရသည်။ ယူထားသောငွေ မကြေလျှင် နောက်တစ်နှစ် ဆက်၍ဆပ်ကြရသည်။ ဦးထန်ဖုန်းရှိန်မှာ စီးပွားရေး လာဘ်မြင်သူဖြစ်သဖြင့် ငါးဖမ်းစက်လှေအချို့နှင့် မြိတ်နှင့်ကော့သောင် ပြေးဆွဲနေသော ခရီးသည်တင် စက်လှေများပါ ထူထောင်ထားသော လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ ၎င်းတွင် သမီးတစ်ယောက်ရှိပြီး နာမည်က မြနှင်းဖြူ ဖြစ်သည်။

မြနှင်းဖြူမှာ အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး လှပချောမောကာ သွက်လက်ချက်ချာသူတစ်ဦးဖြစ်လေသည်။ သူမသည် ဖခင်၏အလုပ်ကို မန်နေဂျာတစ်ဦးသဖွယ် စီမံအုပ်ချုပ်နိုင်သူဖြစ်သည်။

၎င်း၏လက်ထက်တွင် ကျော်စွာဆိုသော မန်နေဂျာတစ်ယောက်နှင့် သံပချိုင်ဆိုသော အလုပ်သမားခေါင်းဆောင်တို့

ရှိကာ စက်လှေနှင့် ပတ်သက်သောအလုပ်သမားများ၊ ငါးဖမ်းရာတွင် ကျွမ်းကျင်သော အလုပ်သမားများစွာတို့လည်း ရှိကြလေသည်။

ယနေ့ စမင်ကျွန်းသို့ ရောက်လာသောစက်လှေကို ဦးဆောင်လာသူမှာ သံပချိုင်ဖြစ်သည်။ သံပချိုင်မှာ ယိုးဒယားကပြားတစ်ဦးဖြစ်ပြီး အပြောအဆို အပြုအမူ ခက်ထန်မာကျောသူဖြစ်သည်။ သူသည် ထိုကျွန်းမှာ နေကြသူများထဲမှ ၎င်းတို့ထံမှ ငွေကြိုတင်ယူထားသူများကို စာရင်းနှင့်တကွ မှတ်ယူလာလေသည်။

ထိုကဲ့သို့ ငွေကြိုတင်ယူထားသောသူများထဲမှာ ဦးမွန်ထော်နှင့် မြဝင်းသူတို့သားအဖလည်း ပါလေသည်။

မြဝင်းသူမှာ အသက်(၁၉)နှစ်အရွယ်ခန့်ရှိပြီး ချောမောပြေပြစ်သူတစ်ဦးဖြစ်သော်လည်း အရွယ်နှင့် မမျှအောင် ခက်ထန်ကြမ်းတမ်းသောအလုပ်များကို လုပ်ကိုင်နေရသူဖြစ်သည်။ သူမသည် သားအဖနှစ်ယောက်တည်း ရှိသောဘဝတွင် ဖခင်ဖြစ်သူ ဦးမွန်ထော်နှင့်အတူ ပင်လယ်ထွက်ကာ အလုပ်လုပ်နေရသူဖြစ်သည်။ ယခုလည်း ကော့သောင်မှ ငါးဒိုင်စက်လှေ ရောက်လာပြီဆိုသောသတင်း ကြားသည်နှင့် စုဆောင်းထားသော ငါးခြောက်၊ ပုစွန်ခြောက်နှင့် ငါးပုစွန်များကို တဲရှေ့တွင် စုပုံကာ အဆင်သင့် ပြုလုပ်ထားသည်။ စက်လှေဆိုက်ပြီး မရှေးမနှောင်းမှာ သံပချိုင်နှင့် အလုပ်သမားအချို့ ရောက်လာသည်။ သံပချိုင်





မှာ ထိုရွာသို့ ရောက်သည်နှင့် အခြားနေရာများသို့ မသွားသေးခင် ဦးမွန်ထော်တို့နေရာသို့ အရင်ဆုံး ရောက်အောင်လာရခြင်းမှာ မြဝင်းသူကို သဘောကျနေသောကြောင့်ဖြစ်သည်။ မြဝင်းသူကတော့ သံပချိုင်ဆိုသူကို တစ်စက်ကလေးမှ သဘောမကျပေ။ သံပချိုင်က လက်ထဲမှာ ပါလာသော စာရင်းစာအုပ်ကို ဟန်ပါပါကြည့်ရင်း လေသံခပ်ဝဲဝဲနှင့် ပြောလိုက်လေသည်။

"မြဝင်းသူ. . . ဒီတစ်ခါ ပုစွန်ရတာ နည်းလှချည်လား"

"ရေထဲမှာ ရှိတဲ့ ငါးပုစွန်ဆိုတာ ကိုယ့်မျက်စိနဲ့ မြင်ရတာမှ မဟုတ်တာ၊ ပိုက်ထဲ ပါလာသလောက်ပဲ ရမှာပေါ့"

လေသံမာမာနှင့် ပြန်ပြောလိုက်သော မြဝင်းသူစကားကြောင့် သံပချိုင်မှာ မျက်နှာပျက်သွားသည်။ အလုပ်သမားများရှေ့မှာ ထိုသို့အပြောခံရသဖြင့်လည်း ရှက်သွားဟန်ရှိလေသည်။

"နင်တို့သားအဖ ယူထားတဲ့ငွေက အများကြီးရယ်၊ ဒီပုံအတိုင်းဆိုရင် ဘယ်တော့ ကျေကြမှာလဲ"

"သူများဆီက ငွေယူထားပြီးရင် မကျေကျေအောင် ဆပ်ရမယ်ဆိုတာ သိပါတယ်၊ စားစရာ မကျန်ရင်တောင်မှ ကျေအောင် လုပ်ဆပ်မှာပါ"

"နင်က လူကသာ ဆင်းရဲနေတာ၊ မာနကတော့ အတော်ကြီးတယ်"

"လူဆိုတာ ဆင်းရဲရင် အထင်သေးချင်ကြတယ်၊ အပေါ်စီးက ဆက်ဆံချင်ကြတယ်၊ ကျွန်မတို့က လူဆင်းရဲပေမယ့် ရှိ

သင့်တဲ့မာနမျိုးတော့ ထားမှ တန်ကာကျမယ်"

ဟု ချက်ကျလက်ကျ ပြန်ပြောတော့မှ သံပချိုင်၏ လေသံက ပြောင်းသွားလေတော့သည်။

"ငါက နင့်ကို ခင်လို့ တမင်စတာပါဟာ၊ ဒီလောက်လည်း ဒေါသဖြစ်မနေပါနဲ့၊ ကဲ. . ကဲ. . . ကုန်နည်းတာလည်း နည်းပေ့ါ၊ ငွေအသုံးလိုရင် ထပ်ယူထားလိုက်ဦးမလား၊ သူဌေးကဘာမှ မမှာလိုက်ပေမယ့် ငါ့ကို သဘောကျအတိုင်း လုပ်ခွင့်ပေးထားတာဆိုတော့ ပေးပိုင်ခွင့်ရှိပါတယ်၊ ဘယ်လောက်ယူမလဲ"

သံပချိုင်က ဟန်ပါပါ အမူအယာဖြင့် မေးလိုက်သည်။ ထိုအခါ မြဝင်းသူက ဘာမှမပြောတော့ပဲ မနီးမဝေးမှာ ရပ်နေသော ဦးမွန်ထော်ကိုသာ တစ်ချက်ကြည့်လိုက်လေသည်။

"မယူတော့ပါဘူး မောင်ရယ်၊ အခုလိုပြောတာ ကျေးဇူးတင်ပါတယ်"

ဟု ဦးမွန်ထော်က လှမ်းပြောသည်။

"ခင်ဗျားတို့ကလည်း ပေးတဲ့သူက ပေးပါမယ်ဆိုတာတောင် မယူဘူးလို့ ငြင်းချင်သေးတယ်၊ တခြားလူတွေဆိုရင် ကြိုတင်ငွေ လိုချင်ကြလွန်းလို့ အတင်းလာပြောနေကြတာဗျ. . သိရဲ့လား"

ဦးမွန်ထော်ကရော မြဝင်းသူကပါ နောက်ထပ် ဘာမှ ပြန်ပြောမနေတော့ပဲ လုပ်စရာရှိသောအလုပ်များကိုသာ လုပ်နေကြသောကြောင့် သံပချိုင်လည်း ရှူးရှူးရှားရှားနှင့်ပင် တဲရှေ့မှ





ပြန်ထွက်သွားကြလေတော့သည်။ သံပချိုင်နှင့် အလုပ်သမားများ သွားသောတဲမှာ ယခုထိ ရွာသို့ ပြန်မရောက်လာသေးသော ကိုငွေသီး၏တဲပင် ဖြစ်လေသည်။ ထိုတဲတွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်လည်း ရောက်နေကြသည်။ နီမောင်တို့က ကိုငွေသီးနှင့် ပင်လယ်အတူတူထွက်ဖော်များဖြစ်ကြသဖြင့် သတင်းလာမေးရင်းနှင့် ရောက်နေကြခြင်းဖြစ်သည်။ ကိုငွေသီး၏မိန်းမ မခင်ရွှေမှာ ကလေးသုံးယောက်နှင့် ကျန်နေခဲ့ခြင်းဖြစ်ပြီး သေသလား ရှင်သလား မသိရသေးသော ယောကျ်ားအတွက် သောကမအေးရအောင် ရှိနေကြသည်။

ပင်လယ်ပြင်ထွက်သူတို့၏ဇနီးသားသမီးတို့မှာ ရှေ့တန်းစစ်မြေပြင် ထွက်ကြရသော စစ်သားများ၏ဇနီးသားသမီးတို့နှင့် ဘဝအတူတူပင် ဖြစ်ကြလေသည်။ အိမ်မှ ထွက်သွားပြီး အချိန်တန်၍ ပြန်မရောက်လာလျှင် သက်ပြင်းတချချ ရင်တမမနှင့် ဖြစ်နေကြရရှာသည်။ ထိုအချိန်မျိုးမှာ မကောင်းသတင်းများ၊ သတင်းဆိုးများက အချိန်မရွေး ရောက်လာနိုင်ပေရာ အိမ်ရှေ့ တဲရှေ့သို့ လူတစ်ယောက်က ရပ်လိုက်လျှင်ပင် ရင်ဖိုနေကြရသည့်ဘဝမျိုးဖြစ်သည်။ ယခုလည်း ကလေးသုံးယောက်နှင့် ကျန်ခဲ့သော မခင်ရွှေခမျာ ပင်လယ်ထွက်သွားသော ယောကျ်ားမှာ ပြန်ချိန်တန် ပြန်မရောက်လာသေးသောကြောင့် ရင်တမမနှင့် ရှိနေလေသည်။ ထိုအချိန်မှာ နီမောင်တို့သုံးယောက် ရောက်လာပြီး ဆန်နှင့် အခြားစားသောက်စရာအချို့ ပေးရင်း အားပေး

စကားပြောနေကြသည်။

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ အစ်မရယ်၊ ပင်လယ်ထွက်တယ်ဆိုတာကတော့ ဒီလိုပါပဲ၊ မမျှော်လင့်တဲ့အကြောင်းတွေ ပေါ်လာရင် အခုလိုပဲ ခရီးကြန့်ကြာတတ်ပါတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်မတို့က သူ့ကို အားကိုးပြီးတော့ ဒီနေရာအထိ လိုက်လာကြတာဆိုတော့ တကယ်လို့ ကိုငွေသီးက တစ်ခုခု ဖြစ်သွားရင်တော့ ဒုက္ခပါပဲကွယ်"

မခင်ရွှေက ပြောရင်းနှင့်ပင် မျက်ရည်များ ဝဲလာသောကြောင့် ပုဆိုးအဟောင်းဖြင့် တို့သုတ်နေရှာသည်။

"ဘာမှ အားမငယ်ပါနဲ့ အစ်မရယ်၊ မပြောကောင်း မဆိုကောင်း ကိုငွေသီးတစ်ယောက် တစ်ခုခု ဖြစ်သွားခဲ့ရင်တောင် ကျွန်တော်တို့တွေ အစစအရာရာ ဝိုင်းပြီး အကူအညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ငါ့မောင်တို့ရယ်"

ထိုသို့ပြောနေရင်းမှာပင် တဲရှေ့သို့ သံပချိုင်နှင့် အလုပ်သမားများ ရောက်လာကြသည်။

"ကဲ. . . ခင်ဗျားတို့ကရော၊ ယူထားတဲ့အကြွေးက အတော်များနေပြီ၊ တစ်နှစ်လည်း မကြေ နောက်တစ်နှစ်လည်း မကြေနဲ့၊ ဘယ်တော့ ကြေအောင်ဆပ်မှာလဲ၊ ဒီတစ်ခေါက်ရော ကုန်ဘယ်လောက်သွင်းမှာလဲ"





"ဒီတစ်ခေါက်တော့ ကုန်မသွင်းနိုင်သေးပါဘူး ကိုယ်စားလှယ်လေးရယ်၊ ကျွန်မယောကျ်ား ပင်လယ်ထွက်သွားတာ အခုထိ ပြန်မရောက်လာသေးလို့ပါ၊ သူပြန်ရောက်လာရင်တော့ စားဖို့မကျန်ရင် နေပါစေ၊ ပေးစရာရှိတဲ့ကြွေးတော့ ကြေအောင်ဆပ်ပေးပါ့မယ်"

"ခင်ဗျားတို့က ပိုက်ဆံသာ မရှိတယ်၊ ဉာဏ်တော့ အတော်များတယ်၊ ရသမျှကုန်တွေက ခင်ဗျားယောကျ်ား ဖဲရိုက်အရက်သောက်ပစ်လို့ ကုန်ပြီ မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့လာမယ့်ရက်မှာ ပင်လယ်ထွက်ပြီး တမင်ရှောင်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးရှင် . . . မယုံရင် သူတို့ကို မေးကြည့်ပါ"

မခင်ရွှေက နီမောင်တို့ကို တိုင်တည်ပြောသည်။

"ဟုတ်ပါတယ်ဗျာ. . . သူ့ယောကျ်ား ပင်လယ်ထွက်လို့ ပြန်မရောက်သေးတာ အမှန်ပါပဲ"

"မင်းတို့ကလည်း တစ်ကြိတ်တည်း တစ်ဉာဏ်တည်းဆိုတော့ ဒီလိုပဲ ပြောမှာပေါ့"

ထိုစကားကြားသောအခါ နီမောင် ရှေ့သို့ ထွက်သွားပြီး သံပချိုင်နှင့် မျက်နှာချင်းဆိုင်မှာ ရပ်လေသည်။

"ကျုပ်တို့က ဆင်းရဲလို့ ပင်လယ်ထွက်ပြီး အလုပ်လုပ်နေကြရပေမယ့် ခင်ဗျားထင်သလို ယုတ်မာတဲ့စိတ်မျိုးတော့ မရှိကြပါဘူး၊ တကယ်လို့ ကျုပ်တို့ပြောတာကို လက်မခံရင်တော့လည်း

ခင်ဗျားသဘောပဲပေါ့၊ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်မယ်၊ တကယ်လို့ ကိုငွေသီး ပြန်မရောက်လာခဲ့ရင်တောင်မှ ခင်ဗျားတို့ ရစရာရှိတာတွေ တစ်ပြားမှ မဆုံးစေရဘူး၊ စိတ်သာ ချနေပါ"

"ဘယ်သူက စိုက်ဆပ်မှာလဲ"

"ကျုပ်ဆပ်မှာပါ. . . ကျုပ်နာမည် နီမောင်လို့ ခေါ်တယ်၊ စာရင်းမှာ သေသေချာချာ မှတ်ထားလိုက်ပါ"

"ဒါဖြင့်လည်း ပြီးရော"

သံပချိုင်က ရှေ့ဆက်မပြောသာတော့သဖြင့် ထိုနေရာမှ ဒေါသတကြီး ပြန်ထွက်သွားလေတော့သည်။ နီမောင်နှင့်အတူ လက်တွဲနေကြသော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က တော့ တစ်သက်လုံး လက်တွဲလာခဲ့သော နီမောင်စိတ်သဘော ကို သိထားပြီးကြသောကြောင့် ထွေထွေထူးထူး ဝင်ရောက်ပြော ဆိုခြင်း မပြုကြတော့ပေ။

နေ့လယ်ဘက်အချိန်တွင် နီမောင်တစ်ယောက်ထည်း တဲရှေ့မှာ ရှိသော သစ်ပင်ရိပ်အောက်မှာ ပေါက်ပြဲနေသော ပိုက်များကို ထိုင်ဖာနေလေသည်။ ပိုက်များကို သစ်ပင်အမြင့်မှာ တန်းထိုး၍ ချိတ်ဆွဲထားကာ သဲပြင်ပေါ်မှာ ကျကျနန ထိုင်ကာ ဖာနေခြင်းဖြစ်သည်။ ထိုအချိန်တွင် သူရှိရာသို့ မြသင်းကြူ ရောက်လာသည်။

"နီမောင်. . . ဒီကနေ့ နင် ပင်လယ်မထွက်ဘူးလား"

"အော်. . . မြသင်းကြူပါလား၊ ပိုက်တွေ ပေါက်ပြဲနေ





တာ များနေတော့ ဖာနေရတာနဲ့ ညမှပဲ ထွက်နိုင်တော့မယ် ထင်ပါရဲ့ဟာ၊ နင် ဘယ်က ပြန်လာတာလဲ မြသင်းကြူ"

"ရွာလယ်ပိုင်းက ကုန်ကြွေးသိမ်းပြီး ပြန်လာတာ၊ မနက် က နင်ဘာဖြစ်တာလဲ"

"ဟင်. . . ငါဘာဖြစ်လို့လဲ"

"ဟို. . . သံပချိုင်တို့နဲ့လေ"

သည်တော့မှ သဘောပေါက်သွားတော့သည်။

"ဘာမှမဖြစ်ပါဘူးဟာ. . . ငါ့မျက်စိရှေ့မှာ ဒုက္ခရောက် နေတဲ့သူကို မတရား ပြောဆိုနေတာနဲ့ ဝင်ပြောမိတာပါ"

ထိုစကားကြားတော့ မြသင်းကြူက သဘောကျစွာ ပြုံး နေလေသည်။

"နင်ကတော့ အရင်အတိုင်းပါပဲ၊ ဒါနဲ့ပဲ သူတို့ ပေးစရာ ရှိတဲ့ကြွေးတွေကို ဆပ်ပေးမယ်လို့ ဝင်ပြောလိုက်ရော မဟုတ် လား"

"ဟုတ်တယ်. . . နင့်ကို ဘယ်သူပြောတာလဲ"

"စောထီးတို့နဲ့ တွေ့လို့ သူတို့ပြောပြလို့ သိရတာ၊ ဒါ ထက် နေပါဦး၊ ကိုယ်နဲ့မဆိုင်တဲ့ကြွေးတွေကို တကယ်ရော ဆပ် ပေးမှာလို့လား"

"စားစရာမကျန်ရင် နေပါစေ၊ ပြောထားတဲ့ကတိစကား တော့ ဘယ်တော့မှ အပျက်မခံဘူး၊ တကယ်ဆပ်ပေးမှာပါ"

"ဒါထက် ကိုငွေသီးကရော ဘယ်လိုဖြစ်တာတဲ့လဲ"

"ငါလည်း ဘယ်သိပ့်ါမလဲ မြသင်းကြူရယ်၊ ပင်လယ်ပြင်ထွက်ရတဲ့ဘဝတွေဆိုတာ ဒီလိုမျိုးပဲပေါ့"

"နင်လည်း အလုပ်လုပ်တာ ဂရုစိုက်ဦးနော်၊ တော်ကြာ ပင်လယ်ထွက်ရင်းနဲ့ မတော်တဆ တစ်ခုခုဖြစ်သွားရင် သူများအတွက် ပေးစရာရှိတဲ့ကြွေးတွေ မပေးနိုင်ဘဲ ဖြစ်နေဦးမယ်"

ဟု ပြောဆိုကာ မြသင်းကြူက သူ့အနီးမှ ပြန်ထွက်သွားလေသည်။

နီမောင်စိတ်ထဲမှာတော့ မြသင်းကြူတစ်ယောက် မည်ကဲ့သို့သော ရည်ရွယ်ချက်နှင့် ယခုလို ပြောသွားသည်ကို နားမလည်စွာနှင့်ပင် ကျန်ခဲ့လေသည်။

မြသင်းကြူမှာ အသက်(၂၀)ဝန်းကျင်အရွယ်ရှိပြီး ရုပ်ရည်ချောကာ သဘောမနောဖြူစင်သူဖြစ်သည်။

စမင်ကျွန်းကို အုပ်ချုပ်နေသော ရွာလူကြီးဇမုန်းထန်၏ သမီးဖြစ်ပေသည်။ နီမောင်နှင့်မြသင်းကြူက ငယ်စဉ်ကတည်းက ခင်မင်ခဲ့ကြပြီး တစ်ယောက်အကြောင်း တစ်ယောက်သိကြသူများလည်း ဖြစ်သည်။

နီမောင် နားမလည်နိုင်သောအချက်က မြသင်းကြူ၏ အတွင်းသဘော လျှို့ဝှက်ချက်အချို့ပင်ဖြစ်ပေတော့သည်။







# အခန်း(၄)

# မာယာများသော ပင်လယ်ရေပြင်များ

စမင်ကျွန်းမှာ ကျယ်ဝန်းသောကျွန်းကြီးတစ်ကျွန်းဖြစ်ပြီး အတွင်းပိုင်းတွင် သစ်တောနှင့် တောင်ကုန်းများ ရှိသည်။ ကျွန်း၏တောင်ဘက်၊ အနောက်ဘက်နှင့် အရှေ့ဘက်အခြမ်းမှာတော့ လူနေခြင်း မရှိကြပေ။

အဘယ်ကြောင့်ဆိုသော် ရာသီဥတုပြင်းထန်သော မိုးရာသီ ရောက်လာလျှင် လေမိုး မုန်တိုင်းများက တောင်ဘက်၊ အနောက်တောင်ထောင့်ဘက်မှ အဝင်များသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ရွာတည်ထားသောဘက်မှာ မြောက်ဘက်အခြမ်း၌ဖြစ်သည်။

သဘာဝအတိုင်း လေမိုးနှင့် ရေလှိုင်းများက တောင်ဘက်မှ လာကြသည်ဖြစ်ရာ ကျွန်း၏တောင်ဘက် လှိုင်းဒဏ်ရေဒဏ် ခံနိုင်သော ကျောက်ဆောင်ကျောက်တန်းများ ရှိပြီး သောင်ပြင်အနည်းငယ်သာ ခံရသော ကျွန်း၏မြောက်ဘက်အခြမ်းဘက်မှာတော့ မျက်စိတဆုံး ကျယ်ပြန့်သော သောင်ပြင်သောင်တန်းများ ရှိပေသည်။ သောင်တန်းများအထက်ပိုင်းတွင် ရွာတန်းများ ရှိကြသည်။

ကျွန်းပေါ်၌ ရွာတည်၍ နေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းအတော်ကြာပြီဖြစ်သောကြောင့် အုန်းပင်များမှာ အတော်မြင့်နေကြပေပြီ။

ရွာနှင့် မနီးမဝေး သောင်ပြင်များအပေါ်မှာတော့ ငါးခြောက်၊ ပုစွန်ခြောက် လှမ်းသောစင်များ၊ မှျင်ငပိ နေလှမ်းသောဖျာကြမ်းများ၊ ပိုက်လှမ်းသောစင်များမှာ နေရာအနှံ့အပြား၌ တွေ့ရပေမည်။

အဝေးမှ လှမ်းကြည့်ပါက စုတ်ချက်ကြမ်းကြမ်းနှင့် ပုံကြမ်းလောင်းထားသော ပန်းချီကားတစ်ချပ်နှင့် သဏ္ဌာန်တူလေသည်။

ရေစပ်မှာလည်း အစီအရီ ဆိုက်ကပ်ထားသော ငါးဖမ်းလှေများ ရှိသည်။





အများအားဖြင့်တော့ လောင်းလှေပုံသဏ္ဌာန် ပြုလုပ်ထားသော သစ်သားဖြင့် ပြုလုပ်ထားသော လှေများဖြစ်ပြီး အချို့က ပဲ့ပိုင်းဘက်မှာ ပေါင်းမိုးပါသည်။ အချို့က မပါပေ။

လှေဦးပိုင်းမှာတော့ အဝေးမှ လှမ်းမြင်နိုင်အောင် စိုက်ထားသည့် မီးအိမ်ချိတ်သောတိုင်များနှင့် အမှတ်အသားပါသော အလံတိုင်များ စိုက်ထူထားသည်။ လှေတစ်စင်းနှင့် ပင်လယ်ထွက်ရာတွင် လှေပေါ်မှာ အနည်းဆုံး လူနှစ်ယောက် သုံးယောက် ပါကြသဖြင့် သောက်ရေနှင့် စားစရိတ်များကို ပေါင်းမိုးအတွင်းမှာ ထားကြသည်။

အများအားဖြင့်တော့ ရေထည့်သောတိုင်ကီများကို ဂရုစိုက်ပြီး ယူဆောင်သွားရသည်။

ပင်လယ်ပြင်မှာ စားသောက်စရာ ရိက္ခာထက် သောက်ရေက ပိုပြီးအရေးကြီးသည်။

သောက်ရေမရှိလျှင် ဘာမှ လုပ်မရတော့ပေ။

အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် ပင်လယ်ပြင်မှာ မျောပါနေပါက စားစရာ မရှိပါက ငါးပုစွန်အစိမ်းများကို ဖမ်းဆီးစားသောက်ပြီး အသက်ရှင်နိုင်သေးသည်။

သောက်ရေကုန်သွားလျှင်တော့ ပင်လယ်ရေငန်များကို သောက်မရသောကြောင့် အသက်သေဖို့သာ များတော့သည်။

"ဖောင်စီးရင်း ရေငတ်" ဆိုသောစကားပုံမှာ ပင်လယ်ခရီးသွားများအတွက် ရည်ညွှန်းထားခဲ့သောစာပင် ဖြစ်ပေသည်။

ထို့ကြောင့် ပင်လယ်ခရီးသွားများသည် သောက်ရေထည့်သောပုံးများ၊ ရေတိုင်ကီများကို အသက်နှင့်လဲ၍ စောင့်ရှောက်ကြရသည်။

စက်လှေများ သင်္ဘောများက သောက်ရေကို ရေတိုင်ကီ စည်ပိုင်းများနှင့် ထည့်ပြီး ငါးဖမ်းလှေများကတော့ လေးထောင့်သံပုံးများနှင့် ယူဆောင်ကြလေသည်။

နောက်ပိုင်း ယိုးဒယားဘက်မှ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသောပုံးကြီးများ ပေါ်လာသောအခါ ထိုပုံးကြီးများဖြင့် အလွယ်တကူ ယူဆောင်သွားကြလေသည်။

ပလတ်စတစ်ပုံးများ ပေါ်လာခြင်းမှာ ပင်လယ်ထွက်သူများအတွက် များစွာအထောက်အကူ ရစေသည်။

ရေထည့်ရန်အတွက်သာမက ပင်လယ်ပြင်မှာ လှေနစ်သွားပါက ထိုပလတ်စတစ်ပုံးကို ဖက်ပြီး ရေပေါ်မှာ အချိန်အတော်ကြာ နေနိုင်ကြသည်။

တစ်နေ့လုံး တိတ်ဆိတ်ငြိမ်သက်နေသော စမင်ရွာကလေးမှာ ညနေပိုင်းအချိန်သို့ ရောက်သောအခါ ပြန်လည်အသက်ဝင်စ ပြုလာချေပြီ။

ငါးရှာထွက်မည့်သူများ ပြင်ဆင်ကြလေပြီ။

ကလေးများအသံ၊ အချင်းချင်း အော်ဟစ်ခေါ်သံများဖြင့် ဆူညံနေတော့သည်။

ဇနီးသားသမီး ရှိသူများက ယူဆောင်သွားမည့်ပစ္စည်း





များကို ကူညီသယ်ပေးကြသည်။

ယောကျ်ားများက ပိုက်အစရှိသော ငါးဖမ်းကိရိယာများကို ထမ်းပြီးဆင်းသွားလျှင် မိန်းမနှင့်ကလေးများက စားစရိတ်ထည့်သော တောင်းများ၊ ရေပုံးများကို ရွက်ကာ နောက်မှ လိုက်လာကြသည်။

တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ပြောဆိုသံများမှာလည်း ဆူညံနေတော့သည်။

နီမောင်တို့လို သားမယား မရှိသော လူလွတ်များကတော့ ကိုယ့်အထုပ် ကိုယ်ထမ်းကာ ဆင်းကြရသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက် ကမ်းသို့ဆင်းလာသောအခါ သူတို့အရင် ရောက်နှင့်နေကြသော ဦးမွန်ထော်နှင့် မြဝင်းသူတို့သားအဖကို တွေ့ကြရသည်။

"နီမောင် နောက်ကျလှချည်လား၊ နှုတ်ဆက်ရမယ့်လူတွေဆီ ဝင်နေရတာနဲ့ နောက်ကျနေကြတာ ထင်တယ်"

တွေ့လျှင်တွေ့ချင်း မြဝင်းသူက စကားနာထိုးလေသည်။

"ငါက ဘယ်သူ့ ဝင်နှုတ်ဆက်စရာရှိလို့လဲ"

"မသိဘူးလေ. . . နင်က နှုတ်မဆက်ချင်ပေမယ့် နှုတ်ဆက်ခံချင်တဲ့လူက ရှိချင်ရှိနေမှာပေါ့"

မြဝင်းသူက နီမောင်နှင့်မြသင်းကြူတို့အကြောင်းကို သိတန်သလောက် သိနေသောကြောင့် ထိုကဲ့သို့ မခံချင်အောင်

ပြောနေခြင်းဖြစ်သည်။

"ငါ့လို ထမင်းတစ်လုတ်တောင် အနိုင်နိုင် ရှာစားနေရတဲ့သူမျိုးကို ဘယ်သူက အရေးစိုက် နှုတ်ဆက်တာ ခံချင်ပါ့မလဲ မြဝင်းသူရယ်"

"မသိရင်ခက်မယ်. . . နင်ကသာ ဘယ်သူကမှ အရေးမစိုက်ဘူးလို့ လိမ်နေပေမယ့် နင့်ကို အရေးစိုက်ချင်တဲ့လူတွေ ရှိနေတာ မသိဘူး မှတ်နေသလား"

"ရှိတော့လည်း ကောင်းတာပေါ့ဟာ"

ဟု ပြောပြီး နီမောင်က စကားဖြတ်ကာ လှေဆိပ်သို့ ဆင်းသွားလေတော့သည်။

လှေထဲမှာတော့သူ့ အရင်ရောက်နှင့်နေကြသော စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က လှေထွက်ရန်ပင် အဆင်သင့် ပြင်ထားကြလေပြီ။

ထို့နောက် နေဝင်ရီတရောအချိန်မှာ ကမ်းခြေမှာ ဆိုက်ကပ်ထားသော ငါးဖမ်းလှေများ တစ်စင်းပြီးတစ်စင်း၊ တစ်သုတ်ပြီးတစ်သုတ် ထွက်ခွာသွားကြလေသည်။

သောင်ပြင်မှာ ကျန်ခဲ့သူများမှာလည်း ထွက်သွားသော လှေများ အတော်ဝေးရောက်သောအခါမှ ကမ်းပေါ်သို့ ပြန်တက်သွားကြလေသည်။

ရွာဘက်မှ လှမ်းကြည့်သောအခါ ပင်လယ်ဝသို့ ရေစီးကြောင်းအတိုင်း ထွက်သွားသောလှေများမှာ အစက်အပြောက်





ကလေးများလောက်သာ မြင်နိုင်တော့သည်။

အနောက်ဘက် ပင်လယ်ရေပြင်အောက်သို့ တဖြည်းဖြည်းနှင့် ငုပ်လျှိုးဝှက်သွားသော နေမင်းကြီးမှာ ရေပြင်ပေါ်သို့ ဆည်းဆာရောင်များ ချန်ထားခဲ့သေးသည်။

တောင်လေက တဖြူးဖြူးနှင့် တိုက်ခတ်လျက်ရှိရာ ရေကျချိန်ဖြစ်သောကြောင့် ငွေရောင်လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ်နှင့် ထနေရာ ညနေခင်း ဆည်းဆာရောင်များဖြင့် ပန်းတင့်လှပေသည်။

ငါးဖမ်းလှေများသည် ရွာခြေမှ ထွက်သွားစဉ်က အတူတကွ ထွက်သွားကြသော်လည်း ငါးဖမ်းမည့်နေရာ ရောက်သောအခါ သင့်တော်သောနေရာများသို့ အသီးသီး သွားကြလေသည်။

ပင်လယ်ပြင်နှင့် မကင်းသူတိုင်း ပင်လယ်နှင့် သက်ဆိုင်သော အချက်အလက်များ၊ အကြောင်းအရာများကို သိကြရလေသည်။

ပင်လယ်သို့ လက်တွေ့မရောက်နိုင်သူများက စာပေဖြင့် လေ့လာသင်ယူကြရသည်။

စာသင်ခန်းသို့ မရောက်နိုင်သူများ လက်တွေ့ကြုံနေရသော ဘဝအတွေ့အကြုံများဖြင့် သင်ယူကြရသည်။ မည်သို့ပင်ရှိစေ. . .

စာတွေ့ဖြင့်သော်လည်းကောင်း၊ လက်တွေ့ဖြင့်သော်

လည်းကောင်း သိကျွမ်းမှု မရှိဘဲနှင့်တော့ ပင်လယ်ပြင်သို့ မသွားသင့်ပေ။

ပင်လယ်ပြင်တွင် အခြားအန္တရာယ်များအပြင် ရေနှင့်လှိုင်းများအကြောင်းကိုပင် သိတန်သလောက် သိထားကြရလေသည်။

ကမ်းခြေဒေသ အစိတ်အပိုင်း အခေါ်အဝေါ်များကို သိရှိထားခြင်းသည် ရေငုပ်သမားတို့အတွက် အထောက်အကူပြုသည်။

ရေနက်ကမ်းခြေပိုင်း(off shore)သည် ကမ်းခြေဘက်ကျသော (၅)လံ ရှိသော ရေအနက်ကမှ ပင်လယ်ဘက်အထိဖြစ်သည်။

ရေတိမ်ကမ်းခြေပိုင်း(Near shore)သည် ကမ်းခြေဘက် ကျသော (၅)လံရှိ ရေအနက်မှ ရေစပ်မျဉ်း(water Line) အတွင်းရှိ ကမ်းခြေဖြစ်သည်။ ရေငုပ်သမားများအတွက် ဤဒေသသည် အရေးကြီးဆုံးဖြစ်သည်။

ရေလွှမ်းကမ်းခြေပိုင်း(Fore shore) ရေစပ်မျဉ်း(M. W .L)မှ ရေပြည့်မျဉ်း(H.W.L)အတွင်း ရေတက်ရေကျတွင် ရေလွှမ်းသော ကမ်းခြေပိုင်းဖြစ်သည်။ ကမ်းရိုးလှိုင်းဖြင့် အရာဝတ္ထုများအား တင်စေ မျောပါစေသောနေရာဖြစ်သည်။ ရေတိမ်ကမ်းခြေပိုင်းနှင့် စပ်လျဉ်း၍ ရေငုပ်သမားများအတွက် အလွန်အရေးပါသောနေရာဖြစ်သည်။





ရေလွှတ်ကမ်းခြေပိုင်း(Back Shore)သည် ရေပြည့်မျဉ်း(H.W.L)မှ ပထမဦးစွာ တွေ့လေ့ရှိသည့် သစ်ပင်အထိဖြစ်သည်။ ရေတက်ရေကျ လွတ်ကင်းသော ကမ်းခြေပိုင်းဖြစ်သည်။ သဲသောင်ပို့များ၊ လူသွားလမ်းများ စသည်တို့ ရှိနိုင်သောဒေသဖြစ်သည်။

ကုန်းပိုင်း(Inter Land)သည် ကမ်းခြေပင်လယ်ပိုင်းရှိ ပထမဦးဆုံးသစ်ပင်မှစ၍ ကုန်းပိုင်းအတွင်းဘက်ဖြစ်သည်။ အများအားဖြင့် ရေငုပ်သမားများ စိုးမိုးထားသောနေရာမှ လွတ်ကင်းသောဒေသဖြစ်သည်။

ရေစပ်မျဉ်း(Water Line)သည် အချိန်မရွေး ကုန်းနှင့်ရေပြင် ဆက်စပ်ထိတွေ့နေသောနေရာကို ခေါ်သည်။

ကမ်းစောက်(Berm)သည် ရေလှိုင်းရိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်လာသော ကုန်းဘက်သို့ စောင်းနေသောကမ်းခြေကိုခေါ်သည်။ အများအားဖြင့် ကမ်းစောက်ပိုင်း နောက်ပိုင်းသည် ကုန်းဘက်သို့ ဆင်ခြေလျှောသွားလေ့ရှိသည်။

ကမ်းပါး(Berm Scrap)သည် ရေတိုက်စားခြင်းဖြင့် ကမ်းပြိုကျပြီး ဖြစ်ပေါ်လာသော မတ်စောက်သည့်ကမ်းခြေကိုခေါ်သည်။ ကမ်းပါးအမြင့်(၆)လက်မမှ (၆)ပေအထိ ရှိလျှင် အလွန်အရေးကြီးသောကမ်းခြေဖြစ်သည်။

ကမ်းထိပ်(Berm Crest)သည် ကမ်းခြေ၏အမြင့်ဆုံးအစွန်းဖြစ်သည်။ ကမ်း၏ပင်လယ်ဘက်တွင် ရှိသည်။

ရေပြည့်မျဉ်း(High Water Line)သည် ရေပြည့်ချိန်၌ ရေပြင်နှင့်ကမ်းခြေအထိ ထိတွေ့သောမျဉ်းကို ခေါ်သည်။ အများအားဖြင့် ဒိုက်အမှိုက်များဖြင့် ပြီးသော မျဉ်းကြောင်းများအား တွေ့ရှိနိုင်သည်။ ကမ်းပါးအောက်ခြေပိုင်းတွင်လည်း မျဉ်းကြောင်းအဖြစ် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ရေငုပ်သမားများနှင့် အသက်ဆိုင်ဆုံးမှာ နောက်ဆုံးဖြစ်ပေါ်သည့် ရေပြည့်မျဉ်းဖြစ်သဖြင့် ၎င်းမျဉ်းအား ပင်လယ်ဘက်အကျဆုံး ဒိုက်အမှိုက်မျဉ်းသာလျှင် သက်ဆိုင်သည်။

ရေအောက်သောင်တန်း (Sand Bar) သည် ရေအောက်၌ တဖြည်းဖြည်း ဖြစ်ပေါ်လာသော(သို့မဟုတ်)ကျောက်စရစ်သောင်တန်းကို ခေါ်သည်။

၎င်းမှာ ရေတက်ရေကျနှင့် ရေစီးကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ကမ်းထိုးယာဉ်များအတွက် အလွန်အရေးကြီးပေသည်။

သဲသောင်ပို့(Sand Dunes)သည် လေတိုက်ခြင်းကြောင့် ရေလွတ်ကမ်းပါးပေါ်၌ ဖြစ်ပေါ်လာသော သဲသောင်ပို့ကို ဆိုလိုသည်။ ၎င်းသောင်ပို့များအား တစ်ခါတစ်ရံ ပင်လယ်ငှက်များဖြင့် ဖုံးလွှမ်းလေ့ရှိသည်။

ရေစစ်မျဉ်း(Low Water Line)သည် (၁၀)နှစ်အချိန်အတွင်း နေ့စဉ် ရေစစ်ခြင်းများအား ပျမ်းမျှရှာထားခြင်းဖြစ်သည်။ ၎င်းအမှတ်ကို ရေစစ်မျဉ်းမတ်ဟု ခေါ်သည်။





ကမ်းဆင်ခြေလျှောအချိုး(Gradient)သည် ကမ်း၏ဆင်ခြေလျှောအား တိုင်းတာရသည့် အချိုးအစားဖြစ်သည်။ (၁၅၀)ကိုက်တွင် (၆)ပေလျှောလျှင် အချိုးမှာ (၁း ၇၅)ဖြစ်သည်။ တွက်ချက်ရန်အတွက် အမျိုးတူဂဏန်းဖြစ်အောင် အစဉ်ပြုလုပ်၍ တွက်ချက်ဖော်ပြရမည်။

ကမ်းခြေအစွန်းများ(Flanks)သည် ကမ်းခြေတိုင်း၌ အစွန်နှစ်ဖက် ရှိရမည်။ ဝဲဘက်နှင့်ယာဘက်အစွန်းများ ဖြစ်သည်။ ဝဲနှင့်ယာဘက် သတ်မှတ်ရာ၌ ပင်လယ်ဘက်မှ ကမ်းခြေဘက်သို့ မျက်နှာမူ သတ်မှတ်ရမည်။

ကမ်းခြေအမျိုးအစားများ(Types of Beach)တွင် ကမ်းခြေနှစ်မျိုးနှစ်စား ရှိပါသည်။ ၎င်းတို့မှာ ကမ်းခြေဖြောင့်နှင့် ကမ်းခြေကောက်ဟူ၍ဖြစ်သည်။ ကမ်းခြေကောက်များတွင် (Concave)ချိုင့်ခွက်သောကမ်းနှင့် (Convex)ခုံးမောက်သောကမ်းတို့ ရှိသည်။ ၎င်းကမ်းခြေနှစ်မျိုးစလုံးတွင် ကမ်းစွယ်များရှိသည်။

ကမ်းစွယ်(Gasp) သည် သုံးထောင့်ပုံသဏ္ဍာန်ရှိ သဲ(သို့မဟုတ်)ကျောက်စရစ်သောင်ဖြစ်သည်။ ၎င်း၏အစွယ်သည် ပင်လယ်ဘက်သို့ မျက်နှာမူလျက်ရှိသည်။ ကမ်းခြေအလျားအတိုင်း သွားလာမှုအား နှောင့်နှေးစေသည်။.

ကမ်းမြောင်ကမ်းရိုး(Runnel)သည် ရေတက်ရေကျခြင်းကြောင့် ဖြစ်ပေါ်လာသော ကမ်းတွင် တိမ်သောချိုင့်မြောင်း

များကို ဆိုလိုသည်။ တိုက်ရိုက်စီးသောရေစီးကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။ ရေစစ်ချိန်တွင် ရေအိုင်ငယ်များအဖြစ် ကျန်ရစ်နေတတ်သည်။

ကမ်းတန်းငယ်(Ripple)သည် ကုန်းမြင့်တန်းများအဖြစ် ရေလွတ်ကမ်းခြေများအပေါ်တွင် တွေ့ရသော သဲသောင်တန်းများကို ဆိုလိုသည်။ တိုက်ရိုက်စီးသော ရေစီးကြောင်းများကြောင့် ဖြစ်ပေါ်လာရသည်။

လှိုင်းအစိတ်အပိုင်း အခေါ်အဝေါ်များကိုလည်း သိရှိထားလျှင် အန္တရာယ်ကို ရှောင်ကွင်းနိုင်သည်။

လှိုင်းခေါင်း(Chest) ဟူသည်မှာ လှိုင်း၏အမြင့်ဆုံးနေရာကို ခေါ်သည်။

လှိုင်းခြေ(Trugh) ဟူသည်မှာ လှိုင်းနှစ်လှိုင်းကြားမှ အနိမ့်ဆုံးနေရာကို ခေါ်သည်။

လှိုင်းအမြင့်(Height) ဟူသည်မှာ လှိုင်းခြေမှ လှိုင်းခေါင်းအထိ အမြင့်အတိုင်းအတာကို ခေါ်သည်။

လှိုင်းအလျား(Length) ဟူသည်မှာ လှိုင်းခေါင်းနှစ်ခု အကွာအဝေးဖြစ်သည်။

လှိုင်းအချိန်(Period) ဟူသည် လှိုင်းတည်နေရာတစ်ခုအား အောင်မြင်သော လှိုင်းခေါင်းနှစ်ခု ဖြစ်သွားချိန်ကို စက္ကန့်ဖြင့် ဖော်ပြခြင်းဖြစ်သည်။

ပင်လယ်ပြင်နှင့် မကင်းသူတိုင်းသည် ကမ်းရိုက်လှိုင်း





များ(Surf)ကို သိရှိထားသင့်သည်။

ကမ်းရိုက်လှိုင်းနယ်ဆိုသည်မှာ ရေစစ်မျဉ်းမှ ပင်လယ်ဘက်သို့ ပထမဦးစွာ လှိုင်းခေါင်းကျိုးသောနေရာ အတွင်းနယ်နိမိတ်ဖြစ်သည်။ အချို့သော ကမ်းရိုက်လှိုင်း၌ ကမ်းရိုက်လှိုင်းတန်းများ သုံးတန်း လေးတန်းအထိဖြစ်သည်။

လှိုင်းခေါင်းကျိုးများ(Greakers)ဟု ခေါ်ဆိုရာတွင် လှိုင်းထိုး(Plunging)ဆိုသည်မှာ အများအားဖြင့် အသင့်အတင့် မတ်စောက်သောကမ်းခြေတွင် ဖြစ်ပေါ်တတ်သည်။

လှိုင်းဖွေး(Spilling)ဆိုသည်မှာ အများအားဖြင့် ပြေပြစ်သောကမ်းခြေပေါ်တွင် ဖြစ်ပေါ်သည်။

လှိုင်းယိမ်း(Surfing)ဆိုသည်မှာ အများအားဖြင့် မတ်စောက်သောကမ်းခြေပေါ်တွင် ဖြစ်ပေါ်သည်။

ကမ်းရိုက်လှိုင်းအမျိုးအစားများ(Types of surf)တွင် နှစ်မျိုးရှိသည်။

မျဉ်းပြိုင်ကမ်းရိုက်လှိုင်းနှင့် ကမ်းခြေကို (၄၅)စောင်း၍ ထောင့်ဖြတ်ရိုက်သော တစောင်းကမ်းရိုက်လှိုင်းတို့ဖြစ်သည်။

ရေစီးကြောင်းများ(Currents)သည် ပင်လယ်နှင့် မကင်းသူများ သတိထားရမည့်အရာများတွင် ပါသည်။

ရေတက်ရေကျ ရေစီးကြောင်း(Tidal Currents)သည် နေ့စဉ် ရေတက်ရေကျကြောင့် ဖြစ်ပေါ်လာသော ပုံမှန်ရေစီးကြောင်းဖြစ်သည်။

ကမ်းရိုက်လှိုင်းရေစီးကြောင်း (LitteralCurrents)သည် ကမ်းခြေအား တစောင်းရိုက်ခတ်သော ကမ်းရိုက်လှိုင်းကြောင့် ဖြစ်ပေါ်လာသောရေစီးကြောင့် ဖြစ်သည်။ ကမ်းရိုက်လှိုက်ရိုက်သော တစ်ဖက်သို့ စီးလေ့စီးထ ရှိသည်။

ကန့်လန့်ဖြတ်ရေစီးကြောင်း(Rip Currents)သည် ကမ်းခြေကမ်းရိုက်လမ်း ကျော်ပြီး ပင်လယ်ပြင်ဘက်သို့ ထော မှန်ဖြတ်၍ အလွန်အားကောင်းလျင်မြန်စွာ စီးသောရေစီးကြောင်းဖြစ်သည်။

ကမ်းခြေအလျားအတိုင်း စီးနေသောရေစီးကြောင်းသည် ရုတ်တရက် တွေ့ရှိလိုက်သည့် ရေအောက်ချိုင့်ဝှမ်း၊ ရေအောက် မတ်စောက်ခြင်းများနှင့် တွေ့ရှိပြီး ပင်လယ်ဘက်သို့ လမ်းကြောင်းပြောင်းစီးသည့် ရေစီးကြောင်းဖြစ်သည်။

ပင်လယ်နှင့် ဆက်စပ်ဆောင်ရွက်သူများသည် ဘယ်သောအခါမှ ၎င်းရေစီးကြောင်းအား ဆန့်ကျင်၍ ကူးမသွားရ ၎င်းရေစီးကြောင်းများနှင့် တွေ့လျှင် စီးသည့်ဘက်သို့ လိုက် မျောသွားပြီး ကမ်းရိုက်လှိုင်းနယ် ကျော်လျှင် ၎င်းရေစီးကြောင်း လွတ်သည့်ဘေးမှ ကမ်းခြေသို့ ပြန်လည်ကူးခတ်ရမည်။

အထက်ပါအကြောင်းအရာများမှာ. . .

စာပေဗိမာန် စာမူဆုရ ဆရာလူလေး(မြစ်ဝကျွန်းပေါ်) ရေးသားပြုစုသော "ရေအောက်ကမ္ဘာ၏သိပ္ပံဆိုင်ရာ၌ လျှို့ဝှက်ချက်များနှင့် ရေငုပ်သူရဲကောင်းများ" အမည်ရှိစာအုပ်၌ ဖော်ပြ





ထားသော ရေလှိုင်းများနှင့် ပတ်သက်သော ဗဟုသုတ ဖြစ်ဖွယ် အချက်အလက်များပင်ဖြစ်ပေသည်။

အထက်၌ ရေးသားခဲ့သည့်အတိုင်း ပင်လယ်ပြင်သည် သဘာဝ သယံဇာတများကို ပေးတတ်သလို. . .

လျှို့ဝှက်သော သဘာဝအန္တရာယ်များကိုလည်း ပေးတတ်ပေသည်။

သို့ကြောင့် ပင်လယ်သို့ သွားမည်ဆိုလျှင် ပင်လယ်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကိုလည်း သိထားသင့်ပေသည်။ သို့မဟုတ်ပါက အန္တရာယ်တွင်းသို့ သက်ဆင်းရသကဲ့သို့ ရှိပေလိမ့်မည်။





# အခန်း(၅)

# တစ္ဆေသင်္ဘောနှင့် အန္တရာယ်ဆိုး

ကောင်းကင်ပြင်ပေါ်မှာ လရောင်မရှိသော်လည်း အလင်းရောင်အချို့တော့ ရှိနေသေးသည်။ ရာသီဥတု သာယာနေသောကြောင့် လှိုင်းအိကလေးများသာ ရှိပြီး သာယာနေလေသည်။

ထိုအချိန်မျိုးတွင် ပင်လယ်ပြင်ပေါ်မှာ အလုပ်လုပ်ရသည်မှာ များစွာစိတ်ချမ်းသာမှု ရရှိကြလေသည်။

ပိုက်ချထားသောအချိန်တွင် ပိုက်ခေါင်းကြိုးနှင့် လှေကိုတွဲချည်ထားပြီး အနားယူခွင့် ရကြလေသည်။

နောက်တစ်ကြိမ် ပိုက်ပြန်မဖော်မချင်း အေးအေးဆေး ဆေး နားခွင့်ရကြလေသည်။

ဆေးလိပ်ကြိုက်သူက ဆေးလိပ်ဖွာ၊ ကွမ်းကြိုက်သူက ကွမ်းဝါးရင်းနှင့် အနားယူကြလေသည်။

စောထီးနှင့် ငမဲအောင်တို့က ထမင်းစားသောက်ပြီး ပွဲပိုင်းမှာ တရေးတမော အိပ်နေကြစဉ် နီမောင်မှာ လှေဦးပိုင်း ကြမ်းခင်းပြင်ပေါ်မှာ ပက်လက်လှန်ရင်း အတွေးကောင်းနေလေ သည်။

သူ့အတွေးအိမ်ထဲမှာ မြသင်းကြူအကြောင်းလည်း ပါ သည်၊ မြဝင်းသူအကြောင်းလည်း ပါသည်။

တလောက ပင်လယ်ပြင်မှာ ပျောက်သွားသော ကိုငွေ သီးအကြောင်းပါ ပါလေသည်။

ပင်လယ်ပြင်မှာ ကိုငွေသီးလို လူမသိသူမသိ ပျောက် သွားသော ရေလုပ်သားတွေ အများကြီးရှိသည်။

ယခင်က လူတွေ ယခု မရှိကြတော့ပေ။

သူတို့နှင့် လုပ်ဖော်ကိုင်ဖက်များပင် ယခု မရှိတော့ပေ။

နှစ်အနည်းငယ်အတွင်းမှာ ပျောက်သွားသော သားငါး ရှာသူတို့မှာ မနည်းကြတော့ပေ။

နီမောင်သည် လှိုင်းအိကလေးများပေါ်မှာ စည်းချက်မှန် မှန်နှင့် လှုပ်ရှားနေသော လှေ၏လှေနံများကို လက်ဖြင့် စမ်းလိုက် သည်။





လှေနံများမှာ ပိုက်ဆွဲတင်ရာတွက် ပိုက်သားများနှင့် ပွတ်တိုက်ပါများသောကြောင့် ပြောင်ချောနေသည်။

လှေဝမ်းထဲမှာ ခင်းထားသောကြမ်းပြင်များ၌လည်း ငါး အကြေးခွံများ၊ အဆီများဖြင့် စွန်းထင်းလျက်ရှိသည်။ ငါးညှီနံ့များ ကတော့ တစ်လှေလုံး ပြန့်နှံ့နေသည်။

သူငယ်စဉ်က ဖခင်ဖြစ်သူနှင့် အဖော်အဖြစ် လိုက်ခဲ့ဖူး သည်။

ပင်လယ်လိုက်ကာစက လှိုင်းမူးသည့်ဒဏ်ကို မခံနိုင် သောကြောင့် အော့အန်ကာ လှေဝမ်းကြမ်းပြင်ပေါ်မှာ လှဲနေရ လေသည်။

အဖေက သူ့ကို ကြည့်ပြီး ပြုံးနေသည်။

ဆေးဖတ်ကို တမြုံ့မြုံ့ ဝါးရင်းနှင့် . . .

"နောက်တော့ ကျင့်သားရသွားမှာပါ"

ဟု အရေးမကြီးသလို ပြောလေသည်။

နောက်ပိုင်းရောက်လာသောအခါ အဖေပြောသလိုပင် လှိုင်းမူးသည့်ဒဏ်ကို ခံနိုင်သောဘဝ ရောက်လာသည်။ ရေပြင် ပေါ်မှာ တအိအိ လှုပ်ရှားနေသောလှိုင်းများ မရှိလျှင်ပင် မနေ တတ်အောင်ဖြစ်လာတော့သည်။

ယခုတော့ အဖေလည်း မရှိတော့ပေ။

အဖေတို့ ရှိစဉ်က အတူတွဲပြီး အလုပ်လုပ်ခဲ့ကြသူ အဆွေတော်များများလည်း မရှိကြတော့ပေ။

ပင်လယ်ပြင်ကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုခဲ့သူများသည် ပင်လယ်ပြင်မှာပင် ဘဝနိဂုံး အဆုံးသတ်သွားခဲ့ကြရပေပြီ။

ရှေးအခါက ပိုက်နားသောအချိန်တွင် လှေများ တစ်စင်းနှင့်တစ်စင်း တွဲချည်ကာ ရေပေါ်အိမ်တန်းသဖွယ် ဖြစ်နေပုံများ။

ဆူညံစွာ အော်ဟစ်ပြောဆိုသံများ၊ ရယ်မောသံများ၊ တစ်လှေမှတစ်လှေသို့ ကူးကာ ဝိုင်းဖွဲ့စားသောက်ခဲ့ကြပုံများ၊ ကွမ်းဝါးသူကဝါး၊ ဆေးလိပ်ဖွာသူကဖွာ. . .

ဖဲချသူကချ၊ ကြွေပစ်သူကပစ်၊ ကက်ဆွဲသူကဆွဲ၊ ကျားထိုးသူကထိုးနှင့် တကယ့်ပျော်စရာ သဘာဝလေးများ ရှိခဲ့ဖူးသည်။

ယခုတော့ ထိုအရာအားလုံး ကွယ်ပျောက်ခဲ့ချေပြီ။

ပေါင်းမိုးမှာ စွဲနေသော မီးခိုးငွေ့အနံ့များ၊ လှေဝမ်းမှာ စွဲနေသည့် ငါးညှီနံ့များမှာ ပင်လယ်လေ တိုက်ခတ်သည့်အခါ လွင့်ပျောက်သွားခဲ့သလို. . .

ဘဝဟောင်းများမှာ ဝေးလွင့်ပျောက်ကွယ်သွားခဲ့ကြလေပြီ။

နီမောင်သည် လှေဝမ်းကြမ်းပြင်ပေါ်မှာ ပက်လက်လှန်နေရင်းနှင့် အတွေးများက တစ်ခုပြီးတစ်ခု ဝင်နေသည်။

သူ့အတွေးများက ကျယ်ပြန့်သော ကောင်းကင်ပြင်ကြီး





ကဲ့သို့ မဆုံးနိုင်အောင် ရှိနေတော့သည်။

ထိုအခိုက်မှာပင် သူ့အတွေးစကို ဖြတ်လိုက်သောအရာ တစ်ခု ပေါ်လာလေသည်။ အခြားမဟုတ်ပေ. . .။

နားထဲမှာ သင်္ဘောတစ်စင်း၏စက်သံကို ကြားလိုက်ရသောကြောင့်ဖြစ်ပေသည်။

သူကြားရသောအချိန်မှာ စက်သံက မဝေးလှတော့ပေ။ သို့ကြောင့် လှဲနေရာမှ ထပြီး အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်ရသည်။

ပထမတော့ အလင်းရောင်များ ဖြာတက်နေသည်ကို အရင်မြင်ရသည်။

နောက်တော့ မိမိတို့လှေ ရှိရာဘက်သို့ ဦးတည်မောင်းလာသော သင်္ဘောတစ်စင်း၏ပုံရိပ်ကို ဝိုးတဝါး မြင်ရသည်။

ထိုအသံကို အိပ်နေကြသော စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ပါ ကြားဟန်ဖြင့် နှစ်ယောက်စလုံး ထကာ အပြင်သို့ ထွက်လာကြသည်။

"ဘာသံလဲ နီမောင်"

"ဒီဘက်ကို သင်္ဘောတစ်စင်း လာနေတယ်"

"ဒီဘက်ရေကြောင်းကို ဖြတ်လာတဲ့သင်္ဘော မရှိပါဘူး၊ မှောင်ခိုသင်္ဘောများ ဖြစ်နေမလား"

"မှောင်ခိုသင်္ဘောက အခုလို မီးတွေ ထွန်းပြီး မောင်းလားကွ"

"ဘာပဲဖြစ်ဖြစ် ဒီဘက်မှာ ပိုက်ချထားတဲ့လှေ ရှိမှန်း သိအောင် မီးနဲ့ အချက်ပြထားမှ ဖြစ်မယ်"

ဟု ပြောပြီး အချက်ပြ မီးအိမ်ကို မီးထွန်းပြီး တိုင်ထိပ်သို့ ဆွဲတင်လိုက်သည်။

သို့ပြင် လှေရှိမှန်း သိအောင် အဖြူရောင် ကြက်ရာစွန်း တစ်ခုကိုပါ ဆွဲတင်လိုက်သည်။

ထိုအခြေအနေအထိတော့ စိုးရိမ်စိတ် သိပ်မများလှ သေးပေ။

ထူးခြားသောအချက်မှာ စက်ကုန်ဖွင့်လျက် မောင်းလာ နေသော ထိုသင်္ဘော၏ပုံပန်းသဏ္ဍာန်ကို အတော်ဝေးဝေးမှာ ရှိနေစဉ်ကပင် သဲသဲကွဲကွဲ လှမ်းမြင်နေရခြင်းပင်ဖြစ်သည်။

သူတို့တစ်သက်တွင် ထိုမျှ စက်ကုန်ဖွင့်ပြီး မောင်းနှင်နေ သော သင်္ဘောမျိုးကို မမြင်ဖူးသေးသောကြောင့် တအံ့တသြဖြစ် နေကြသည်။

အဘယ်မျှ စက်ရှိန်များသလဲဆိုလျှင် ဦးပိုင်းမှ ဖြာတက် နေသောရေပန်းများမှာ သင်္ဘောဦးပိုင်းအပေါ်ထိ ကျော်တက် နေလေသည်။

၎င်းသင်္ဘော၏ဦးတည်းရာလမ်းကြောင်းမှာ သူတို့လှေ ရှိရာနှင့် တဖြောင့်တည်းဖြစ်နေသည်။

ထိုအချိန်ကျမှ ပိုက်ဆွဲတင်ပြီး ထွက်ပြေး၍လည်း မရ တော့ပေ။





ပိုက်ဆွဲတင်လျှင် အနည်းဆုံး တစ်နာရီခန့် အချိန်ကြာ မည်။ ထိုအခိုက်မှာပင် စက်ရှိန်မြှင့်လျက် မောင်းလာသော သင်္ဘောက သူတို့ကို ဖြတ်ကျော်သွားပေလိမ့်မည်။

အချက်ပြမီးအိမ်ရော ကြက်လျှာစွန်း အမှတ်အသားပါ ပြထားလျက်နှင့် သင်္ဘော၏ဦးတည်ချက်က တစ်ချက်ကလေးမှ သွေဖယ်သွားခြင်း မရှိပါဘဲ တည့်တည့်ကြီးပင် မောင်းဝင်လာနေ သည်။

ထိုအခါမှ သုံးယောက်သား မျက်လုံးပြူးသွားကြလေ တော့သည်။

"ဘယ်လိုလုပ်ကြမလဲ နီမောင်"

"ဝါးတိုင်ထိပ်ဖျားတွေမှာ အကျီတွေပုဆိုးတွေ ချည်ပြီး သူတို့ မြင်သာအောင် ဝှေ့ယမ်းပြမှ ဖြစ်တော့မယ်"

ထိုသို့ပြောသဖြင့် ထိုးဝါးအဖြစ် အသုံးပြုသော ဝါးတိုင် များထိပ်တွင် အကျီပုဆိုးများ ချည်ပြီး ဝှေ့ယမ်းပြကြသည်။

ထို့ပြင် အသံကျယ်ကျယ်ဖြင့်လည်း လှမ်းအော်ပြောကြ လေသည်။

"ဟေး. . . ဟေး. . . ဟေး"

"ဒီဘက်မှာ လှေရှိတယ်. . . ဟေး"

"ငါးဖမ်းလှေရှိတယ်. . . ဟေး. . . ဟိုဘက်က သွား ဟ"

သူတို့ သုံးယောက် သံပြိုင်အော်ပြောသော်လည်း

သင်္ဘောပေါ်မှ လူများကတော့ ကြားဟန်မတူဘဲ ဦးတည်ချက် အတိုင်းပင် တစ်လက်မမှ မရွေ့ဘဲ မောင်းဝင်လာရာ မနီးမဝေး သို့ပင် ရောက်လာလေတော့သည်။

ကြည့်နေရင်းမှာပင် နက်မှောင်နေသော သင်္ဘောဦးပိုင်း ကြီးကို သဲသဲကွဲကွဲ မြင်လာရပေပြီ။

ထိုသင်္ဘောဦးပိုင်းကြီးမှာ လူတို့၏အသွေးအသားကို ဝါးမျိုစားသောက်ရန် မီးဝင်းဝင်းတောက်နေသော မျက်လုံး အပြူးသားနှင့် ဝင်လာသော ဘီလူးတစ်ကောင်၏ဦးခေါင်းပိုင်း နှင့် သဏ္ဍာန်တူလှပေသည်။

စက်ကုန်ဖွင့်ပြီး မောင်းလာသောကြောင့် ဦးပိုင်းမှာ ဖြာ ထွက်နေသော ရေလှိုင်းများက သင်္ဘောဦးပိုင်းပေါ် သို့ပင် ကျော် တက်လျက် ရှိနေလေသည်။

နီမောင်က လက်နှစ်ဖက်ကို မြှောက်ပြရင်းနှင့် အသံ ကုန် အော်ဟစ်နေရင်းမှပင် သင်္ဘောရှိရာသို့ လှမ်းကြည့်လိုက် သည်။ အံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို မြင်ရသဖြင့် ပါးစပ် အဟောင်းသားဖြစ်သွားလေသည်။

မီးရောင်များ လင်းထိန်နေသောသင်္ဘောပေါ်မှာ လူ တစ်ယောက်မှ မတွေ့ရပေ။

ဦးပိုင်းမှာရော ပဲ့ပိုင်းမှာပါ အပြင်တက်မကိုင်သော အခန်းထဲမှာပါ လူတစ်ယောက်မှ မတွေ့ရပေ။

ထို့ပြင် သင်္ဘောမှာလည်း ပျက်စီးပြိုပျက်နေပြီး တစ်စီး





လုံး သံချေးများ တက်နေသည့်အပြင် အချို့နေရာများ၌ သံပြား ချပ်များပင် ဆွေးမြေ့ပျက်စီးနေချေပြီး ထိုသင်္ဘောပျက်ကြီးမှာ နီမောင်တို့သုံးယောက် အော်ဟစ်တားဆီးနေသည့်ကြားမှ သူတို့ လှေရှိရာသို့ တည့်တည့်ကြီး ဝင်လာပြီးနောက် လှေရော ချထား သည့်ပိုက်များပါ ဝင်တိုက်သွားလေတော့သည်။

နီမောင်တို့လည်း ဘေးလွတ်ရာသို့ ခုန်ချပေးလိုက်ကြရ သည်။

မည်းနက်နေသောသင်္ဘောကိုယ်ထည်ကြီးကို အနီးကပ် မြင်လိုက်ရပြီး ကွာဟနေသော သံပြားအစွန်းများက လှေကို ထက်ပိုင်းဖြတ်ချသွားကြလေသည်။

နီမောင်တို့ပင် အချိန်မီ ရေထဲ ခုန်ချလိုက်သောကြောင့် သင်္ဘောကိုယ်ထည်မှ ထွက်နေသော သံပြားစွန်းများဖြင့်သော် လည်းကောင်း၊ တဝုန်းဝုန်း လည်ပတ်နေသည့် ပန်ကာဒလက် များဖြင့်သော်လည်းကောင်း သီသီကလေး လွတ်သွားကြသော် လည်း နီမောင်လက်မောင်းတစ်ဖက်မှာ သင်္ဘော၏ကိုယ်ထည်မှ ထွက်နေသည့် သံပြားစွန်းတစ်ခုနှင့် ခြစ်သွားသောကြောင့် ဒဏ် ရာရသွားလေသည်။

သင်္ဘောကြီးမှာ သူတို့လှေကို ရစရာမရှိအောင် တိုက် သွားပြီးနောက် တရွေ့ရွေ့နှင့် ဝေးသွားရာ အတန်ကြာသော အခါ ကွယ်ပျောက်သွားလေတော့သည်။

သုံးယောက်သား ရေထဲမှာ ကိုယ်ဖော့လာရင်း တစ်

ယောက်နှင့်တစ်ယောက် အသံပေးကြရသည်။

"နီမောင် မင်းဘယ်မှာလဲ၊ ဘာမှမဖြစ်ဘူး မဟုတ်လား"

"ငါ ဒီနားမှာ. . . မင်းတို့နှစ်ယောက်ရော ဘာမှာမဖြစ်ကြဘူး မဟုတ်လား"

"ငါတို့ဘာမှမဖြစ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"ရေထဲမှာ ဒီအတိုင်း ကူးနေလို့ မဖြစ်ဘူး၊ ကြာရင် ခြေကုန်လက်ပန်းကျပြီး သေကြလိမ့်မယ်"

"ငါတို့လှေပေါ်မှာ သောက်ရေပုံး ပါတယ်မဟုတ်လား၊ အဲဒါကို တွေ့အောင်ရှာမှဖြစ်မယ်"

ဟု ပြောပြီး စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က လှိုင်းများပေါ်မှာ ကိုယ်ဖော့ကူးခတ်ရင်းနှင့် ရေပုံးကို လိုက်ရှာကြလေသည်။

ထိုအခါမှ နီမောင်မှာ ၎င်းလက်မောင်းတစ်ဖက်မှာ ဒဏ်ရာရထားကြောင်း သတိပြုမိတော့သည်။

ဒဏ်ရာရထားသောကြောင့် လက်မောင်းတစ်ဖက်မှာ ကောင်းစွာမလှုပ်နိုင်တော့သည်နှင့် ထိုဒဏ်ရာမှ သွေးများ ထွက်နေသည်။

ကုန်းပေါ်မှာ ဒဏ်ရာတစ်ခု ရလျှင် ပတ်တီးနှင့် တင်းတင်းစည်းထားလျှင် သွေးတိတ်သွားနိုင်သော်လည်း ရေထဲမှာတော့ မလွယ်လှပေ။

ထို့ထက် ဒဏ်ရာမှ သွေးထွက်နေသည်မှာ ပင်လယ်ရေ





ပြင်ပေါ်မှာ အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ရှိပေသည်။

သွေးနံ့ရသည်နှင့် မကြာခင်မှာ ငါးမန်းများ ရောက်လာကြပေတော့မည်။

ငါးမန်းများ ရောက်လာလျှင်တော့ မည်သို့မှ မခုခံနိုင်တော့ဘဲ အသက်ဆုံးရတော့မည်မှာ သေချာလှသည်။

နီမောင်ကိုယ်ပေါ်မှာလည်း လက်နက်ဆို၍ အပ်တစ်ချောင်းပင် မပါပေ။

သို့သော်လည်း စိတ်မလျှော့ဘဲ လာမည်ဘေး ပြေးတွေ့ဆိုသလို သတိထားပြီး မျက်စိ၊ နှာခေါင်း၊ ပါးစပ်ထဲသို့ ဝင်လာသော ဆားငန်ရေများကို ဖယ်ထုတ်နေရသည်။ ထိုအခိုက်မှာပင် ရေတိုင်ကီပုံးကို ဖက်ပြီး စောထီးနှင့်ငမဲအောင်တို့ ရောက်လာသည်။

ရေတိုင်ကီပုံးမှာ ပလတ်စတစ်ပုံးဖြစ်ပြီး ဘေးမှာ ကြိုးကွင်းများ ပါသောကြောင့် တွယ်မှေးထား၍ ရလေသည်။

ထိုအခါမှ အခြေအနေကို ပြောပြရသည်။

"ငါ လက်မောင်းမှာ ဒဏ်ရာရသွားတယ်"

"ဟင်. . . အတော်များလား"

"အင်း. . . များတယ်၊ သွေးအတော်ထွက်နေတယ်"

"အဲဒါ မကောင်းဘူး၊ ကြာရင် ငါးမန်းတွေ ရောက်လာလိမ့်မယ်၊ ဒီလိုလုပ်. . . ငမဲအောင်က နီမောင်ကို ထိန်းပေးထား၊ ငါက အကျႌနဲ့ သူ့လက်မောင်းက ဒဏ်ရာကို ပတ်တီးစည်းပေး

ထားမှဖြစ်မယ်"

ဟု ပြောပြီး စောထီးက သူ့ကိုယ်ပေါ်မှ အကျီကို လက်တစ်ဖက်နှင့် ချွတ်ယူလိုက်သည်။

ထို့နောက် ငမဲအောင်က နီမောင်ကို ထိန်းပေးထားပြီး စောထီးက အကျီဖြင့် ပတ်တီးစည်းပေးလေသည်။ လှိုင်းများကြောင့် အတန်ကြာအောင် ခက်ခက်ခဲခဲ ပြုလုပ်ပေးမှ ဒဏ်ရာကို ပတ်တီးစည်းပေးမှု အောင်မြင်သွားလေသည်။

သုံးယောက်သား ရေပုံးကို ဖက်တွယ်ထားရင်း လှိုင်းကြားမှာ တစ်ညလုံး မျောပါနေကြသည်။

ထိုအချိန်မှာပင် နီမောင် လက်မောင်းမှ ဒဏ်ရာမှာ မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်လှပေရာ တစ်ချက်တစ်ချက်နှင့် ငမဲအောင်တို့နှစ်ယောက်က လွှတ်ထွက်မသွားစေရန် ထိန်းပေးထားရင်း မပြတ်သတိပေးနေကြရလေသည်။

"အားတင်းထား နီမောင်၊ ငါတို့ မသေနိုင်ပါဘူး"

ထိုသို့အားပေးနေရင်းမှပင် တစ်ကြိမ်မှာ သတိလစ်ပြီး မြှုတ်ထွက်သွားလေတော့သည်။

စောထီးနှင့် ငမဲအောင်တို့ကို လှိုင်းကြားထဲ လိုက်ရှာကြရင်းမှာပင် ရေအောက်သို့ နစ်မြုပ်စပြုနေပြီဖြစ်သော နီမောင်ကို ပြန်တွေ့ကြရသဖြင့် အမြန်ကယ်ပြီး ပုံးရှိရာသို့ ပြန်ကူးလာကြရသည်။

ပုံးရှိရာ ပြန်ရောက်သော်လည်း ဒဏ်ရာက အတော်





ဖြင်းသဖြင့် သတိရတစ်ချက် မရတစ်ချက်နှင့် ဖြစ်နေရာ မြှုတ်ထွက်မသွားအောင် နှစ်ယောက်သား လက်တစ်ဖက်စီဖြင့် ဝိုင်းထိန်းပေးထားရသည်။

ဤသို့ဖြင့် တစ်ညလွန်မြောက်သွားပြီး နောက်တစ်နေ့နံနက်လင်းသောအချိန်တွင် သူတို့လှေကို လိုက်ရှာနေကြသော ဦးမွန်ထော်တို့ လှေဖြင့် ပြန်တွေ့ကြရသဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြရလေသည်။

နီမောင်မှာ လှေပေါ် ရောက်သည်နှင့် သတိလစ်သွားလေတော့သည်။





# အခန်း(၆)

# ဦးဗန်ကောင်း ရောက်လာခြင်း

အချိန်မည်မျှကြာအောင် သတိမေ့နေသည် မသိပေ။

သူ့တစ်ကိုယ်လုံး အပူရှိန်များ တက်ကာ ဖျားနေပေပြီ။ သံပြားနှင့် ခြစ်မိသောဒဏ်ရာ များသောကြောင့် အနာရင်းနေချေပြီ။

ထိုနေရာမှလည်း တစစ်စစ် နာကျင်ကိုက်ခဲနေသည်။ မျက်လုံးဖွင့်ကြည့်လိုက်တော့ အနားမှာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်အပြင် ဦးမွန်ထော်နှင့် မြဝင်းသူတို့သားအဖနှစ်ယောက်ကိုပါ တွေ့ရသည်။

☺ အောင်မြင်စာပေ ☺

"နီမောင် သတိရပြီလား၊ နတ်ဆရာ သွားခေါ်နေတာ မကြာခင် ရောက်လာလိမ့်မယ်၊ သူ မလာသေးခင် အဖျားသက်သာသွားအောင် ငန်းဆေးတစ်ခွက်လောက် သောက်ထားပါလား"

ငန်းဆေးတစ်ခွက်ကို စောထီးက ယူလာပေးသောကြောင့် မော့သောက်လိုက်သည်။

"အားရှိသွားအောင် ငါးနဲ့ ပြုတ်ထားတဲ့ ဆန်ပြုတ်ကလေး သောက်မလား၊ မီးဖိုထဲမှာ မြဝင်းသူ ပြုတ်ပေးထားတာ ရှိတယ်"

ငမဲအောင်က ပြောသည်ကိုတော့ ခေါင်းခါပြသည်။ ထိုအခါ မြဝင်းသူက အနားကပ်လာပြီး ပြောသည်။

"ငါးဆန်ပြုတ်ကလေး နည်းနည်းသောက်လိုက်ပါလားဟင်၊ ဒါမှ နင် နည်းနည်းပြန်ပြီးအားရှိလာမှာပေါ့"

နီမောင်က ဘာမှပြန်မပြောသဖြင့် မြဝင်းသူက မီးဖိုဘက်သို့ ထသွားပြီး ငါးနှင့် ပြုတ်ထားသော ဆန်ပြုတ်တစ်ပန်းကန် ခပ်ထည့်ယူလာသည်။

"နင့်လက်မောင်းက သိပ်နာနေတော့ ငါတိုက်ပေးရမလား"

"ရပါတယ်. . . ငါ့ဖာသာပဲ သောက်ပါ့မယ်"

မြဝင်းသူ စိတ်ကျေနပ်အောင် တစ်ဇွန်းနှစ်ဇွန်း ခပ်သောက်ပြီး ပြန်ချထားလိုက်သည်။





"စောထီးနှင့် ငမဲအောင်တို့ ပြောပြလို့ မင်းတို့ ဖြစ်ခဲ့တဲ့ အကြောင်းတွေကို သိရပြီးပါပြီ၊ ငါတို့လို ပင်လယ်ကို အမှီပြုပြီး အသက်မွေးနေတဲ့လူတွေအတွက်တော့ ဒီလို အဖြေရှာမရတဲ့ ဘေးအန္တရာယ်မျိုးစုံတွေနဲ့ တွေ့ကြုံရတာ ဘာမှ မဆန်းတော့ပါဘူး"

နီမောင်က ဘာမှ ပြန်မပြောဘဲ အိပ်ယာပေါ် အသာပြန်လှဲချလိုက်လေသည်။

"ဘာမှအားမငယ်ပါနဲ့ကွာ. . . စိတ်လည်း ပျက်မနေပါနဲ့တော့၊ လောလောဆယ် မင်းတို့မှာ လှေမရှိသေးရင် ငါတို့လှေကိုပဲ တစ်လှည့်စီ သုံးကြတာပေါ့၊ ငါတို့တတွေက ဘဝတူတွေပဲ၊ မရှိအတူ ရှိအတူပဲပေါ့ကွာ"

ဦးမွန်ထော်က စိတ်ရင်းအတိုင်း ပြောသည်။

ထိုသို့ပြောဆိုနေစဉ် ရွာလူကြီးဇမုန်းထန် ရောက်လာလေသည်။

သူနှင့်အတူ နတ်ဆရာတစ်ယောက်လည်း ပါလာလေသည်။

နတ်ဆရာမှာ ၎င်းတို့ကျွန်းပေါ်မှာ မရှိပေ။

အခြားကျွန်းမှ တကူးတက သွားရောက်ခေါ်ခဲ့ရခြင်းဖြစ်ပေသည်။

နတ်ဆရာက အိမ်ပေါ်သို့ မတက်ခင်ကတည်းကအခြေအနေကို အရင်ကြည့်သည်။

အကြောင်းမှာ ယင်းဆေးလွယ်အိတ်ငယ်ထဲတွင် ပါဝင်သောပစ္စည်းများသည် ပြုစားခြင်း(သို့မဟုတ်)ကျိန်စာတိုက်ခြင်းစသော ဘေးအန္တရာယ်အပေါင်းကို ကျရောက်ရန် အထူးအရေးပါသောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍လည်း ဤဆေးလွယ်အိတ်ငယ်သည် ပင်လယ်မှာ နေသူများအတွက် မရဏလွယ်အိတ်(သို့မဟုတ်)သေမင်းတမန်ဟု ဆိုက မှားမည်မဟုတ်ချေ။

အဆိုပါ သေမင်းတမန်လွယ်အိတ်(သို့မဟုတ်)မရဏလွယ်အိတ်ငယ်သည် သာမန်အားဖြင့် မည်သို့မျှ ထူးခြားမည်မဟုတ်ပေ။

ရေတွင် အချိန်ကြာမြင့်စွာ စိမ်ထားပြီးမှ နေလှမ်းထားသော ဓနိ(သို့မဟုတ်)အုန်းရွက်များဖြင့် ယက်လုပ်ထားသော လွယ်အိတ်ကလေးသာဖြစ်၏။

ဤလွယ်အိတ်၏အစမှာ ဓနိရွက်များကို ရေစိမ်ထားပြီး အနံတစ်လက်မ၏ငါးပုံတစ်ပုံခန့် ရှိသော အစရှည်ကလေးများဖြစ်အောင် ရိုက်ထုဖြတ်ထုတ်ရ၏။

ပြီးနောက် ယင်းအစကလေးများဖြင့် အိတ်ပုံသဏ္ဌာန်ပေါ်စေရန် ဖွတ်မြီးထိုးပြီး အကွက်ဖော်ရသည်။

ယေဘုယျအားဖြင့်မူ ၎င်းအိတ်ငယ်၏အတိုင်းအတာမှာ (၇×၅)လက်မခန့် ရှိပေသည်။

အိတ်ငယ်၏အောက်ပိုင်းကိုမူ သေတ္တာကလေးသဖွယ်





ပြုလုပ်ထားရပြီး အပေါ်ပိုင်းကိုကား ခေါက်ချိုး၍ တစ်ချောင်းဖြင့် ချည်ပိတ်လိုက်သောအခါ သာမန်အထုပ်ကလေးတစ်ခုထက် မည်သို့မှ ထူးခြားသည်ဟု မထင်ရပေ။

ယင်းကဲ့သို့ အထုပ်သဏ္ဌာန် မြင်ရသော အိတ်ငယ်၏အတွင်း၌မူကား အများအားဖြင့် အရှည်သုံးလက်မခွဲခန့်၊ အချင်းတစ်လက်မ လေးပိုင်းတစ်ပိုင်းခန့် ရှိသော ဝါးခွက်ကလေးတစ်ခု ပါရှိ၏။

ထိုဝါးခွက်ငယ်၏အတွင်း၌ ငါးရှဉ့်သွေးရောင် သဲများ ထည့်လေ့ထည့်ထ ရှိတတ်သည်။

ထို့ပြင် အလိမ်တစ်လိမ်စီ၌ သဲအနည်းငယ်စီ ထည့်ထားပြီး အလိပ်လိုက် လိမ်ကျစ်ထားသော ညစ်ပတ်ပေရေနေသည့် အဝတ်လိပ်ပိုင်းတစ်ခုကိုလည်း တွေ့ရ၏။

ဤကဲ့သို့ အဝတ်လိမ်မျိုး မပါသည့်တိုင်အောင် သဲဖြူလိပ်တစ်လိပ်ကိုမူ အမြဲလိုလို တွေ့မြင်ရပေသည်။

အမြင်သေးနုတ်သည့် ယင်းအိတ်ငယ်ထဲ၌ ဤမျှသာ ပါသည်မဟုတ်ပေ။

သူတစ်ပါးကို ပြုစားရန် ကျိန်စာတိုက်ရန်အလို့ငှာ အထူးအရေးပါသည်ဆိုသော ငါးမေးရိုးတစ်စုံနှင့် ကြိုးမျှင်ကလေးများဖြင့် အထပ်ထပ် ရစ်ပတ်ထားသည့် နှစ်လက်မခွဲအရွယ် လူပုံသဏ္ဌာန် ဖယောင်းရုပ်ငယ်တစ်ရုပ်သည်လည်း အဓိကအားဖြင့် ပါရှိတတ်၏။

အထူးသဖြင့် ယင်းငါးမေးရိုးတစ်စုံနှင့် ဖယောင်းရုပ်ငယ်သည် ကျိန်စာတိုက်လိုသောအခါမျိုးတွင် သင်တင့်လျောက်ပတ်သလို အသုံးပြုနိုင်၏။

လိမ်ကျစ်ထားသောအဝတ်လိပ်ငယ်များတွင် တွေ့ရသော သဲများကိုမူ နတ်ဆရာအနေဖြင့် မိမိသည် ဤကဲ့သို့ ပြုစားခြင်း၊ ကျိန်စာတိုက်ခြင်းအမှုကို ပြုလုပ်ရာ၌ နယ်မြေမရွေး ဒေသမရွေး ပြုလုပ်နိုင်ကြောင်း သက်သေပြရန် အသုံးပြုလေ့ရှိသည်။

ထုံးစံအတိုင်း နတ်ဆရာသည် မရဏလွယ်အိတ်အတွင်းမှ ဆေးကုသရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများချပြီး နီမောင်ခေါင်းရင်းမှာ ထိုင်၍နေရာယူသည်။ နီမောင်ကတော့ ထိုကဲ့သို့ ပြုလုပ်နေမှုများကို စိတ်မဝင်စားသော်လည်း တကူးတက သွားခေါ်ပေးသော ရွာလူကြီးဇမုန်းထန်ကို အားနာသောကြောင့် ဘာမှ ထွေထွေထူးထူး မပြောဘဲ မျက်စိမှိတ်ထားလေသည်။

နတ်ဆရာက ၎င်းကျက်မှတ်ထားသော ဂါထာမန္တရားများကို တတွတ်တွတ်နှင့် ရွတ်ဖတ်နေရင်းနှင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာပြီး နတ်ဝင်သကဲ့သို့ ဖြစ်လာလေသည်။

နတ်ဆရာက ထိုသို့ နတ်ဝင်နေစဉ် ထိုအကြောင်းများကို နားလည်သော ဇမုန်းထန်က ရောဂါဖြစ်သောအကြောင်းများကို မေးမြန်းပေးသည်။





နတ်ဆရာကလည်း အမှောင့်ပယောဂများ နှောင့်ယှက်သောကြောင့်၊ ပင်လယ်ပြင်မှာ ရှိသော မကောင်းဆိုးဝါးများ နှောင့်ယှက်ဖျက်ဆီးသောကြောင့် ထို့ကဲ့သို့အန္တရာယ်ဆိုးများနှင့် တွေ့ရသည့်အကြောင်း ပြောပြသည်။

ထိုသို့မေးမြန်းပြောဆိုပြီးမှ ဇမုန်းထန်က နီမောင်ကိုယ်စား ထုံးစံအတိုင်း မေးပေးရသည်။

“နတ်ဆရာ ဘာများအလိုရှိပါသလဲ”

“ဆန်တစ်ပြည်၊ ငွေသုံးကျပ်၊ ကြက်တစ်ကောင်နဲ့ လက်ဖက်တစ်ထုပ် ပေးရမယ်”

“အလိုရှိတဲ့ပစ္စည်းတွေကို ကျုပ်ကပဲ ပေးပါ့မယ်. . . ကျေနပ်ပါတော့”

ဟု ပြောမှ နတ်ဆရာက နတ်ဝင်ခြင်းကိစ္စ အဆုံးသတ်ကာ ပြန်ငြိမ်သွားတော့သည်။

ထိုနောက်မှာတော့ ကိစ္စပြီးသွားသောကြောင့် နတ်ဆရာက ၎င်း၏ပစ္စည်းများကို သိမ်းဆည်းပြီးနောက် ဇမုန်းထန်ကပင် ပြန်ခေါ်သွားလေတော့သည်။

ထိုအခါ နီမောင်အနားမှာ စောထီး၊ ငမဲအောင်နှင့် မြဝင်းသူတို့သားအဖသာ ကျန်ခဲ့လေသည်။

ထိုအခါမှ ငမဲအောင်က မေးသည်။

“နီမောင်. . . သက်သာသွားပြီးလား”

“စောစောကအတိုင်းပဲ ဒဏ်ရာက အတော်ကလေး နာ

နေသေးတယ်၊ သံပြားစွန်းနဲ့ ခြစ်မိထားတော့ သံအဆိပ်တက်နေတာ ဖြစ်မယ်"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဒဏ်ရာပျောက်မှ အဖျားကျမယ်ထင်တယ်"

"မင်းဘယ်လိုလုပ်ချင်သလဲ ပြောလေ၊ မင်းဆန္ဒရှိတဲ့အတိုင်း ငါတို့ လုပ်ပေးမှာပေါ့"

"ဆေးဆရာတစ်ယောက်နဲ့ ကုချင်တယ်"

"ငါတို့ နေတဲ့နေရာမှာ ဆေးဆရာမှ မရှိတာ၊ နတ်ဆရာပဲ ရှိတော့ ဘယ်လိုလုပ်မလဲ"

"တစ်ခါတုန်းက ငါတို့ကျွန်းကို ရောက်လာပြီး ဆေးကုပေးသွားတဲ့ဆရာကြီး သွားခေါ်မှ ဖြစ်မယ်"

"ဆရာကြီးက ဘယ်မှာလဲ"

"သူ့နာမည်က ဦးဇန်ကောင်းလို့ ခေါ်တယ်၊ သူက ကော့သောင်မှာ ရှိတယ်"

ထိုစကားကြောင့် ခဏတော့ အားလုံးငြိမ်သွားကြသည်။

ကော့သောင်အထိ ရောက်အောင်သွားဖို့ မလွယ်မှန်းတော့ သူတို့အားလုံး သိကြလေသည်။

သို့သော်လည်း ဖြစ်နိုင်ရန် ခက်ခဲသော်လည်း ဖြစ်အောင် လုပ်ပေးဖို့တော့ ဆန္ဒရှိကြလေသည်။

"မင်း ဘာမှမပူနဲ့ နီမောင်၊ ကုန်ပို့တဲ့စက်လှေ လာရင်





ငါတို့ လိုက်သွားပြီး ဆရာကြီးကို ခေါ်လာခဲ့ပေးမယ်"

ဟု ကတိပေးကြလေသည်။

နောက်ရက်မှာတော့ ကော့သောင်မှ ကုန်ပို့သော စက်လှေ ရောက်လာသောကြောင့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် ကော့သောင်သို့ လိုက်သွားကြသည်။

ထိုရက်မှာတော့ နီမောင်အခြေအနေက ပိုဆိုးလာသည်။ အနာရှိန်ကြောင့် အဖျားက မကျသည့်အပြင် အနာကလည်း တဖြည်းဖြည်း ရင်းလာသည်။

ထိုရက်များအတွင်းမှာတော့ မြဝင်းသူတို့သားအဖကပင် ကြည့်ရှုစောင့်ရှောက်ပေးထားကြရသည်။

နီမောင့်အခြေအနေက သတိလစ်သွားလိုက် ပြန်ရလာလိုက် ဖြစ်နေသည်။

နောက်နှစ်ရက်လောက်ကြာတော့ သံပချိုင်တို့ စက်လှေနှင့် စောထီးတို့ ပြန်ရောက်လာသည်။

ဆေးဆရာကြီးဦးဇန်ကောင်း ပါလာလေသည်။

စမင်ကျွန်းသို့ ရောက်သောအခါ ဦးဇန်ကောင်းက လူနာအခြေအနေကို ကြည့်ပြီး အရင်ဆုံး အနာငန်းဝင်နေသည်ကို ကုပေးသည်။ ငန်းကျသွားတော့ အဖျားပျောက်အောင် ကုသည်။ အနာရှိသောနေရာသို့ ရေနံချေး၊ ကျပ်ခိုးမှိုင်း၊ နနွင်းစသောအရာများ သုံးပြီး မှိုင်းခံပေးရာ ချက်ချင်းသက်သာခွင့်ရသည်။ ထိုအခါမှ အနာရှိန်တက်၍ ဖျားနေသောရောဂါကို

ဆက်ကုပေးသည်။ တစ်ရက်နှစ်ရက်အတွင်းမှာ ရောဂါများ သက်သာသွားပြီး သတိကောင်းစွာရလာလေတော့သည်။ ထိုအခါမှ ကျန်လူများမှာ သက်ပြင်းချနိုင်ကြတော့သည်။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ဆရာကြီး လိုက်လာပြီး ကုသပေးလို့သာပေါ့၊ ကျွန်တော်တို့ကတော့ ဒီတစ်ခါ ဒုက္ခတွေ့ကြပြီလို့ အောင်းမေ့ထားတာ၊ နတ်ဆရာက ပယောဂ ဖမ်းစားထားတာလို့ ပြောသွားတယ်၊ ဘယ်လိုပယောဂမျိုးလဲ ဆရာကြီး"

စောထီးက မေးလိုက်လေရာ ဦးဗန်ကောင်းက ကွမ်းယာကို အေးအေးဆေးဆေး စားရင်းနှင့် ပြုံးနေသည်။ ပြီးမှ ရှင်းပြသည်။

"မင်းတို့လူကို ဘယ်ပယောဂမှ ဖမ်းစားတာ မဟုတ်ပါဘူး၊ သံဆိပ်တက်ပြီး ငန်းဝင်နေတာပါ၊ နည်းနည်းနောက်ကျပြီးမှ ကုရင်တော့ မေးခိုင်ပြီး အသက်ဆုံးနိုင်တာပေါ့"

"နီမောင်ကို အခုလို သေတွင်းက ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်တို့သုံးယောက်ရဲ့ အဖြစ်မှာ သေတွင်းထဲ ဆင်းခဲ့ရသလိုပါပဲ"

ငမဲအောင် စကားကြားသောအခါ ဦးဗန်ကောင်းက စိတ်ဝင်စားသွားဟန်ရှိလေသည်။

"ဘယ်လိုများ ဖြစ်ခဲ့လို့လဲ. . . ပြောပြပါဦးကွယ်"

"ကျွန်တော်တို့အဖြစ်က တစ်သက်နဲ့တစ်ကိုယ် မကြုံဖူး





အောင် ဆန်းကြယ်ပါကယ်၊ ပင်လယ်ပြင်မှာ ပိုက်ချထားတုန်း လူတစ်ယောက်မှ မပါတဲ့ သင်္ဘောပျက်ကြီးတစ်စင်းက ဝင်တိုက်သွားတာပါပဲ"

ငမဲအောင်က အကြောင်းစုံ ပြောပြလေရာ ဦးဗန်ကောင်းက စိတ်ဝင်စားစွာဖြင့် နားထောင်လေသည်။

"ဆရာကြီး. . . အဲဒါ ဘယ်လိုသင်္ဘောမျိုးလဲဟင်"

"တစ္ဆေသင်္ဘော ဖြစ်မှာပေါ့"

"လူတွေလည်း တစ်ယောက်မှ မပါဘဲနဲ့ မီးတွေ လင်းထိန်နေပြီး ဘယ်လိုမောင်းလာတာလဲဟင်"

"သင်္ဘောပေါ်မှာ ပါတဲ့လူတွေကို မင်းတို့မှ မမြင်နိုင်ဘဲကိုး"

"ဘယ်သူတွေလဲဟင်"

"ဝိညာဉ်တွေလေ. . . ဝိညာဉ်တွေဆိုမှတော့ ဘယ်မှာ မြင်ရတော့မှာလဲ"

ထိုစကားကို ကြားရသောအခါ အနားမှာ ရှိနေကြသူတွေအားလုံး တအံ့တသြဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ဒါမျိုးတွေက တကယ်ရှိလားဟင်၊ ဆရာကြီးပြောတဲ့ တစ္ဆေသင်္ဘောဆိုတာကရော တကယ်ရှိသလားဟင်"

"ရှိတာပေါ့ကွယ်. . . ပင်လယ်သမုဒ္ဒရာတွေထဲမှာ သွားလာနေကြတဲ့ တစ္ဆေသင်္ဘောတွေ အများကြီး ရှိတာပေါ့၊ အ

ကျောင်းတိုက်ဆိုင်တဲ့လူတွေလည်း မြင်ကြရတယ်၊ တချို့လည်း မမြင်ရဘူး၊ တချို့လည်း တစ္ဆေသဘော်တွေနဲ့ တွေ့ပြီးအန္တရာယ်တွေနဲ့ ကြုံကြရတယ်၊ တချို့လည်း ကံကောင်းထောက်မပြီး လွတ်ခဲ့ကြတယ်၊ တစ္ဆေသဘော်တွေဆိုတာ ရှေးနှစ်ပေါင်းများစွာ ကတည်းက ပင်လယ်သမုဒ္ဒရာတွေထဲမှာ ရှိနေခဲ့ကြတယ်၊ သူတို့ကြောင့် သေကြတဲ့လူတွေလည်း မနည်းကြတော့ပါဘူး၊ မင်းတို့တတွေက တစ္ဆေသဘော်နဲ့ တွေ့ခဲ့ပြီးမှ အသက်မသေဘဲ ကျန်ခဲ့ကြတာဆိုတော့ ကံကောင်းတယ်လို့ ပြောရမှာပဲ"

ဆရာကြီးဦးဗန်ကောင်းစကား ကြားတော့မှ အားလုံး ပါးစပ်အဟောင်းသားနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။





# အခန်း(၇)
# ပင်လယ်ပြင်ပေါ်မှ ပဟေဠိစာတစ်စောင်

ဦးဗန်ကောင်း ကုသပေးမှုကြောင့် ဒဏ်ရာမှာ သက်သာ ပျောက်ကင်းသွားရုံမက အဖျားရောဂါပါ ပျောက်ကင်းသွားပြီ ဖြစ်သောကြောင့် အလုပ်ဆင်းရန် ပြင်ရတော့သည်။ သို့သော် သူတို့တွင် လှေမရှိတော့ပေ။ ဦးမွန်ထော်က ၎င်းတို့လှေကိုပင် တစ်ရက်ခြား ယူသုံးရန် ပြောသဖြင့် လောလောဆယ်တော့ အလုပ်လုပ်ရန် လှေရရှိကြသည်။ သို့သော်လည်း နီမောင်က သိပ်မလုပ်နိုင်သေးဘဲ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က သာ အလုပ်လုပ်ကြလေသည်။ သို့အတွက်ကြောင့် ထမင်းစားဖို့

အတွက်တော့ ရလေသည်။ တစ်နေ့တွင် နီမောင်ရှိရာသို့ မြသင်းကြူ ရောက်လာလေသည်။

“နီမောင်. . . နင် နေကောင်းသွားပြီလား”

“ကောင်းသွားပါပြီ”

“နင့်ကြည့်ရတာ သိပ်ပြီးနေကောင်းပုံ မရသေးဘူး၊ နားနေပါဦးလား”

“နားလို့မဖြစ်သေးဘူး မြသင်းကြူရဲ့၊ ငါတို့မှာ လှေမရှိတော့ လှေတစ်စင်း အစားပြန်ရဖို့ ကြိုးစားနေကြရတယ်”

“ငါ အခုလာတာ နင့်ကို ပြောစရာတစ်ခုရှိလို့”

“ပြောလေ. . . ဘာပြောမှာလဲ၊ ငါ ဘာအကူအညီပေးရမလဲ”

“ဒီတစ်ခါ နင့်ဆီက အကူအညီယူဖို့ မဟုတ်ပါဘူး ငါက အကူအညီပေးမလို့ပါ”

နီမောင်က မြသင်းကြူကို ကြည့်သည်။

“ငါ့မှာ စုထားတဲ့ငွေ ရှိတယ်၊ လှေတစ်စင်းဖိုးတော့ ရမှာပါ၊ အဲဒါ နင့်ကို ပေးချင်လို့၊ နင်ယူပြီး လှေဝယ်လိုက်ရင် အဆင်ပြေမယ် မဟုတ်လား”

“အဆင်တော့ ပြေမှာပေါ့၊ ဒါပေမယ့် ငါမယူပါရစေနဲ့ မြသင်းကြူရယ်၊ နင့်ရဲ့စေတနာကို အသိအမှတ် မပြုချင်လို့ ပြောတာ မဟုတ်ပါဘူး၊ တော်ကြာ နင့်မိဘတွေ သိသွားရင် တစ်မျိုး ထင်ကြမှာစိုးလို့ပါ”





“အဖေသိလည်း ဘာမှပြောမှာမဟုတ်ပါဘူး၊ နောက်ပြီး ဒီငွေကလည်း ငါ့စုထားတဲ့ကိုယ်ပိုင်ငွေပါ၊ ငါပေးတာကို မယူဘဲနေလို့တော့ မရဘူး၊ အလကား မယူချင်ရင် နောက်တော့ ပြန်ဆပ်ပေါ့၊ ဒါပေမယ့် တကယ်လို့ ပြန်ဆပ်ရင် အတိုးရော အရင်းပါ ဆပ်မှဖြစ်မှာနော်”

ဟု ပြောကာ အတင်းပေးသဖြင့် ယူထားလိုက်ရလေသည်။

“နင့်ကို သိပ်ပြီးကျေးဇူးတင်ပါတယ် မြသင်းကြူရယ်၊ တစ်နေ့ကျရင် ဒီကျေးဇူးတွေကို ပြန်ဆပ်နိုင်အောင် ငါကြိုးစားပါ့မယ်”

“ရပါတယ် နီမောင်ရယ်၊ နင်အဆင်ပြေသွားတယ်ဆိုရင် ငါ ဘာကိုမှ မျှော်လင့်မထားပါဘူး”

မြသင်းကြူ ပေးသွားသောငွေမှာ မနည်းလှပေ။ ငွေ (၃၀၀)ခန့် ရှိသောကြောင့် လှေတစ်စင်း ကောင်းကောင်းဝယ်နိုင်ရုံမက ပိုက်နှင့်အခြားပစ္စည်းများပါ ဝယ်ယူနိုင်ရန် ကောင်းစွာ လုံလောက်လေသည်။

သို့ကြောင့် နောက်ပိုင်းမှာတော့ ဦးမွန်ထော်တို့လှေကို ငှားစရာမလိုတော့ဘဲ မိမိတို့ကိုယ်ပိုင်လှေ ကိုယ်ပိုင်ပိုက်ဖြင့် အလုပ်ဆင်းနိုင်သော အခြေအနေသို့ ပြန်ရောက်သွားကြလေသည်။

“မြသင်းကြူက မင်းအပေါ်မှာတော့ အတော်ခင်ပုံ

ရတယ်"

"စောထီးကလည်းကွာ. . . ခင်ရုံနဲ့တော့ ဒီလောက်ငွေ
တွေကို ရက်ရက်ရောရောနဲ့ အကူအညီပေးပ့ါမလား၊ ဒီထက်
ပိုလို့သာ ဖြစ်မှာပေါ့"

"မင်းတို့ကလည်းကွာ. . . သူက စေတနာနဲ့ အကူ
အညီပေးတာကို တစ်မျိုးထင်မနေစမ်းပါနဲ့"

"ဘာမှ စိုးရိမ်မနေပါနဲ့ နီမောင်ရယ်၊ မင်းကသာ ကာယ
ကံရှင်ဖြစ်နေလို့ မသိပေမယ့် နံဘေးက ကြည့်တဲ့လူတွေကတော့
သိသာပါတယ်၊ မြသင်းကြူက မင်းကို တကယ် သံယောဇဉ်ရှိနေ
တာကွ၊ စိတ်ကူးလွဲမနေစမ်းပါနဲ့ကွာ၊ မြသင်းကြူဟာ မင်းဘဝ
အတွက် အဖော်ကောင်း ဖြစ်လာနိုင်ပါတယ်"

ဟု ပြောဆိုကြသော်လည်း နီမောင်ကတော့ ထွေထွေ
ထူးထူး စိတ်ကူးမျိုး မပေါ်သေးပေ။ ထိုရက်အတွင်းမှာ ငါးအ
အမိ ကောင်းသောကြောင့် စားသောက်ဖို့ ရသည့်အပြင် အလု
မဆင်းနိုင်သောရက်များက တင်ထားသောကြွေးများကိုပင် ပြ
လည်ဆပ်နိုင်ကြလေသည်။

နောက်ပိုင်း ၎င်းတို့ကြွေးများ ဆပ်ပြီးသောအခါ ကင
ပေးထားသည့်အတိုင်း ကိုငွေသီးတို့မိသားစု ပေးစရာရှိသော
ကြွေးများကိုပင် အတန်အသင့် ဖဲ့ဆပ်ပေးနိုင်ကြသည်။

တစ်နေ့မှာတော့ ညနေစောင်းအချိန်တွင် ပင်လယ်ပြ
မှာ ပိုက်ချထားစဉ် အတော်ဝေးဝေးနေရာမှ ထူးဆန်းသောအ





တစ်ခုကို လှမ်းမြင်ကြရလေသည်။ ဝင်လုဆဲဆဲ နေရောင်ခြည်
ဖြင့် ထိလိုက်သောအခါ ရေပြင်ပေါ်မှာ အရာဝတ္ထုသည် အလင်း
ရောင်များ လက်ကနဲ လက်ကနဲ ပေါ်ထွက်လာနေခြင်းဖြစ်သည်။
ထိုအရာဝတ္ထုသည် လှိုင်းလုံးများကြားသို့ ရောက်သွားသောအခါ
အလင်းရောင် ပျောက်သွားပြီး လှိုင်းထိပ်ပေါ်သို့ ပြန်ရောက်လာ
သောအခါ အရောင်လက်လာပြန်သည်။ ထိုအရာဝတ္ထု ရှိသော
နေရာမှာ ကိုက်နှစ်ရာသုံးရာခန့် အကွာအဝေးလောက်တွင် ရှိပေ
လိမ့်မည်။

"ဘာပစ္စည်းဖြစ်မလဲကွ"

"သင်္ဘောပေါ်က ကျခဲ့တဲ့ တစ်ခုခုဖြစ်မှာပေါ့"

"ငါတို့ သွားကြည့်ရင် မကောင်းဘူးလား"

"ပိုက်ချထားတာ ဒီအတိုင်း ထားခဲ့လို့ ဖြစ်ပ့ါမလား"

"ပင်လယ်ပြင်မှာ အလင်းရောင် ရှိနေသေးတာပဲ၊ သိပ်
ကြာမယ် မထင်ပါဘူး"

ထို့နောက် ပိုက်လက်နားထိပ်တွင် တပ်ဆင်ထားသော
ဖော့လုံးပေါ်မှာ ဝါးတံဖြင့် ပြုလုပ်ထားသော ကာလီတံဟု ခေါ်
သည့် အလံတိုင်ကလေးကို စိုက်ထားခဲ့ပြီး ထိုနေရာသို့ လှော်
ခတ်သွားကြလေသည်။ တကယ်တမ်းတွင် ပင်လယ်ပြင်၏
သဘာဝအတိုင်း လှမ်းမြင်နေရသော အရာဝတ္ထု ရှိရာသို့ ရောက်
နိုင်ရန် အချိန်အတော်ပေးကြရသည်။ သုံးယောက်သား အား
ကြိုးမာန်တက် လှော်ခတ်သွားသည့်တိုင် နေရာအနှံ့အပြား၌

ရှိနေသော လှိုင်းလုံးများ၏အတားအဆီးကြောင့် တော်တော်နှင့် မရောက်နိုင်ဘဲ ရှိလေသည်။ တဖြည်းဖြည်းနှင့် အလင်းရောင်ကလည်း လျော့ပါးစပြုလာပြီဖြစ်ရာ မြင်နေရသောအရာမှာ ပျောက်ချည်ပေါ်ချည်နှင့် ခပ်ရေးရေးသာ လှမ်းမြင်နိုင်တော့သည်။ သုံးယောက်သား အတော်ကြီး အားစိုက်လှော်ခတ်သွားတော့မှ နောက်ဆုံး မှောင်စပျိုးသောအချိန်ရောက်တော့မှ ထိုနေရာပတ်ဝန်းကျင်သို့ ရောက်သွားကြသည်။

သို့ကြောင့် နေရောင်ခြည်နှင့် ဆည်းဆာရောင်များ ပျောက်သွားပြီဖြစ်သောကြောင့် အရောက်တလက်လက် ထွက်နေခြင်းများ မရှိတော့သဖြင့် ဘယ်နေရာ ရှာရမှန်း မသိအောင် ဖြစ်သွားကြသည်။ သို့သော်လည်း ထိုနေရာ ပတ်ဝန်းကျင်သို့ လိုက်လံရှာဖွေကြရာ နောက်ဆုံးတွင် ၎င်းတို့လှေနှင့် ကိုက် အနည်းငယ် ကွာဝေးသောနေရာတွင် မျောပါနေသော အရာဝတ္ထုကို လှမ်းမြင်ကြရလေသည်။

“ဟိုမှာ. . . ဟိုမှာ”

ထိုနေရာသို့ ရောက်အောင် လှော်သွားပြီး ကြည့်လိုက်သောအခါ ဝါးကျည်တောက် အရွယ်အစားလောက် ရှိပြီး နှစ်ပေခန့် ရှည်သော သတ္တုဗူးတစ်ဗူးကို တွေ့ကြရသည်။ ထို့ကြောင့် ထိုဗူးကို ဆယ်ယူပြီးနောက် ပိုက်ချထားသောနေရာသို့ ပြန်လှော်လာခဲ့ကြသည်။ မိမိတို့ ပိုက်နေရာ ပြန်ရောက်မှ လှေကို ပြန်တွဲချည်ပြီး နားကြရသည်။





“ဘာဗူးလေးလဲ ဖွင့်ကြည့်ကြရအောင်”

ဟု ပြောပြီး အလုံပိတ်ထားသော သတ္တုဗူးကလေးကို ဖွင့်ကြလေသည်။ ရေပြင်ပေါ်မှာ မျောပါနေခဲ့သည်မှာ အတန်ကြာခဲ့ပြီ ဖြစ်ဟန်ရှိသဖြင့် ဆားငန်ရေများနှင့် ကိုက်နေသောကြောင့် အချိန်အတော်ကြာကြာ ကြိုးစားဖွင့်မှ ပွင့်သွားလေသည်။ အတွင်းမှာတော့ အခြားပစ္စည်းမပါဘဲ စာရွက်လိပ်ကလေးတစ်လိပ်သာ ပါသဖြင့် ထုတ်ယူလိုက်သည်။ ကျစ်ကျစ်ပါအောင် လိပ်ထားသောစာရွက်လေးကို ကြိုးစားဖြေပြီး နီမောင်က ကြည့်လိုက်သည်။ သို့သော် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားခြင်းဖြစ်သောကြောင့် သူနားမလည်ပေ။ ကျန်နှစ်ယောက်ကလည်း ကြည့်ရုံသာ ကြည့်ကြသည်။ ရေးထားသောစာများကို မဖတ်နိုင်သော်လည်း နီမောင်စိတ်ထဲမှာတော့ ထူးခြားမှု ဖြစ်နေသည်။ ထိုစာရွက်ကို ကိုင်ထားရင်း မကောင်းဆိုးဝါးများ အနားရောက်လာသကဲ့သို့ စိတ်ထဲမှာ ခံစားနေရသည်။ ပင်လယ်ထဲမှာ မျောပါနေသော အရာဝတ္ထုများနှင့် ပတ်သက်ပြီး ဆရာကြီး ဒဂုန်ရွှေမျှား ရေးသားခဲ့သည့် မှတ်တမ်းတစ်ခုမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

ယခုအချိန်အခါကဲ့သို့ ဝိုင်ယာလက်ကီရိယာများ မပေါ်မီ ရှေးခေတ်က ပင်လယ်ခရီးသွားသင်္ဘောများသည် တကယ့် အကျပ်အတည်းနှင့် တွေ့ကြုံရသည့်အခါ မိမိတို့ အလိုရှိရာများကို စာရွက်ပေါ်၌ဖြစ်စေ၊ အခြားတစ်စုံတစ်ခုသော ဝတ္ထုပစ္စည်း

ပေါ်၌ဖြစ်စေ၊ အမှတ်အသား ရေးခြစ်ကာ ပုလင်းတစ်လုံးထဲ၌ အလုံပိတ်ပြီးသော် ပင်လယ်ထဲသို့ ပစ်ချကြ၏။

ဤနည်းတစ်နည်းသာလျှင် ပျောက်ဆုံးသွားသော သင်္ဘောများ၊ လူမရှိသည့်ကျွန်းများပေါ်တွင် သောင်တင်ကာ ခိုကိုးရာမဲ့ ဖြစ်နေသည့် ပင်လယ်ခရီးသည်များ၏အားထားရာ ဖြစ်လေသည်။

သို့သော် ထိုနည်းမှာ လွန်စွာပင် အထမြောက် အောင်မြင်ခဲသောနည်းဖြစ်၍ စာနှင့် ပစ်ချသော ပုလင်းပေါင်းများစွာ အနက် အနည်းအကျဉ်းသာလျှင် တွေ့ရလေသည်။

ဤအလေ့အထမှာ ကမ္ဘာ့ဆက်သွယ်ရေးများကို ကြေးနန်း ဝိုင်ယာလက်၊ ရေဒီယို အစရှိသော လောကဓာတ်ပညာဖြင့် ဆက်သွယ်မှုများ မပေါ်မီ ရှေးနှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သော အလေ့အထ ဖြစ်ပေသည်။

ယခုကာလတွင် လောကဓာတ်ပညာနှင့် ကမ္ဘာ့ရာသီဥတု ခန့်မှန်းချက်ရုံးကြီးများက ဤပုလင်းမျှောသည့် အလေ့အထကို ဆက်လက်အသုံးပြုလျက်ရှိလေသည်။

ဤသို့အသုံးပြုခြင်းမှာ ထိုပုလင်းများ၏ခရီးအသွားအလာကို ထောက်ထား၍ ပင်လယ်ရေပြင်တွင် လေအတိုက်အခတ်၊ လှိုင်းများ အသွားအလာစံချိန်၊ ရေစီးကြောင်းများ အနေအထား စသည်တို့ကို သိရှိစုံစမ်းရန်ဖြစ်သည်။

ပင်လယ်တွင်းသို့ မျှောသောပုလင်းများထဲတွင် ပုလင်း





တွေ့ရသည့်နေရာ၊ ပုလင်းတွေ့စဉ် အရှေ့၊ အနောက်၊ တောင်၊ မြောက် အမှတ်အသားတို့ကို ထည့်သွင်းရေးမှတ်ရန် ပုံစံစာရွက်တစ်ရွက် ပါသဖြင့် တွေ့ရှိသူသည် ထိုပုံစံစာရွက်ပေါ်၌ လိုအပ်သော ထိုပုံစံစာရွက်ကို ဖော်ပြထားသည့်လိပ်စာအတိုင်း စာတိုက်မှ ပြန်၍ထည့်ရ၏။

ဤသို့ဆောင်ရွက်ပေးသည့်အတွက် ပုလင်းတွေ့ရှိသူမှာ ဆုငွေများ ရရှိလေသည်။

ယခင်က ကုန်သင်္ဘောများ၊ စစ်သင်္ဘောများနှင့် စူးစမ်းရှာဖွေရေးသင်္ဘောများမှ ပစ်ချသောပုလင်းများမှာ နိုင်ငံရေးနှင့် ပတ်သက်သည့် အလွန်အရေးကြီးသော အချက်အလက်များ ပါရှိရာ ထိုပုလင်းများ တွေ့ရှိက တွေ့သူအား ဖွင့်ရန် အခွင့်မပြုဘဲ အစိုးရက ခန့်ထားသော (ပုလင်းဖွင့်)အရာရှိထံ သွားရောက်ပေးအပ်ရလေသည်။

အစိုးရနှင့် ပတ်သက်သောစာများ ပါသည့် ပုလင်းများကို ဖွင့်လျှင် သေဒဏ်ပင် ပေးနိုင်သောဥပဒေ ထားရှိသည်။ ထို(ပုလင်းဖွင့်)အရာရှိ ခန့်ထားရေး ဥပဒေမှာ တတိယမြောက် ဂျော့ဘုရင်လက်ထက်တွင်မှ ကွယ်ပျောက်သွားလေသည်။

ရှေးခေတ်က ပစ်ချခဲ့သော ပုလင်းများမှာ အာတိတ်သမုဒ္ဒရာ၊ အန္တာတိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာမှစ၍ သမုဒ္ဒရာ(၇)စင်းအတွင်းတွင် ယခုထက်တိုင် ရှိနေသေးသည်။

(၁၉၄၉)ခုနှစ်ဦးလောက်က ဗွီလက်ရှိ ကမ်းခြေအနီးတွင် ရုရှားလူမျိုး တံငါသည်တစ်ယောက်သည် လွန်ခဲ့သော(၄၅) နှစ်က ပစ်ချခဲ့သော ပုလင်းတစ်လုံးကို တွေ့ရှိလေသည်။

ပုလင်းအတွင်းရှိ စာမှာ အင်္ဂလိပ်ဘာသာနှင့် နော်ဝေးဘာသာ နှစ်ဘာသာဖြင့် "မြင်း(၅)ကောင်နှင့် ခွေး(၁၅၀)သာ ကျန်တော့သည်၊ မြက်ခြောက်၊ ငါးနှင့် ခွေးလှည်း(၃၀) အမြန်အလိုရှိသည်။ ဩဂုတ်လတွင် ပြန်ရမည်. . . ဘော်လဒွင်" ဟု ရေးသားပါရှိလေသည်။

အီဗွင်နလီဘော်လဒွင်ဆိုသူမှာ ဝင်ရိုးစွန်းသို့ သွားရောက်ရှာဖွေသော ပင်လယ်ခရီးသွား သူရဲကောင်းတစ်ယောက်ဖြစ်၍ (၁၉၀၂)ခုနှစ်က ၎င်းကို ရှာမတွေ့ရတော့ကြောင်းနှင့် ရေဘက်ဌာနရုံးတွင် မှတ်တမ်းတင်ထားပြီးဖြစ်လေသည်။

နယူးဇီလန်မြောက်ဘက်ကျွန်း၏ အနောက်ဘက်ကမ်းခြေတွင် လွန်ခဲ့သော(၄)နှစ်လောက်က ရသောပုလင်းတစ်လုံးမှာ ရက်စွဲအရ နှစ်ပေါင်း(၄၆)နှစ်မျှ ရှိပြီး အစိုးရနေ၊ လ၊ နက္ခတ်ဘက်ဆိုင်ရာ အရာရှိကြီးသို့ ပေးရန် ဖြစ်လေသည်။

၎င်းမှာ ဘိုသာနီယာ သင်္ဘောကပ္ပတိန်က လတ္တီတွဒ်(၉၀)တွင် ရေစများကို စုံစမ်းရန် ညွှန်ကြားချက်အရ ရေးသားထားသောမှတ်တမ်းများ ပါရှိ၏။

(၁၉၀၈)ခု၊ နိုဝင်ဘာလ(၁၈)ရက်နေ့တွင် ဆွီဒင်ပြည်ကမ်းခြေမှ ပစ်ချခဲ့သော ပုလင်းတစ်လုံးကို လွန်ခဲ့သော(၁၉၃၆)





ခုနှစ်ကမှ ဗြိတိသျှ ကောလံဘီယာနယ်၊ ဝိတိုရိယမြို့အနီးတွင် တွေ့ရှိကောက်ယူရ၏။

(၁၉၃၅)ခုနှစ်တွင် ဂျပန်ပြည် ကမ်းခြေမြို့တစ်မြို့အနီးမှ တွေ့ရှိရသော ပုလင်းတစ်လုံးအတွင်းမှ သစ်သားစများပေါ်တွင် ရေးခြစ်ထားသောစာများမှာ အနည်းငယ် စိတ်ဝင်စားဖွယ်ကောင်းလေသည်။

ထိုစာမှ ရက်စွဲမှာ (၁၇၈၄)ခုနှစ်ဖြစ်၍ နှစ်ပေါင်း(၁၅၁) နှစ်ကျော် ကြာမြင့်ခဲ့လေပြီ။

စာ၏အဆိုမှာ ထိုနှစ်က ဂျပန်သင်္ဘောတစ်စင်းသည် ရွှေငွေပစ္စည်းဘဏ္ဍာ မြောက်များစွာ ရှိသော "သိုက်" ရှိသည့် ကျွန်းတစ်ကျွန်းသို့အလာတွင် လေပြင်းမုန်တိုင်းမိ၍ သင်္ဘောသား(၄၅)ယောက်တို့မှာ လူသူမရောက်သော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိနေရာ နောက်ဆုံးတွင် သင်္ဘောသားများသည် အစာငတ်၍ တဖြည်းဖြည်း သေကျေပျက်စီးကုန်ကြောင်း မာစဒူယာမားဆိုသူ သင်္ဘောသားတစ်ယောက်က ၎င်းတို့၏အဖြစ်အပျက်ကို သစ်သားစများပေါ်တွင် သံချောင်းဖြင့် ရေးခြစ်၍ ပုလင်း၌ထည့်ပြီးလျှင် ပင်လယ်ထဲသို့ ပစ်ချခဲ့ခြင်းဖြစ်သည်။

အယ်လစ်ဇဘက်ဘုရင်မကြီး အုပ်စိုးစဉ်အခါက အင်္ဂလန်ကျွန်း ဒိုဗာကမ်းခြေတွင် တွေ့ရသောပုလင်းတစ်လုံးမှာ ယခင်က ရုရှားလူမျိုးများ အုပ်စိုး၍ နောက်မှ ဗြိတိန်တို့က သိမ်းပိုက်လိုက်သည့် အာတိတ်သမုဒ္ဒရာအတွင်းရှိ စတုရန်းမိုင်

(၃၀၀၀၀)မျှ ရှိသော "နိုဗာဇင်မလာကျွန်း" နှင့် ပတ်သက်သော နိုင်ငံရေးလျှို့ဝှက်ချက်များ ပါရှိသည်။

ထိုပုလင်းကို တွေ့သည်မှ အစပြု၍ အထက်ပါ ဥပဒေကို ထုတ်ပြန်ပြီးလျှင် အစိုးရပုလင်းဖွင့်အရာရှိ ခန့်ထားသော ပုလင်းဥပဒေ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေသည်။

ထိုဥပဒေကို တတိယမြောက် ဂျော့ဘုရင်လက်ထက်သို့ ရောက်သည့်အခါ ပယ်ဖျက်လိုက်လေသည်။

အထက်ပါ အထောက်အထားမှတ်တမ်းများအရ ပင်လယ်ပြင်မှာ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသူများမှာ အခြားသူများ သိစေနိုင်ရန် နည်းအမျိုးမျိုးနှင့် အကူအညီတောင်းခဲ့ကြလေသည်။

ယခုလည်း နီမောင်တို့လက်ထဲမှာ သတ္တုဗူးတစ်ဗူးနှင့် စာရွက်ရောက်ရှိနေခဲ့လေပြီ။

ထိုစာ၌ ရေးသားထားသော အကြောင်းအရာများမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသောကြောင့် နားမလည်ကြသော်လည်း တစ်စုံတစ်ယောက်က အကူအညီတောင်းလိုက်သည့်စာ ဖြစ်မည်ဟုတော့ ယူဆကြလေသည်။

ထို့ထက် ၎င်းစာရွက်ကို ကိုင်ထားသောအချိန်တွင် အသည်းနှလုံးကို လက်အေးကြီးနှင့် ဆုပ်ကိုင်ထားသကဲ့သို့သော်လည်းကောင်း၊ မမြင်ရသော်လည်း မိမိနံဘေးမှာ အခြားတစ်စုံတစ်ယောက် ရှိနေပြီး အကူအညီတောင်းနေသကဲ့သို့သော်





လည်းကောင်း စိတ်ထဲမှာ ထင်နေမိသည်။

"ဘာတွေရေးထားမှန်းလဲ မသိဘူး၊ ဘယ်လိုလုပ်မလဲ နီမောင်"

"ငါတို့ မဖတ်တတ်တော့လည်း ဖတ်တတ်တဲ့လူ တစ်ယောက်ယောက် ပြကြည့်ရင်ကောင်းမယ်"

"မင်းကွာ. . . ငါတို့ရွာမှာ အင်္ဂလိပ်စာ မပြောနဲ့၊ ဗမာစာကိုတောင် ဖတ်နိုင်တဲ့လူ ဘယ်နှစ်ယောက်ရှိလို့လဲ"

"ဒီမှာ ဖတ်နိုင်တဲ့လူ မရှိလည်း တခြားမှာ ရှိမှာပေါ့၊ ငါ့ကို ဆေးကုတဲ့ ဆရာကြီးဦးဗန်ကောင်း ရွာမှာပဲ ရှိနေသေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ. . . ဟိုကခေါ် ဒီကခေါ်နဲ့ မပြန်ရသေးဘူး၊ သူပြတော့ရော သူက အင်္ဂလိပ်စာ ဖတ်တတ်မယ် ထင်လို့လား"

"သူ မဖတ်တတ်လည်း ဖတ်တတ်တဲ့လူကို သိချင်သိမှာပေါ့၊ ရွာကိုပဲ ယူသွားတော့ ကောင်းမယ်"

ဟု ပြောကာ စာရွက်ကို ဗူးအတွင်း ပြန်ထည့်၍ အဖုံးပြန်ပိတ်ကာ သိမ်းထားလိုက်လေသည်။ ရွာသို့ ပြန်ရောက်သောအခါ ဆရာကြီး ဦးဗန်ကောင်းကို လိုက်ရှာပြီး ဗူးနှင့်စာကို ပြလိုသည်။

ဦးဗန်ကောင်းက အသေအချာကြည့်ပြီး ဤသို့ပြောသည်။

"ဒီစာတွေ ငါလည်း မဖတ်တတ်ဘူး၊ ဒါပေမယ့် တစ်ခုခု ထူးခြားနေမယ်လို့တော့ ထင်တယ်၊ ဒီတော့ ဒီဗူးနဲ့စာကို ငါ့ မိတ်ဆွေတစ်ယောက်ဆီကို ပို့ပေးလိုက်မယ်၊ သူရောက်လာရင်တော့ ဒီကိစ္စတွေ အဆင်ပြေသွားနိုင်တယ်"

ဟု ပြောကာ ဗူးကို ယူထားလိုက်လေသည်။





# အခန်း(၀)

# ဒေါက်တာမင်းထင်ကျော်နှင့် ထူးဆန်းသောရေသတ္တဝါများ

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်သည် ခရီးသွားရာမှ ပြန်ရောက်ပြီး မကြာသေးသောကြောင့် အချိန်အားနေသည်ဖြစ်ရာ ခရီးသွားမှတ်တမ်းများကို ပြန်လည်ရေးသားရန်အတွက် စာကြည့်ခန်းထဲတွင် ရှိနေလေသည်။ စာရေးစားပွဲမှာထိုင်ပြီး အကြောင်းအရာ အမျိုးမျိုးတို့ကို မှတ်သားထားသောနိုင်ငံခြား ဒိုင်ယာရီစာအုပ်များကို ထုတ်၍ လှန်ကြည့်နေစဉ် မကြာသေးခင်အချိန်ကမှ ညှပ်ထားသော စာတစ်စောင်က အောက်သို့ ထွက်ကျလာသည်။ ကြည့်လိုက်တော့ ကော့သောင်မှ မြနှင်းဖြူ

ပို့လိုက်သောစာပင်ဖြစ်သည်။

မြနှင်းဖြူ ပေးပို့လိုက်သောစာထဲမှာ ကိုယ်တစ်ပိုင်းရိုက်ထားသော ဓါတ်ပုံတစ်ပုံလည်း ပါလေသည်။

ဒေါက်တာမင်းထင်ကျော်က သူမဓါတ်ပုံကို ကြည့်ပြီး အသည်းနှလုံးတစ်နေရာမှာ ပုန်းကွယ်နေသောခံစားမှုအချို့က ပြန်လည်နိုးထလာသည်။

မြနှင်းဖြူသည် သူ၏ချစ်သူပင်ဖြစ်လေသည်။

တက္ကသိုလ်မှာ အတူတက်ကြစဉ်ကပင် ချစ်သူဘဝ ...ာက်ခဲ့ကြခြင်းပင်ဖြစ်၏။

ဘွဲ့ယူပြီးသောအခါ မြနှင်းဖြူက ဖခင်ဖြစ်သူ စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီပေးရန် ကော့သောင်းသို့ ပြန်သွားလေသည်။

မပြန်ခင် နှုတ်ဆက်စကားဆိုစဉ်က. . .

"မောင်. . . ကျွန်မ ကော့သောင်းကို ပြန်ရတော့မယ်၊ ဟိုရောက်သွားပြီးရင်တော့ ဒီကိုပြန်လာဖို့ မလွယ်တော့ဘူး၊ မောင်လာမှပဲ ကျွန်မတို့ တွေ့ရတော့မယ်"

ဟု ဝမ်းနည်းစကား ဆိုလေသည်။

"မောင်က ဝါသနာပါတဲ့ ခရီးသွားလာတဲ့အလုပ်တွေ လုပ်နေမှာဆိုတော့ ကော့သောင်းကိုလည်း ရောက်အောင်လာခဲ့ပါမယ်"

"မောင် လာမယ်ဆိုရင် ကျွန်မ မျှော်နေမယ်နော်"





ဟု ပြောဆိုနှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ဆိုင်သာဆိုင် မပိုင်သောဘဝမျိုးပေမို့ ဒေါက်တာမင်းထင်ကျော်အနေနှင့်လည်း တားပိုင်ခွင့် မရှိခဲ့ပေ။

မြနှင်းဖြူနှင့် မတွေ့ကြရသည်မှာ သုံးနှစ်ကျော်ခဲ့ပေပြီ။ ထိုကာလအတောအတွင်းမှာ စာချင်းသာ အဆက်အသွယ်ရှိကြသော်လည်း လူချင်းကတော့ မတွေ့ကြရပေ။

ယခု မြနှင်းဖြူထံမှ စာနှင့်ဓါတ်ပုံပါ ရောက်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ကျေနပ်မှု ဖြစ်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ချစ်သူ၏ဓါတ်ပုံကို ကြည့်ရင်း ဝေးကွာခဲ့ပြီဖြစ်သော တက္ကသိုလ်ရင်ခွင်မှ နေ့ရက်များကို ပြန်လည်သတိရနေမိလေသည်။

ထို့နောက် မြနှင်းဖြူ ရေးလိုက်သည့်စာကို တစ်ခေါက် ပြန်ဖတ်လိုက်သည်။

*"မောင်. . .*

*မြလေး သတိရစွာဖြင့် စာရေးလိုက်ပါတယ်။*

*မောင်က ကမ္ဘာအရပ်ရပ် နေရာဒေသ အတော်များများကို လှည့်လည်သွားလာပြီး ဝါသနာပါတဲ့အလုပ်တွေကို လုပ်နေရပေမယ့် မြလေးကတော့ ကော့သောင်းပြန်ရောက်ကတည်းက ဘယ်နေရာမှ မရောက်နိုင်တော့ပဲနဲ့ အဖေ့အလုပ်တွေပဲ*

ပိုင်းကူပေးနေရပါတယ်။

ဒါပေမယ့် မောင်ကိုတော့ တစ်နေ့မှ မမေ့ခဲ့ပါဘူး။ တစ်နေ့ကျရင် မောင် ကျွန်မရှိတဲ့နေရာကို ရောက်လာလိမ့်မယ်လို့ မျှော်လင့်နေမိပါတယ်။

မောင့်အပေါ်မှာ သစ္စာရှိလျက်နဲ့ ချစ်နေတဲ့
မြနှင်းဖြူ"

ဟူသောစာကို ဖတ်ပြီးနောက် ရင်မောစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ပြီးနောက် စာရွက်နှင့်ဓါတ်ပုံကို စာအိတ်အတွင်းသို့ ပြန်ထည့်ကာ သိမ်းထားလိုက်လေသည်။

"တစ်နေ့ကျရင်တော့ မြလေးရှိတဲ့နေရာကို မောင်အရောက်လာခဲ့ပါ့မယ်လို့ ရည်စူးထားပါတယ်"

ဟုသာ ရေရွတ်နိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်သည် မိမိသွားလာခဲ့သော ခရီးစဉ်များနှင့် ပတ်သက်ပြီး ထူးဆန်းသောအဖြစ်အပျက်များကို ရေးမှတ်ထားပြီး အချိန်ရသည်နှင့် မှတ်တမ်းများအဖြစ် ပြန်လည်ရေးသားထားလေသည်။

ယခုလည်း မှတ်တမ်းများ ရေးနေစဉ် နေ့လည်လောက်တွင် ဗဟန်းစာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် ရောက်လာသောကြောင့် လက်မှတ်ထိုး၍ ယူထားလိုက်သည်။





ပို့သူ၏လိပ်စာကို ကြည့်လိုက်သောအခါ ကော့သောင်းမှ ဦးဗန်ကောင်း ပို့လိုက်သည့် ပါဆယ်ထုပ်ဖြစ်မှန်း သိရသဖြင့် များစွာစိတ်ဝင်စားသွားလေသည်။

ကပျာကယာ ဖောက်ကြည့်လိုက်သောအခါ စာတစ်စောင်နှင့်အတူ နှစ်ပေခန့် အလျားရှည်သော သတ္တုဗူးတစ်ဗူးကို တွေ့ရလေသည်။ သတ္တုဗူးကို မြင်ရုံဖြင့် ပင်လယ်ပြင်မှာ သွားလာနေသော သင်္ဘောများ အရေးပေါ် အသုံးပြုသောဗူးဖြစ်ကြောင်း သိလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုဗူးကို ဖွင့်မကြည့်မီ ဦးဗန်ကောင်း၏စာကို ဖတ်ကြည့်လိုက်သည်။

သို့/

မောင်ထင်ကျော် . .

သတိရစွာဖြင့် စာရေးလိုက်ရင်းနှင့်ပင် ထူးခြားသောပစ္စည်းတစ်ခုကို ပေးပို့လိုက်ပါတယ်။

အခု စာရေးလိုက်တဲ့အချိန်မှာ ကျုပ်က ပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ်မှာ ရောက်နေတယ်။

အနီးဆုံးလို့ ဆိုရမယ့် ကော့သောင်တောင် အတော်ကလေး အလှမ်းဝေးပြီး လူသူမနီးတဲ့အရပ်ဒေသတစ်ခု ဆိုပါတော့။

အဲဒီမှာ ထူးဆန်းတဲ့အကြောင်းအရာတွေ အဖြစ်အပျက်တွေ ဖြစ်နေတယ်။

သူတို့ရဲ့ပြောပြချက်အရဆိုရင် တစ္ဆေသင်္ဘောတစ်စင်းက ပင်လယ်ထွက်တဲ့လှေတွေကို တိုက်ပြီး လူတွေကို သတ်ပစ်နေတယ်လို့ သိရတယ်။

အချို့လည်း သေကြေပျက်စီးကြပြီး အချို့လည်းပျောက်နေကြတယ်။

ကျုပ်လည်း ဒီအကြောင်းကို အတော်ကလေး စိတ်ဝင်စားနေတယ်။ မောင်ထင်ကျော် လာရင်တော့ ပင်လယ်ထဲ လိုက်ကြည့်ဖို့ စိတ်ကူးထားပါတယ်။

ဒီစာနဲ့အတူ ပင်လယ်ထဲက ရလာတဲ့သတ္တုဗူးလေးကိုပါ ပို့ပေးလိုက်ပါတယ်။

အကျိုးအကြောင်း သိရှိပြီး မောင်ထင်ကျော် လာဖြစ်မယ်ဆိုရင်တော့ စာရေးပြီး အကြောင်းကြားစေလိုပါတယ်။

ဦးဇန်ကောင်း"

ဟု ရေးသားထားလေသည်။

ထို့နောက်မှာ ဒေါက်တာမင်းထင်ကျော်က ဦးဇန်ကောင်း ပို့ပေးလိုက်သော သတ္တုဗူးလေးကို အသေအချာ စစ်ဆေးကြည့်ပြီး အဖုံးကို ဖွင့်လိုက်လေသည်။

ရှေ့မှ လူများ ဖွင့်ထားပြီးဖြစ်သောကြောင့် အလွယ်တကူပင် ပွင့်သွားလေသည်။

အတွင်းမှာ စာရွက်လိပ်တစ်ခု ပါသောကြောင့် ထုတ်ယူ





လိုက်သည်။ ဖြန့်ကြည့်သောအခါ အင်္ဂလိပ်စာကို ကောင်းမွန်စွာ ဘတ်ကျွမ်းသောလက်ရေးများကို တွေ့ရသဖြင့် ဖတ်ကြည့်လိုက်သည်။

"ကျွန်ုပ်၏အမည်မှာ သင်္ဘောကပ္ပတိန် သာခင် ဖြစ်ပါတယ်၊ ကျွန်ုပ် တာဝန်ယူ မောင်းနှင်ရသော သင်္ဘောမှာ ကုန်တင်သင်္ဘောတစ်စင်းဖြစ်ပြီး အမည်မှာ 'မွန်းစတား' ဖြစ်ပါတယ်။

ကျွန်ုပ်တို့သည် ကပ္ပလီပင်လယ်ပြင်မှာ အခေါက်ပေါင်းများစွာ သွားလာခဲ့ဖူးသော်လည်း မည်သည့်အန္တရာယ်များနှင့်မှ မကြုံခဲ့ရပါ။

ကပ္ပလီပင်လယ်ပြင် မြန်မာနိုင်ငံ ရေပိုင်နက် အစပ်နားရောက်သောအခါ မီးများ လင်းထိန်နေအောင် ထွန်းထားပြီး စက်ကုန်ဖွင့်ပြီး မောင်းနှင်လာသော သင်္ဘောတစ်စင်းကို အတော်ဝေးဝေးမှာ ရှိနေစဉ်ကပင် လှမ်းမြင်ရပါတယ်။

အချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သောကြောင့် သင်္ဘောတစ်စင်းနှင့်တစ်စင်း ကောင်းစွာလှမ်းမြင်နိုင်သော အနေအထားမှာပင် ရှိပါတယ်။

ကျွန်ုပ်က လမ်းကြောင်းပြောင်း၍ မောင်းနှင်ရန် ကြိုးစားသော်လည်း ထိုသင်္ဘောက ကျွန်ုပ်တို့သင်္ဘောရှိရာသို့ ဦးတည်ကာ စက်ကုန်ဖွင့်၍ မောင်းနှင်လာနေခြင်းဖြစ်ပါတယ်။

ကျွန်ုပ်က လမ်းပြောင်းရန် အချက်ပြသော်လည်း ၎င်း

က လမ်းမပြောင်းဘဲ ဦးတည်မောင်းလာသောကြောင့် ကျွန်ုပ်တို့သင်္ဘောကိုသာ လမ်းကြောင်းပြောင်းရန် ကြိုးစားရပါတယ်။

ဒါပေမယ့် ကျွန်ုပ်ကြိုးစားချက်က မအောင်မြင်ခဲ့ပါဘူး၊ စက်ကုန်ဖွင့်ပြီး မောင်းလာသော သင်္ဘောက ကျွန်ုပ်တို့သင်္ဘောထက် အသွားနှုန်း ပိုမိုမြန်သောကြောင့် မကြာမီ အနားသို့ ရောက်လာပါတော့တယ်။

ကျွန်ုပ်အပါအဝင် သင်္ဘောသားများက အဝေးကြည့်မှန်ပြောင်းများဖြင့် လှမ်းကြည့်ကြသော်လည်း သင်္ဘောပေါ်မှာ လူတစ်ယောက်မှ မတွေ့ကြရပါဘူး။

မကြာခင် ထိုသင်္ဘောမှာ မနီးမဝေး ရောက်လာသဖြင့် ကြည့်လိုက်တော့ မီးရောင်များ လင်းထိန်နေအောင် ထွန်းထားသော်လည်း သင်္ဘောမှာ သံပြားချပ်များ ကွာနေပြီး အနက်ရောင်ဆေးများ သုတ်ထားသော ကုန်တင်သင်္ဘောအစုတ်ကြီးတစ်စင်းဖြစ်ကြောင်း အံ့သြဖွယ်ရာ မြင်ကြရပါတယ်။ နောက်ဆုံးမှာတော့ ထိုသင်္ဘောပျက်ကြီးက ကျွန်ုပ်တို့သင်္ဘောကို ခါးလယ်မှ ဖြတ်တိုက်ပြီး မောင်းထွက်သွားပါတော့တယ်။

ကျွန်ုပ်တို့သင်္ဘောသာ ခါးကျိုး၍ ပျက်စီးသွားသော်လည်း ၎င်းကတော့ ဘာမှ ထိခိုက်မှု ရှိဟန်မတူဘဲ ဆက်လက်မောင်းနှင်သွားရာက ခဏကြာတော့ မီးရောင်များ ပျောက်သွားပါတော့မယ်။

မကြာခင်မှာ ကျွန်ုပ်တို့သင်္ဘော နစ်မြုပ်ရပါတော့မယ်။





သို့ကြောင့် ကျွန်ုပ်အပါအဝင် သင်္ဘောသားများမှာ အသက်ကယ်လှေများဖြင့် သွားကြရန် ကြိုးစားကြတော့လည်း မအောင်မြင်တော့ပေ။

ကျွန်ုပ်တစ်သက်တာတွင် ထိုမျှ ကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဌာန်များကို မတွေ့ဖူးခဲ့ပါပေ။ ထိုသဏ္ဌာန်များမှာ မကောင်းဆိုးဝါးများသာ ဖြစ်ကြပေမည်။

ထိုသဏ္ဌာန်များက ကျွန်ုပ်တို့ ရှိရာသို့ လာနေကြပြီ။ မကောင်းဆိုးဝါးများ ရောက်လာကြပေပြီ။ မကြာခင် ကျွန်ုပ်တို့အားလုံး သေကြရပေတော့မည်။ ကျွန်ုပ်မသေခင် ထိုစာကို ရေးပြီး အချက်ပြဗူးထဲမှာ ထည့်၍ မျှောလိုက်ပါတယ်။

ဒီစာကို ရသူသည် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးများအကြောင်းကို ကျွန်ုပ်တို့သင်္ဘောကုမ္ပဏီအား ကျေးဇူးပြု၍ အကြောင်းကြားပေးစေလိုပါသည်။

ကပ္ပတိန်သာခင်"

ဟု ရေးသားထားလေသည်။

ထို့ပြင် စာရွက်၏ကျောက်ဘက်တစ်နေရာတွင် ၎င်းတို့သင်္ဘောပျက်သော ပင်လယ်ပြင်၏နေရာကို ဒီဂရီ စကေး၊ ပေ၊ လက်မတို့နှင့် အသေအချာ ဖော်ပြထားလေသည်။

ထို့ပြင် အောက်ဘက်တွင် သင်္ဘောပျက်သော နေ့ရက်နှင့်အချိန်တို့ကိုပါ ရေးထားသည်။

ကပ္ပတိန်သာခင် ဦးစီးသော 'မွန်းစတား' သင်္ဘောပျက်သောနေ့ရက်မှာ (၁၉၅၅)ခုနှစ်၊ ဧပြီလ(၂၉)ရက်၊ (၁၃၁၇ ခုနှစ် ကဆုန်လဆန်း ၈ ရက်)သောကြာနေ့ ညနေ(၆)နာရီ(၃၃)မိနစ် အချိန်ပင်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က ၎င်းမှတ်တမ်းစာအုပ်ထဲတွင် သင်္ဘောပျက်သောအချိန်၊ နေ့ရက်တို့နှင့် သင်္ဘောပျက်သောနေရာကို ညွှန်ပြထားသော မိုင်စကေးတို့ကို အသေအချာ ရေးမှတ်ထားလိုက်လေသည်။

ထိုနောက်မှာတော့ (၁၉၅၅)ခုနှစ်ရှေ့ပိုင်း ထုတ်ဝေခဲ့သော ဂျာနယ်၊ စာစောင်နှင့် သတင်းစာများကို ထုတ်ယူပြီး လိုက်လံကြည့်ရှုသောအခါ မြန်မာနိုင်ငံ လွတ်လပ်ရေး မရခင် (၁၉၄၈)ရှေ့ပိုင်းမှာတော့ မတွေ့ရဘဲ (၁၉၄၈)ခုနောက်ပိုင်း ထုတ်ဝေခဲ့သော သတင်းစာအချို့မှာတော့ ကပ္ပလီပင်လယ်ပြင်မှာ ကုန်တင်သင်္ဘော၊ ငါးဖမ်းစက်လှေနှင့် အခြားခရီးသွားသင်္ဘောများ မကြာခဏ ပျောက်ဆုံးနေကြောင်း သတင်းအချို့ကို တွေ့ရလေသည်။

(၁၉၅၃)ခုနှစ်တွင် ထုတ်ဝေသော သတင်းစာတစ်စောင်တွင် မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြထားသည်ကို တွေ့ရလေသည်။

"ကပ္ပလီပြင်တွင် သင်္ဘောများ ထူးဆန်းစွာ ပျောက်ဆုံးသောသတင်း. . .

ကျွန်ုပ်တို့၏ကမ်းရိုးတန်းတလျှောက်မှာ တာဝန်ထမ်း





ဆောင်နေသော သတင်းထောက်တစ်ဦး၏သတင်းပေးပို့ချက်မှာ အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

ယခုအခါ ပင်လယ်ပြင်မှာ ရာသီဥတု ဆိုးဝါးခြင်း၊ မုန်တိုင်းထန်ခြင်းမျိုး စသော သဘာဝ ဘေးအန္တရာယ်များ ထူးထူးခြားခြား မဖြစ်ပေါ်ဘဲလျက် မြန်မာနိုင်ငံ ရေပိုင်နက်အစပ် ကပ္ပလီပင်လယ်ပြင်မှာ ခရီးသွားလာနေသော ကုန်တင်သင်္ဘောများမှာ မကြာခဏ ပျောက်ဆုံးလျက်ရှိနေကြောင်း၊

ထိုအထဲတွင် "မွန်းစတား" ကဲ့သို့သော ကုန်တင်သင်္ဘောကြီးများပင် ပါဝင်ကြောင်း၊

ယခုအခါ ပျောက်ဆုံးလျက်ရှိသော သင်္ဘောအရေအတွက်မှာ (၁၀)စီးထက်မနည်း ရှိနေပြီဖြစ်ကြောင်း၊ ဘာမြူဒါတြိဂံ၊ နဂါးတြိဂံ အစရှိသော ထူးဆန်းသောနေရာတစ်ခု ပေါ်ပေါက်လာနိုင်ကြောင်း ယူဆရပေသည်။

ထိုပျောက်ဆုံးမှုများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံမှ ပင်လယ်ရေကြောင်းနှင့် ပတ်သက်သည့် တာဝန်ရှိသူများက အပူတပြင်း စုံစမ်းရှာဖွေလျက်ရှိနေပါကြောင်း"

ဟု ရေးသားဖော်ပြထားလေသည်။

အချို့သတင်းစာနှင့် ဂျာနယ်များမှာ ပျောက်ဆုံးနေသော သင်္ဘောအရေအတွက်နှင့် သင်္ဘောအမည်များပါ ယှဉ်တွဲဖော်ပြထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခြေအနေကို သိရ

သောအခါ ၎င်းစာကြည့်ခန်းအတွင်းသို့ ဝင်လာပြီးနောက် ပင်လယ်နှင့် သက်ဆိုင်သော စာအုပ်စာတမ်းများ ထားသည့်စင်ရှိရာသို့ ထိုအကြောင်းနှင့် သက်ဆိုင်သောအကြောင်းများကို ရေးသားထားသော မှတ်တမ်းအချို့ကို ကြည့်ရှုလေသည်။

မွန်းစတားသင်္ဘောမှ ကပ္ပတိန်သာခင်ဆိုသူ ရေးလိုက်သောမှတ်တမ်းထဲမှာ. . .

လူမပါဘဲ မီးရောင်များ လင်းနေသည်ဆိုသော သင်္ဘောအကြောင်းနှင့် လူတွေကို သတ်ဖြတ်ရန်အတွက် မကောင်းဆိုးဝါးများ ရောက်လာကြပြီ ဟူသောစာများမှာ သူ့အတွက် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံး ဖြစ်နေတော့သည်။

သို့ကြောင့် ထိုအကြောင်းများနှင့် သက်ဆိုင်သော ရှေးက မှတ်တမ်းများကို ရှာဖွေကြည့်ရှုရပေသည်။ ၎င်းစုဆောင်းထားသော မှတ်တမ်းအတော်များများက ကမ္ဘာ့ပင်လယ်ပြင်နှင့် သမုဒ္ဒရာကြီးများထဲတွင် ဆန်းကြယ်မှုများနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရေးသားထားသည့်မှတ်တမ်းများပင်ဖြစ်သည်။

ထိုအထဲမှ ၎င်းအတွက် အထောက်အကူဖြစ်စေမည့် မှတ်တမ်းနှစ်စောင်ကို ဖယ်ထုတ်လိုက်သည်။

တစ်ခုက နဂါးတြိဂံအကြောင်းဖြစ်ပြီး ကျန်တစ်ခုက ကြောက်မက်ဖွယ်ကောင်းသော ရေသတ္တဝါကြီးများအကြောင်းပင်ဖြစ်ပေသည်။





(၁၈၅၃)ခုနှစ် ဖေဖော်ဝါရီလ(၁၇)ရက်နေ့ ထုတ်ဝေသော နယူးဘက်ဖို့မြို့ "မောနင်းမာကျူရီ" (Bedford Morning Mercury) သတင်းစာပါ ထူးခြားဆန်းကြယ်သော အဏ္ဏဝါထဲမှ ဖြစ်ရပ်ဆန်းကြောင့် ကမ္ဘာ့သတင်းစာဖတ် ပရိသတ်ကြီးနှင့် ပင်လယ်ခရီးသွားလာသူများအဖို့ တုန်လှုပ်ချောက်ချားသွားကြ၏။

ထိုသတင်းစာပါ အချက်အလက်များကို ကိုးကား၍ အမေရိကန်ပြည်ထောင်စု၊ ဘောစတွန်မြို့မှ ထုတ်ဝေသော လုပ်သတင်းစာ(The Globe)၊ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှ ထုတ်ဝေသော မန်ချက်စတာ ဂါးဒီယန်း သတင်းစာများကသည်း ထိုသတင်းကို ဖော်ပြခဲ့သဖြင့် အဏ္ဏဝါထဲမှ ဖြစ်ရပ်ဆန်းသတင်းသည် တောမီးပမာ ပျံ့နှံ့သွားတော့၏။

အဆိုပါသတင်းမှာ (၁၈၅၂)၊ ဇန်နဝါရီလ(၁၃)ရက်နေ့နက်တွင် နာမည်ကျော် ကုန်တင်ရွက်သင်္ဘောကြီး မိုးနွန်ဂလီနာ၏ ဖြစ်ရပ်ဖြစ်သည်။

ထိုသင်္ဘောကြီး၏ မာလိန်မှူးကြီးမှာ ပင်လယ်ရေကြောင်း သွားလာရေးတွင် နာမည်ကျော်ကြား လူသိများသော ကပ္ပတိန်ဆီးဗြူရီ(Captain Seabury)ဆိုသူ ဖြစ်သည်။

သင်္ဘောကြီး၏ ကင်းမျှော်စင်ထက်မှာ တာဝန်ကျ သင်္ဘောသားတစ်ဦးသည် သင်္ဘောကြီးနှင့် မိုင်ဝက်ခန့် ဝေးသော ရေပြင်၌ အမျိုးအမည် ဖော်ပြခြင်း မပြုနိုင်သော ပင်လယ်

သတ္တဝါကြီးတစ်ကောင်ကို မြင်ရသဖြင့် မာလိန်မှူးကြီး ဆီးမြူရီအား သတင်းပေးပို့ခဲ့၏။

ထိုနေ့နံနက်သည် ရာသီဥတု သာယာသဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်တွင် လှိုင်းလေငြိမ်သက်လျက်ရှိသည်။

ရွက်သင်္ဘောကြီးမှာလည်း ရွေ့လျားခြင်း မရှိတော့။

ဆီးမြူရီသည် ကင်းစောင့်သင်္ဘောသား ညွှန်ပြသည့်ရေပြင်ဆီသို့ မှန်ပြောင်းဖြင့် ကြည့်ရှုရာ အမျိုးအမည် မကွဲပြားသော ရေသတ္တဝါကြီးတစ်ကောင် လူးလိမ့်နေသည်ကို မြင်မိ၏။

ဆီးမြူရီကမူ ထိုသတ္တဝါကြီးသည် ဒဏ်ရာရသဖြင့် လူးလိမ့်နေသည်ဟု ထင်မိသည်။

မာလိန်မှူးကြီး ဆီးမြူရီသည် သင်္ဘောတွင် ပါလာသောလူစီး အသက်ကယ်လှေသုံးစင်းဖြင့် ထိုရေသတ္တဝါကြီး လူးလိမ့်နေသည့်နေရာသို့ ထွက်ခွာရန် အလျင်အမြန် စီစဉ်ခဲ့၏။

ပထမလှေတွင် သူကိုယ်တိုင် လှေဦးမှ မတ်တတ်ရပ်၍ လိုက်ပါသွားခဲ့၏။ လှေများဖြင့် ထိုသတ္တဝါကြီး လူးလိမ့်ရာနေရာဆီသို့ ချဉ်းကပ်သွားခဲ့ကြသည်။

သတ္တဝါကြီးမှာ ဝေလငါးကြီး မဟုတ်ဘဲ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော ရေသတ္တဝါကြီးတစ်ကောင် ဖြစ်နေသည်ကို တွေ့ရသဖြင့် သင်္ဘောသားတစ်ဦးဦးအား မှိန်းကြီးဖြင့် ထိုးစေခဲ့ရာ နာကျင်လာသော သတ္တဝါကြီးသည် ဆီးမြူရီ လိုက်ပါလာသောလှေကို အန္တရာယ်ပြုရန် ကြံရွယ်လာသည်။





ဆယ်ပေခန့် ရှည်လျားသောခေါင်းကြီး ထောင်လာခဲ့ပြီး လှေများကို တိုက်ခိုက်ခဲ့၏။ လှေနှစ်စင်း တိမ်းမှောက်သွားခဲ့ရ၏။

သင်္ဘောသားအားလုံးသည် ထူးခြားဆန်းကြယ်သည့် ရေသတ္တဝါကြီး၏ဘေးမှ လွတ်ကင်းရန် ရေကူး၍ပြေးကြရ၏။

သတ္တဝါကြီးကလည်း ကျယ်လောင်စွာ အော်ဟစ်ညည်းတွား၍ ရေပြင်အောက်သို့ ငုပ်လျှိုးသွားခဲ့၏။

သို့သော် သူ့ခန္ဓာကိုယ်၌ စိုက်နေသော မှိန်းနှင့် ဆက်ထားသောကြိုးသည် ခိုင်လှ၏။ ကြိုးများသည် တဖြည်းဖြည်းပြေကျလျက် သတ္တဝါကြီး ငုပ်လျှိုးရာ ရေပြင်အောက်သို့ ပါသွား၏။

ကြိုးအရှည် ပေတစ်ထောင်ကုန်မှ ပင်သတ္တဝါကြီး၏ရုန်းကန်မှုအား ရပ်ဆိုင်းသွားတော့သည်။

"မိုနွန်ဂလီနာ" သင်္ဘောကလည်း အသက်ကယ်လှေရှိရာသို့ ရောက်လာခဲ့ပြီး ကြိုးစကို ကုန်းပတ်ပေါ်သို့ တင်ယူရန် ကြိုးစားခဲ့ကြ၏။

ထိုအချိန်တွင် ကပ္ပတိန်ဆင်မြူရယ်ဂဗစ်(Gavit) လိုက်ပါလာသည့် ရီဘက်ကာဆင်း(Rebecca Sims) အမည်ရှိ ရွက်သင်္ဘောသည် မိုနာဂလီနာ ရွက်သင်္ဘောထံသို့ ကပ်ရောက်လာခဲ့ပြီး ထိုသတ္တဝါကြီးအား ကုန်းပတ်ပေါ်သို့ တင်နိုင်ရန် ကူညီပေးခဲ့သည်။

ကြီးမားသောရေသတ္တဝါကြီးကို ရေပေါ်သို့ ပေါ်လာ

အောင် မိုန်းတွင် ချည်ထားသောကြိုးကို ဆွဲခဲ့ကြရာ တဖြည်းဖြည်းနှင့် ကြီးမားသောရေသတ္တဝါကြီးသည် ပင်လယ်ရေပြင်ထက်မှ ပေါ်လာခဲ့သည်။

သင်္ဘောနှစ်စင်းလုံးမှ သင်္ဘောသားများအဖို့ ဤမျှ ကြီးမားသော သတ္တဝါမျိုးကို တစ်ကြိမ်မျှ မမြင်ဖူးခဲ့ပေ။

ဆန်းပြားသော ရေသတ္တဝါကြီးသည် ပေပေါင်း(၁၀၀) ကျော် ရှည်သဖြင့် ရွက်သင်္ဘောကြီးမှာ အချင်းအားဖြင့် ပေ(၅၀) ရှိ၏။

၎င်း၏မေးရိုးတွင် သုံးလက်မခန့်စီ ရှည်သော သွား(၉၄) ချောင်းရှိသည်ဟု ဆိုသည်။

ကိုယ်ခန္ဓာအရောင်အဆင်းမှာ ညိုမှိုင်းမှိုင်းရှိပြီး ဦးခေါင်းမှ အမြီးဖျားထိ သုံးပေခန့် ကျယ်သော အစင်းကြီးများ ပါရှိ၏။

အမြီးပိုင်းတွင် ခြေထောက်(၁၅)ချောင်းပါသည်ဟု ဆိုသည်။

မာလိန်မှူးကြီး ဆီးဗြူရီသည် ဤသတ္တဝါကြီး၏ခေါင်းကို ပုပ်သိုးမသွားစေရန် သစ်သားစည်ကြီးအတွင်း အချဉ်သိပ်ထားပြီး ကိုယ်ခန္ဓာကြီးကိုမူ သမုဒ္ဒရာပြင်သို့ မျှောလိုက်စေသည်။

ယင်းသတ္တဝါကြီးနှင့် ပတ်သက်သော အသေးစိတ် အစီရင်ခံစာကို ရေးသားပြီး ရီဘက်ကာဆင်း ရွက်သင်္ဘောမှ မာလိန်မှူးကြီးဂဗစ်၏လက်သို့ ထည့်ခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးပို့ရန် မေတ္တာရပ်ခံခဲ့၏။





မိုနွန်ဂလီနာ ရွက်သင်္ဘောမှာ သူ့ခရီးစဉ်အတိုင်း ဆက်လက် ထွက်ခွာသွားခဲ့သည်။

ရီဘက်ကာဆင်းမှ မာလိန်မှူးကြီး ဂဗစ်သည် နယူးဘက်ဖို့မြို့သို့ ရောက်သည်နှင့် မိုနွန်ဂလီနာ ရွက်သင်္ဘောကြီး၏ မာလိန်မှူးကြီး ဆီးဗြူရီ ပေးပို့လိုက်သည့် အစီရင်ခံစာကို သက်ဆိုင်ရာ ငါးဖမ်းဌာနမှ တာဝန်ရှိသူများကို တင်ပြခဲ့သည်။

မာလိန်မှူးဂဗစ်ကလည်း ထူးဆန်းသည့်သတ္တဝါကြီး အကြောင်းကို ပြောပြခဲ့သည်။

တာဝန်ရှိသူများကမူ ထိုသတ္တဝါကြီးသည် ကြီးမားသော ပင်လယ်မြွေကြီးဖြစ်နိုင်သည်ဟု ယူဆကြ၏။

အချို့ကမူ ဒဏ္ဍာရီပုံပြင်များတွင် ဖော်ပြပါရှိသည့် နဂါးကြီးများ ဖြစ်သလောဟု ဆိုကြပြန်သည်။

နယူးဗက်ဖို့မြို့မှ ထုတ်ဝေသည့် "မောနင်းမာကျူရီ" တွင် ဤသတင်း ပါလာသောအခါ အထူးဂယက်ထခဲ့သည့် သတင်းတစ်ပုဒ်ဖြစ်လာသည်။

အချို့ကမူ မာလိန်မှူးဂဗစ်သည် မာလိန်မှူး ဆီးဗြူရီနှင့် ပူးပေါင်း၍ နာမည်ကျော်ကြား လူသိများစေရန် လုပ်ကြံသည့် မှတ်တမ်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြ၏။

အများကမူ "မိုနွန်ဂလီနာ" ရွက်သင်္ဘောကြီး နယူးဗက်ဖို့မြို့သို့ ပြန်လည်ရောက်ရှိလာသည့်အခါတွင် ထိုဖြစ်ရပ်သည် မှန်ကန်ခြင်း ရှိမရှိ သိရပေလိမ့်မည်ဟု ဆိုသည်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း "မိုန္တန်ဂလီနာ" ရွက်သင်္ဘောကြီးသည် နယူးဗက်ဖိုဆိပ်ကမ်းသို့ ရောက်ရှိလာခြင်း မရှိခဲ့။

ထိုသင်္ဘော၏ကြမ္မာကို မည်သူမျှ မပြောနိုင်။

အချို့ကမူ "မိုန္တန်ဂလီနာ" ရွက်သင်္ဘောကြီး၏အမည် ရေးထားသောဖျဉ်ချပ်ကြီးတစ်ချပ်ကို ပစိဖိတ်သမုဒ္ဒရာ အလူရှင်ကျွန်းစုတွင် ပါဝင်သော အန်နက်ကျွန်း(Umnak)အနီးတွင် တွေ့ရသည်ဟု ဆိုကြ၏။

ယနေ့ထိ ထိုသဘာဝလွန် သတ္တဝါကြီး၏လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပေ။

အထက်ပါ ဖော်ပြထားသောအကြောင်းများမှာ ပင်လယ်ပြင်၌ ကြီးမားသောရွက်လှေနှင့် ကုန်တင်သင်္ဘောကြီးများကိုပင် ဖျက်ဆီးနိုင်သော ရေသတ္တဝါကြီးများအကြောင်းကို ရေးသား ဖော်ပြထားသော မှတ်တမ်းတစ်ခုပင်ဖြစ်ပေသည်။

ပင်လယ်ပြင်၌ ဝေလငါးကို အကြီးဆုံးရေသတ္တဝါဟု သတ်မှတ်ထားသော်လည်း ထိုဝေလငါးကို ဖမ်းဆီးသတ်ဖြတ်စားသောက်နိုင်သည့် အခြားရေသတ္တဝါနှစ်မျိုး ကျန်ပေသေးသည်။ တစ်မျိုးက ပင်လယ်ရေနက်များတွင် နေသော ပင်လယ်နဂါးဖြစ်ပြီး ကျန်တစ်မျိုးက 'ညံ့' သတ္တဝါပင်ဖြစ်သည်။ ပင်လယ်နဂါးရော ညံ့သတ္တဝါပါ မြွေကဲ့သို့ အလျားရှည်လျားသော သတ္တဝါကို ပင်လယ်မြွေ(SeaSerpent)ဟု ခေါ်ဝေါ်ကြသည်။





ရှေးအခါက ပင်လယ်သမုဒ္ဒရာထဲမှာ သွားလာနေကြသော ရွက်သင်္ဘောကြီးများနှင့် ကုန်တင်သင်္ဘောများမှ ပင်လယ် ဂါးများနှင့် ညံ့သတ္တဝါများကို တွေ့မြင်ဖူးခဲ့ကြကြောင်း မှတ် တမ်း အတော်များများ ရှိပေသည်။

(ထိုအကြောင်းများကို လေ့လာသိလိုပါက အရှင် နာ သိန် ရေးသားပြုစုသော 'သားငါးကျေးငှက်ပုံပြ ဆေးအဘိဓာန် ဥမတွဲ ပထမပိုင်းစာအုပ် စာမျက်နှာ(၁၃၀)တွင် လေ့လာ ကြည့်ရှုနိုင်ကြပါသည်။)





# အခန်း(၉)

# ဆရာကြီးဘူရဒ္ဒနှင့် တစ္ဆေအယူအဆများ

ဘာမြူဒါတြိဂံကဲ့သို့ ထူးဆန်းပြီး ကြောက်မက်ဖွယ်ကောင်းသော အခြားနေရာတစ်ခု ရှိပေသေးသည်။ ဂျပန်နိုင်ငံကမ်းလွန်ပြင်လယ်ပြင်၌ ရှိသော 'နဂါးတြိဂံ' ပင်ဖြစ်သည်။

နဂါးတြိဂံအကြောင်းကို သိသူနည်းလှသေးသောကြောင့် အောက်ပါမှတ်တမ်းအချို့ကို ဖော်ပြပေးလိုက်ပါသည်။

မာလိန်မှူးကြီး မာရီဂိုစကာမီသည် တုန်လှုပ်သွားမိသည်။

☺ အောင်မြင်စာပေ ☺

သူ့ဝေလငါးဖမ်း သင်္ဘောကလေးနှင့် ပေ(၂၀၀)ခန့် အကွာတွင် ထူးဆန်းသော အမျိုးအမည် မသိရသည့် ငါးဖမ်း သင်္ဘောတစ်စင်းကို ခွန်းလက်သော လရောင်အောက်တွင် မြင် လိုက်ရသည်။

သူသာ သတိမပြုမိလျှင် ထိုသင်္ဘောကလေးသည် သူ့ ဝေလငါးဖမ်းသင်္ဘောဦးကို မလွဲမသွေ တိုက်မိသွားမည်ဖြစ်၏။

သူ့သင်္ဘောမှ အချက်ပေးဥသြသံ ပေးခဲ့သော်လည်း တစ်စုံတစ်ရာ တုံ့ပြန်အချက်ပေးခြင်း မပြုခဲ့။

အဘယ်ကြောင့်နည်းဟု မာလိန်မှူးကြီး စူးစမ်းရတော့ သည်။

သင်္ဘောကလေးပေါ်တွင် မီးရောင်ကင်းမဲ့လျက် ရှိ သည်။

လူရိပ်လူခြည် လုံးဝမမြင်တွေ့ရ။ ထူးဆန်းလွန်းသည့် ဖြစ်ရပ်ဟု မာလိန်မှူးကြီး မာရီဂိုစကာမီက ထင်မိသည်။

တရုတ်ပင်လယ်အတွင်း ကျက်စားသည့် ပင်လယ်ဓားပြ သင်္ဘောဖြစ်နေသလော။

သူတို့သင်္ဘော ရောက်ရှိနေသော ပင်လယ်ပြင်သည် ဂျပန်နိုင်ငံတော်မှ ပိုင်သော အိုဂါဆာဝါရာကျွန်းစုအနီးရှိ နဂါး တြိဂံ(The Dragon Triangle)ဟု အများက ကင်ပွန်းတပ်ထား သော ပင်လယ်ပြင်တွင်ဖြစ်သည်။

မာရီဂိုစကာမီသည် သူတို့ဘိုးစဉ်ဘောင်ဆက် ပြောကြ





သည့်ပုံပြင်တွေထဲက တစ္ဆေသင်္ဘောများ ဖြစ်နေသလောဟုပင် တွေးလိုက်မိသည်။

သူ့ဝေလငါးဖမ်းသင်္ဘောကလေးကို စက်ရှိန်လျှော့ချ လိုက်ပြီး ထိုသင်္ဘောလေးအနီးသို့ ချဉ်းကပ်လာခဲ့၏။

သူ့သင်္ဘောသားအားလုံးသည်လည်း ကုန်းပတ်ပေါ်သို့ ရောက်နေခဲ့ကြပြီး ထူးဆန်းသောသင်္ဘောကလေးကိုသာ စူးစိုက် ကြည့်နေကြ၏။

သမိုင်းစဉ်လာ ယုံကြည်ထားကြသည့် နဂါးတြိဂံနယ်မြေ ၏လှည့်စားမှုလော။

သို့မဟုတ် သူတို့စိတ်အာရုံတွင် ထင်မြင်လာခြင်းလော။

သူတို့သင်္ဘောသားအားလုံးသည် အဆိုပါ အမျိုးအမည် မသိရသည့် သင်္ဘောကလေးပေါ်သို့ ခဲခဲယဉ်းယဉ်း တက်ရောက် ခဲ့ကြ၏။

ထိုသင်္ဘောမှ မာလိန်မှူးကြီးမှာ သင်္ဘော၏တက်မအနီး တွင် ကွယ်လွန်နေသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

သူသည် လွန်ခဲ့သောရက်ပေါင်းများစွာကပင် ကွယ်လွန် အနိစ္စ ရောက်ခဲ့သည်ဟု ထင်ရသည်။

အကြောင်းမှာ ထိုသင်္ဘောကလေးမှ မာလိန်မှူး၏ အလောင်းမှာ ပုပ်နေခဲ့ပြီးဖြစ်၏။

သို့သော် အခြားသင်္ဘောသား တစ်စုံတစ်ယောက်ကိုမှ မတွေ့ရ။

သဘော်သားများသည် အဘယ်ကြောင့် သဘော်ကို စွန့်ခွာသွားကြသနည်း။ သဘော်ပေါ်ရှိ ပစ္စည်းများကို ယူဆောင်သွားသည့် လက္ခဏာကိုလည်း မတွေ့ရ။

သဘော်သားများ၏ ကိုယ်ပိုင်ပစ္စည်းများမှာလည်း ခြေရာလက်ရာမပျက် တွေ့နေရသည်။

ရိက္ခာပစ္စည်းများ၊ ပင်လယ်ပြင်တွင် လိုအပ်သည့် အိမ်မြှောင်၊ မြေပုံ စသည့်ကိရိယာများမှာလည်း ပျောက်ဆုံးခြင်းမရှိ။

ပင်လယ်ဓားပြများ တိုက်ခိုက်ခြင်း ခံရသည့် အနေအထား လုံးဝမတွေ့ရ။

ပင်လယ်ဓားပြများကလည်း ငါးဖမ်းသဘော်တစ်စီးကို လုယူတိုက်ခိုက်မည် ဆိုသည်မှာ မဖြစ်နိုင်။

လွန်ခဲ့သောရက်များအတွင်း မိုးလေဝသနှင့် ဇလဗေဒဌာနတို့မှ ထူးခြားသည့်ကြေညာချက်မျိုး ထုတ်ပြန်ခြင်း မရှိခဲ့။

မာလိန်မှူး မာရီဂိုစကာမီအဖွဲ့ အိမ်မက်ဆိုး မြင်မက်နေသည်ဟု ထင်မိသည်။

သဘော်သားများသည် အဘယ်ကြောင့် သဘော်ကို စွန့်ခွာသွားကြသနည်း။

ဤကဲ့သို့ လောကီလွန်ဖြစ်ရပ်များသည် ဂျပန် ဘာမြူဒါတြိဂံနယ်မြေ(သို့မဟုတ်)နဂါးတြိဂံနယ်မြေတွင် ဖြစ်ရိုးဖြစ်စဉ်များ ဖြစ်နေပေသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ယနေ့ထိ ရှင်း





လင်းနိုင်ခြင်း မရှိသေးသော သိပ္ပံပညာဖြင့် လက်လှမ်းမမီသော ဖြစ်ရပ်များ(သို့မဟုတ်)လောကီလွန်ဖြစ်ရပ်များဟု ယူဆထားကြ၏။

မာရီဂိုစကာမီအဖွဲ့ ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်းသို့ ရောက်လျှင် သူတွေ့ရသည့်ဖြစ်ရပ်ကို သက်ဆိုင်ရာ အာဏာပိုင်များအား တိုင်ကြားရမည်ဖြစ်၏။

အာဏာပိုင်များကလည်း လုပ်ရိုးလုပ်စဉ် မှတ်တမ်းတင်သည်မှအပ အခြားဆက်လက်အရေးယူရန် တတ်နိုင်ခြင်း မရှိခဲ့။

သတင်းစာကြီးများကလည်း သာမန်သတင်းတစ်ပုဒ်ကို ထည့်သွင်းဖော်ပြသည့်အလား ဖော်ပြခဲ့လေ့ရှိ၏။

ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ဒေသရှိ နဂါးတြိဂံနယ်မြေဒေသ၏ထူးဆန်းသောဖြစ်ရပ်များသည် အမေရိကန်ပြည်ထောင်စု ကမ်းလွန်ဒေသအနီးရှိ ဘာမြူဒါတြိဂံဒေသတွင် ဖြစ်ပျက်ခဲ့ရသည့် ထူးဆန်းထွေလာဖြစ်ရပ်များနှင့် တူညီတိုက်ဆိုင်နေသည်မှာ အံ့သြဖွယ်ဖြစ်သည်။

တိုက်ဆိုင်မှုများလော။

တိုက်ဆိုင်မှုများ ဖြစ်သည်ဆိုပါက တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ဆိုလျှင် ဖြစ်နိုင်ကောင်း၏။

နဂါးတြိဂံသည် ကမ္ဘာကြီး၏အခြားတစ်ဖက်ခြမ်း၌ ရှိနေသော်လည်း အဘယ်ကြောင့် အန္တရာယ်ဒေသတစ်ခု ဖြစ်နေရသနည်း။

လူသားတို့ နားမလည်နိုင်သော သဘာဝတရားကြီး၏ လျှို့ဝှက်ချက်များလော။

ထိုဒေသတွင် ဘာမြူဒါ တြိဂံဒေသတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ ကြီးမားသော ရေနံတင်သင်္ဘောကြီးများ၊ ကုန်တင်သင်္ဘောကြီးများ၊ လေယာဉ်တင် သင်္ဘောကြီးများ၊ စစ်လေယာဉ်ပျံများ၊ ခရီးသည်တင် လေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အဏ္ဏဝါဗေဒ သုတေသနသင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ အဏုမြူအင်အားသုံးသင်္ဘောများ ထူးဆန်းစွာ ပျောက်ဆုံးနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၏။

ဘာမြူဒါတြိဂံနယ်မြေအတွင်း ယနေ့ထိ သဲလွန်စ မရရှိဘဲ ပျောက်ဆုံးခဲ့ရသော သင်္ဘောအစီး(၂၀၀)ကျော်၊ လေယာဉ်အစီးပေါင်း(၁၀၀)ခန့်နှင့် လူပေါင်း ခန့်မှန်းမရအောင် ထူးဆန်းစွာ ပျောက်ဆုံးခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးမှ သုတေသီများ၊ သတင်းမုဆိုးများ၊ စိတ်ဝင်စားသူများ၊ ဓာတ်ပုံဆရာများကလည်း ကွင်းဆင်း လေ့လာ၍ ဆောင်းပါးများ၊ စာအုပ်များ ရေးသားခဲ့ကြသည်သာမက ရုပ်မြင်သံကြား အစီအစဉ်များမှာလည်း ထုတ်လွှင့်တင်ဆက်ခဲ့ပြီးဖြစ်၏။

(၁၉၇၇)ခုနှစ်၊ အောက်တိုဘာလ(၈)ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဂရင်းနဒါနိုင်ငံ ဝန်ကြီးချုပ်ဖြစ်သူ ဆာအဲရစ်ဂေရီက ဘာမြူဒါတြိဂံ





ဒေသတွင် သုတေသီများ တစိုက်မတ်မတ် စူးစမ်းသုတေသနပြုမှုကို ထောက်ခံကြောင်း မိန့်ခွန်းပြောကြားခဲ့ရသည်အထိ ကမ္ဘာ့လူထုက စိတ်ဝင်စားခဲ့သည်။

သို့သော် အရှေ့ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ နဂါးတြိဂံဒေသကိုမူ သန်းပေါင်းများစွာသော ကမ္ဘာပရိသတ်ကြီးက မေ့လျော့နေကြသည်။

ဂျပန်အမျိုးသားများကမူ နဂါးတြိဂံ(သို့မဟုတ်)ဂျပန်ဘာသာအားဖြင့် မနိုဉမိ(Sea of Devil)မိစ္ဆာပင်လယ်ကို လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကပင် သိရှိခဲ့ကြ၏။

ထိုနဂါးတြိဂံနယ်မြေနှင့် ပတ်သက်၍ ဒဏ္ဍာရီပုံပြင်တွေ ပြောခဲ့ကြ နားထောင်ခဲ့ကြရသည်။

ဂျပန်ငါးလုပ်ငန်းပညာရှင်များနှင့် ရေလုပ်သားကြီးများကမူ ထိုနဂါးတြိဂံဒေသကို ဂျပန်ဘာသာဖြင့် ဆန်ကကူနာမီတြိဂံ(ရေလှိုင်းလုံးကြီးများ ရှိသော မိစ္ဆာပင်လယ်)ဟု ခေါ်ဝေါ်ခဲ့ကြ၏။

သမိုင်းအဆက်ဆက်တွင် ရာပေါင်းများစွာသော နစ်မြုပ်ခဲ့ရပြီး ထောင်ပေါင်းများစွာသော သင်္ဘောသားများ၊ ရေလုပ်သားများသည် ထိုပင်လယ်ပြင်တွင် အသက်စတေးခဲ့ရရှာသည်။

ဘာမြူဒါတြိဂံဒေသအတွင်း ထူးဆန်းစွာ ပျောက်ဆုံးသွားကြရသော သင်္ဘောများ၊ လေယာဉ်ပျံများ၏အမှုကိစ္စများကို နည်းအမျိုးမျိုးဖြင့် အဖြေထုတ်ခဲ့ကြသည်။

လောကီလွန်ပိုင်း ဆိုင်ရာ ရှုထောင့်များဖြင့်လည်း ကောင်း၊ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်များဖြင့်လည်းကောင်း ဖြေ ရှင်းရန် ကြိုးစားခဲ့ကြသည်။

သို့သော်လည်း တိတိကျကျ မဖြေရှင်းနိုင်သောပြဿနာ များအဖြစ် အသိအမှတ်ပြုထားခဲ့၏။

ဂျပန်နိုင်ငံ၊ ဘိုနင်ကျွန်း(Bonin)၊ အိုင်ရိုဂျီးမားကျွန်း (IWo Jima)၊ ဂွီအန်ကျွန်း(Guan)တို့ တည်ရှိနေသော နဂါးတြိဂံ ကို ကမ္ဘာ့လူထုက မသိကြပေ။

(၁၉၆၄)ခုနှစ်ခန့်ကမူ ကမ္ဘာကျော် ပဥ္စလက်ဆရာနှင့် စာနယ်ဇင်းသမားတစ်ဦးဖြစ်သော ဗင်းဆင့်ဂက်ဒစ်(Vincent Gaddas) ရေးသားထုတ်ဝေခဲ့သော "မမြင်ရသော မိုးကုတ် စက်ဝိုင်းများ" (Invisible Horizons) ဟူသောစာအုပ်တွင် ပဟေဠိ ဆန်သော ဂျပန်နိုင်ငံအနီးရှိ နဂါးတြိဂံအကြောင်း ရေး သားဖော်ပြခဲ့သဖြင့် လူသိများလာခဲ့၏။

ဒဿနဆရာနှင့်စာရေးဆရာ "ကိုလင်ဝီလဆင်" (Colin Willson)၏ "စွယ်စုံကျမ်း" (Encyclopedia of the Unknown) စာအုပ်ထုတ်ဝေသောအခါတွင် နဂါးတြိဂံအကြောင်း လူသိများ လာခဲ့၏။

တရုတ်သမိုင်းပညာရှင်များ၏မှတ်တမ်းများအရ ဆိုရ လျှင် လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကျော် (၃၀၀၀)ခန့်ကပင် တရုတ်နိုင်ငံမှ သင်္ဘောအများအပြားသည် အထက်ဖော်ပြပါ





နဂါးတြိဂံပင်လယ်ပြင်တွင် ထူးခြားဆန်းကြယ်သော သဘာဝ လွန် လောကီလွန် ဖြစ်ရပ်များနှင့် တွေ့ရလေ့ရှိသည်ဟု ဆိုခဲ့ကြ သည်။

ထိုပင်လယ်ပြင်တွင် နစ်မြုပ်သည့် လှေသင်္ဘောတို့၏ အစအန သဲလွန်စများကို လုံးဝရှာမတွေ့ကြရ။ အချို့သင်္ဘော သားများကို လုံးဝရှာမတွေ့ရဘဲ သင်္ဘောများ မျောလျက်ရှိနေ သည်ကို တွေ့ကြရသည်ဟု ဆိုသည်။

(၁၉၉၀)ပြည့်နှစ်တွင် နာမည်ကျော် အရောင်းရ အသွက်ဆုံး ဘာမြူဒါတြိဂံ(The Burmuda Triangle)စာအုပ်ကို ရေးသားထုတ်ဝေခဲ့သော အဏ္ဏဝါဗေဒ သုတေသီနှင့် ဘာသာ ဗေဒ ကထိက ဖြစ်သူစာရေးဆရာ ချား(စ)ဘာလစ်၏ (The Dragon's Triangle) ဟူသော "နဂါးတြိဂံစာအုပ်" ထုတ်ဝေ သောအခါ ကမ္ဘာ့စာဖတ်ပရိသတ်အားလုံး အံ့သြခဲ့ကြရသည်။

ထိုစာအုပ်တွင် ရေးသားဖော်ပြချက်အရဆိုရလျှင် နဂါး တြိဂံဒေသအတွင်း သင်္ဘောများ၊ လှေများ၊ လေယာဉ်ပျံများ ပျောက်ဆုံးမှုများသည် ဘာမြူဒါတြိဂံဒေသတွင် ပျောက်ဆုံးမှုများ နှင့် တူညီနေခဲ့၏။

သင်္ဘောများတွင် သုံးစွဲသောကွန်ပါ၊ အိမ်မြှောင်နှင့် အခြားလမ်းညွှန်ကိရိယာများသည် မှားယွင်းစွာ ဖော်ပြခြင်း၊ ရပ် တန့်သွားခြင်း၊ ရုတ်တရက် အလွန်ပြင်းထန်သော လျှပ်စစ် ဆွဲအား ဖြစ်ပေါ်လာခြင်း၊ အချိန်နာရီများ မှားယွင်းခြင်း၊ ထူးဆန်း

သောလှိုင်းလုံးကြီးများ ပေါ်လာခြင်း၊ ရေပြင်ကြီးအတွင်း နက်နိုင်းသည့် ချိုင့်ကြီးသဖွယ် ဖြစ်ပေါ်လာခြင်း၊ ထူးခြားသောတိမ်တိုက်ကြီးများဖြစ် ပေါ်လာခြင်း၊ ပင်လယ်အောက်မြေလွှာတွင် လျှောင်လှုပ်ခြင်း၊ ငွေရောင်တလက်လက် တောက်ပသော ရေမြှုပ်လှိုင်းကြီးများ မြင်တွေ့ရခြင်းနှင့် တစ္ဆေခြောက်သင်္ဘောကြီးများကို တွေ့ကြရသည် ဆိုသည့်အချက်အလက်များမှာလည်း တြိဂံနယ်မြေဒေသနှစ်ခုလုံး တူညီသည်ဟု ဆိုကြ၏။

နဂါးတြိဂံနှင့် ဘာမြူဒါတြိဂံတို့၏တည်နေရာသည် ကမ္ဘာကြီး၏အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတည့်တည့်တွင် ရှိနေကြသည်။

ခန့်မှန်းခြေအားဖြင့် ထိုတြိဂံနှစ်ခုတို့သည် မြောက်လတ္တီတွဒ် (၂၀)ဒီဂရီနှင့် (၃၅)ဒီဂရီအကြားတွင် တည်ရှိကြ၏။

အရှေ့လောင်ဂျီတွဒ်(၁၃၀)ဒီဂရီသည် တြိဂံနယ်များ၏ဗဟိုချက်လောက်တွင် ဖြတ်သန်းသွားသည်ဟု ဆိုကြသည်။

ထိုဒေသနှစ်ရပ်လုံးကို တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့မှ သံလိုက်လမ်းကြောင်းများ ဖြတ်သန်းသွားခဲ့သည်ကို အံ့သြဖွယ် တွေ့ကြရမည်ဖြစ်သည်။

ဤသို့သောဖြစ်ရပ်များကြောင့် ထိုဒေသ ပင်လယ်ပြင်များတွင် သံလိုက်နယ်ပယ် ပြောင်းလဲမှုအမျိုးမျိုး ဖြစ်သလောဟု စဉ်းစားစရာဖြစ်ပေသည်။

ထိုပင်လယ်ပြင်များတွင် ဖြတ်သန်းခဲ့ကြသည့် သင်္ဘော





များ(သို့မဟုတ်)အခြားယာဉ်များရှိ အိမ်မြှောင်များသည် မြောက်အရပ်သို့ ပြသခြင်း မရှိတော့ဟု ဆိုကြသည်။

တရုတ်[illegible]များတွင် ကမ္ဘာအရှေ့ဘက်တွင် အစွန်ဆုံးအရပ် ရှိသကဲ့သို့ အနောက်ဘက်တွင်လည်း အစွန်ဆုံးအရပ် မလွဲမသွေ ရှိရမည်ဟု ဆိုသည်။

ထိုဒေသများသည် လူသားတို့အား အန္တရာယ်ပေးနိုင်သည့်ဒေသများဖြစ်သည်ဟူ၍လည်း ဆိုခဲ့ကြ၏။

သိပ္ပံဆိုင်ရာ ဝတ္ထုဇာတ်လမ်းများကို ဖတ်ရှုလေ့လာမည်ဆိုလျှင် နဂါးတြိဂံဒေသ၏ဆန်းကြယ်ပုံကို တွေ့ကြရမည်ဖြစ်သည်။

ပြင်သစ်စာရေးဆရာကြီး ဂျူးဗန်းရေးသည့် "ပင်လယ်အောက်ခရီး" (Twenty Thousand League Under the Sea)စာအုပ်တွင် နဂါးတြိဂံဒေသ၏ပင်လယ်အောက် အခြေအနေကို တစေ့တစောင်း ခင်းပြထားသော စိတ်ကူးယဉ်ဝတ္ထုဖြစ်သည်။ (ထိုဝတ္ထုကို ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်ရွှေမျှားက "ပင်လယ်အောက်ခရီး" အမည်ဖြင့် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပါသည်။)

အဆိုပါဝတ္ထုသည် စိတ်ကူးယဉ်ဝတ္ထုဟု ဆိုရသော်လည်း သိပ္ပံဆိုင်ရာအချက်အလက်များကို အထောက်အထားပြု၍ ရေးသားခဲ့ခြင်းဖြစ်သဖြင့် ရာခိုင်နှုန်း အတော်များများ ခိုင်လုံသည်ဟု ဆိုရပေမည်။

ထိုဝတ္ထုတွင် ရေငုပ်သဘော် နော့တီလိပ်စ်သည် ဂျပန်နိုင်ငံ၏အရှေ့တောင်ဘက် ကမ်းလွန်ပင်လယ်ပြင်အောက်မှ ဖြတ်သန်းသွားခဲ့သည်။ (ထိုစဉ်က ရေငုပ်သဘော်ကို တီထွင်နိုင်ခြင်း မရှိသေးပေ။ စိတ်ကူးယဉ် မှန်းဆ၍ ရေးခြင်းဖြစ်သည်။)

ထိုပင်လယ်ပြင်(ယခု နဂါးတြိဂံနယ်မြေ)ကြမ်းပြင်ကြီး၏ ဆန်းကြယ်ပုံများ၊ ပင်လယ်အောက်တွင် တောက်လောင်နေသည့် မီးတောင်ကြီးများ၊ နက်ရှိုင်းလှသည့် ပင်လယ်ကြမ်းပြင်တွင် ကြီးမားသည့် အမျိုးအမည် မဖော်ပြနိုင်သည့် ပင်လယ်သတ္တဝါကြီးများ စသည်တို့ကို ဖော်ပြထားခဲ့သည်မှာ ယနေ့ နဂါးတြိဂံဒေသတွင် တွေ့ရှိရသည့်ဖြစ်ရပ်များ၊ တွေ့မြင်ချက်များနှင့် အံ့သြဖွယ်ကောင်းအောင် တူညီနေသည်ကို တွေ့ကြရသည်။

အထက်ပါ အကြောင်းအရာများမှာ ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ်ပြင်၌ ရှိသော နဂါးတြိဂံနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသောအချက်များထဲမှ တစ်ခုပင်ဖြစ်ပေသည်။

နဂါးတြိဂံနှင့် ပတ်သက်၍ ထိုထက်များပြားသော အကြောင်းအရာများစွာတို့လည်း ရှိပေသေးသည်။ အလျဉ်းသင့်သောအချိန်တွင် ထပ်မံရေးသားဖော်ပြပေးပါဦးမည်။

ဒေါက်တာမင်းထင်ကျော်မှာ မမျှော်လင့်ဘဲနှင့် ဦးဇန်ကောင်းထံမှ စာရသောအခါ ရေငတ်တုန်း ရေတွင်းကျသကဲ့သို့၊ ဒါမှမဟုတ် ရွက်လွှင့်ဖို့ကြံတုန်း လေပင့်သကဲ့သို့ များစွာဝမ်းသာသွားမိလေသည်။





ထိုသို့ဝမ်းသာလွှားရသောအကြောင်းမှာ နှစ်ချက်ရှိပေသည်။

တစ်ချက်က ထူးဆန်းသောအကြောင်းများနှင့် တွေ့ရတော့မည်ဖြစ်သောကြောင့် ဝမ်းသာရခြင်းဖြစ်ပြီး နောက်တစ်ချက်ကတော့ ကော့သောင်သွားလျှင် သူ့ချစ်သူ မြနှင်းဖြူနှင့် တွေ့ရတော့မည်ပင်ဖြစ်ပေသည်။

ထို့ကြောင့် ထိုရက်များအတွင်းမှာပင် ခရီးထွက်ရန်အတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်နေရင်းမှပင် သိလိုသောအချက်များကို မေးမြန်းရန်အတွက် ဆရာကြီးသူရဋ္ဌ ရှိရာသို့ သွားရလေသည်။

သူ့ကို မြင်သည်နှင့် ဆရာကြီးသူရဋ္ဌက. . .

"ဘယ်ကို ခရီးထွက်ဖို့ ပြင်နေတာလဲ မောင်ထင်ကျော်" ဟု ဆီးမေးလေသည်။

"ပင်လယ်ဘက် ခရီးထွက်မှာပါ ဆရာကြီး၊ သိချင်တာလေးတွေ ရှိလို့ ဆရာကြီးဆီ လာခဲ့တာပါ"

"သိချင်တာ ရှိရင်တော့လည်း မေးပေါ့"

ဒေါက်တာမင်းထင်ကျော်က ဦးဇန်ကောင်း ရေးပို့လိုက်သော တစ္ဆေသဘော်နှင့် ပတ်သက်သောအကြောင်းအရာအချို့ကို ပြန်ပြောပြလိုက်သည်။

"အဲဒါတွေနဲ့ ပတ်သက်ပြီး အဓိက အကြောင်းရင်းတွေကို သိချင်လို့ပါ ဆရာကြီး"

ထိုအခါ ဆရာကြီးက မီးညှိထားသောဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာပြီး ပြောပြလေသည်။

"ဒီလိုအကြောင်းတွေက ရှေးနှစ်ပေါင်းများစွာကတည်းက ပင်လယ်သမုဒ္ဒရာတွေမှာ ရှိနေခဲ့ကြတာပဲ၊ မောင်ထင်ကျော်လည်း စာအုပ်စာတမ်းတွေထဲမှာ တွေ့ဖူး ဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးပါတယ် ဆရာကြီး"

"ပင်လယ်သမုဒ္ဒရာတွေမှာ ရှိတဲ့ ဝိညာဉ်တွေက ကုန်းမြေတွေမှာ ရှိတဲ့ ဝိညာဉ်တွေထက် အရေအတွက် ပိုများတယ်"

"ဗျာ. . . ဘာကြောင့်လဲ ဆရာကြီး"

"သင်္ဘောတစ်စင်း နစ်မြုပ်ပျက်စီးသွားရင် လူတွေ အစုလိုက် အပြုံလိုက် ရာချီပြီး သေကျေပျက်စီးကြရတယ်၊ ဘာမြူဒါတြိဂံနှင့် နဂါးတြိဂံနှစ်နေရာထဲမှာတင် ပျက်စီးသွားတဲ့လေယာဉ် သင်္ဘောတွေဆိုတာ နည်းတာမှ မဟုတ်တာ၊ ဒီတော့ သေကြတဲ့ လူတွေလည်း ဘယ်မှာ ရေတွက်နိုင်ပါတော့မလဲ"

"မှန်ပါတယ် ဆရာကြီး"

"ဒါတင် ဘယ်ကမလဲ၊ အတ္တလန္တိတ် မြို့တော်ကြီးတစ်ခုလုံး ရေအောက်ရောက်သွားတယ်၊ သုဝဏ္ဏဘူမိ မြို့တော်ကြီးတစ်ခုလုံး ရေအောက် ရောက်သွားကြတယ်၊ အဲဒီမြို့တွေက မရေမတွက်နိုင်အောင် များပြားလှတဲ့ သေကျေပျက်စီးတဲ့လူတွေရဲ့ဝိညာဉ်တွေဟာ အကြောင်းအမျိုးမျိုးနဲ့ ပင်လယ်ပြင်မှာ ရှိနေကြဦးမှာပေါ့"





"ဆရာကြီး ပြောတာ မှန်ပါတယ်"

"ဝိညာဉ်တွေ ဒီလောက်များလှတဲ့ ပင်လယ်ပြင်မှာ တစ္ဆေသင်္ဘောတွေနဲ့ တွေ့ရတာလည်း ဘယ်ဆန်းပါတော့မလဲ၊ အဲ. . . တစ်ခုတော့ ရှိတယ်၊ ရှေ့ကတည်းကလည်း ပင်လယ်ပြင်မှာ သွားလာနေကြတဲ့သူတွေဟာ တစ္ဆေသင်္ဘောတွေ ရွက်လှေကြီးတွေကို တွေ့ခဲ့ဖူးတာပဲ"

"ဒါပေမယ့် လူတွေကိုတော့ အန္တရာယ်ပေးတယ်လို့ မကြားမိသေးဘူး"

"မှန်ပါတယ် ဆရာကြီး၊ အခု တစ္ဆေသင်္ဘောက လူတွေပါတဲ့ သင်္ဘောနဲ့လှေတွေကို တမင်လိုက်တိုက်ပြီးတော့ ဒုက္ခပေးနေတဲ့ပုံပါပဲ"

"ဒါကတော့ အကြောင်းရှိပါလိမ့်မယ်၊ တစ်ခုက ဝိညာဉ်က အငြိုးမပြေတာကြောင့် တွေ့သမျှလူတွေကို လိုက်ပြီး အန္တရာယ်ပေးနေတာလည်း ဖြစ်နိုင်တယ်၊ နောက်တစ်ခုကတော့ တစ်ယောက်ယောက်က အကြံအစည်တစ်ခုခု ရှိလို့ တစ္ဆေသင်္ဘောဖန်တီးထားတာလည်း ဖြစ်နိုင်စရာလည်း ရှိတယ်ပေါ့"

အသေအချာ စဉ်းစားပြီး ပြောနေသော ဆရာကြီးသူရဋ္ဌ၏စကားက ဒေါက်တာမင်းထင်ကျော်အတွက် အတွေးစများကို လမ်းပွင့်သွားလေသည်။

"ဆရာကြီးပြောတာကို ကျွန်တော်သဘောပေါက်ပါပြီ"

"ဒီတော့ ပင်လယ်ရောက်တဲ့အခါမှာ မောင်ထင်ကျော်

အရင်ဆုံး လုပ်ရမှာက လူတွေကို အန္တရာယ်ပေးနေတာ တစ္ဆေ အတုလား တစ္ဆေအစစ်လားလို့ သိအောင်လုပ်ရမယ်၊ အဲဒီလို သိရပြီးရင် တစ္ဆေအစစ်ဆိုရင်တော့ ပရလောကနဲ့ သက်ဆိုင်တာ တွေ လုပ်ပြီး သူ့သဘောကို သိအောင်လုပ်ရမယ်"

"ဟုတ်ကဲ့"

"ပရလောကသားတွေနဲ့ အပေးအယူ ညှိရတာ မခက်ခဲလှပါဘူး၊ သူတို့လောကမှာ အဖြူအမည်းနှစ်မျိုးပဲ ရှိတယ်၊ တကယ်လို့ ပရလောကသားအတုဖြစ်တဲ့ လူတွေ ဖန်တီးထားတဲ့ တစ္ဆေဆိုရင်တော့ ညှိလို့ရမှာ မဟုတ်ဘူး၊ သူတို့ နိုင်အောင်တိုက်ပြီး သူတို့ရဲ့အကြံအစည်တွေကို ပျက်အောင်ဖျက်နိုင်မှ အန္တရာယ်တွေ ငြိမ်းမယ်"

ဟု ပြောပြလေသည်။

"ဟုတ်ကဲ့ . . အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ပင်လယ်က ပြန်ရောက်မှပဲ ဆရာကြီးဆီ လာခဲ့ပါဦးမယ်"

"အောင်မြင်ပါစေကွယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်သည် ဆရာကြီး သူရဇ္ဇအား နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့လေသည်။





# အခန်း[၁၀]

# ချစ်သူအတွက် အပြုံးမျက်နှာ

ဒေါက်တာမင်းထင်ကျော် ခရီးထွက်သောအခါ ကျွန်ုပ်က အဖော်အဖြစ် လိုက်ခဲ့လေသည်။

တကယ်တော့ ကျွန်ုပ်အနေနှင့် ထိုခရီးမျိုးကို သွားလာဖူးသော်လည်း ယခုကဲ့သို့ ဒေါက်တာမင်းထင်ကျော်နှင့် အဆင်ပြေသောအခါမှာ လိုက်လိုသောဆန္ဒ ရှိသောကြောင့် လိုက်ခဲ့ခြင်းပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့ ခရီးထွက်သောအချိန်မှာ ပင်လယ်ပြင်မှာ

ရာသီဥတု သာယာသော နွေနှောင်းပိုင်းရာသီပင်ဖြစ်၏။ ထိုရာသီမှာ ပင်လယ်ဘက်သို့ သွားရောက်ရန် အကောင်းဆုံးဖြစ်သည်။ ထို့ထက်နောက်ကျသွားပါက မုတ်သုံဝင်လာတော့မည်ဖြစ်ပြီး ရာသီဥတုက ဆိုးဝါးလာပေတော့သည်။ ထိုရာသီမျိုးတွင် လေမိုးပြင်းထန်လာသောကြောင့် ပင်လယ်ပိုင်းဒေသများသို့ ခရီးသွားလာရန် မသင့်တော်ပေ။

ကျွန်ုပ်သည် မြစ်ဝကျွန်းပေါ်သားတစ်ယောက် ဖြစ်သဖြင့် မြစ်ချောင်းပင်လယ် စသည်တို့နှင့် မစိမ်းလှသော်လည်း လှိုင်းကြောက်တတ်သူဖြစ်သည်။

လှိုင်းကြားထဲသို့ သွားဝံ့ဖို့ ဝေးရော၊ ပင်လယ်ပြင်မှာ လှိုင်းလုံးကြီးများ ထနေသည်ကို လှမ်းမြင်ရရုံနှင့် အလိုလို ရင်တုန်တတ်သူဖြစ်ပေသည်။

သို့သော်လည်း ယခုလို ရာသီဥတု သာယာသောအချိန်မျိုးတွင် ကြယ်ငါးပွင့်ပိုင် သင်္ဘောကြီးများဖြင့် ခရီးသွားရမည်ဖြစ်သောကြောင့် စိုးရိမ်စရာတော့ မရှိပေ။ ကြယ်ငါးပွင့်ပိုင် ခရီးသည်တင်သင်္ဘောမှာ 'သံလွင်' ဟု အမည်ပေးထားသော သင်္ဘောကြီးပင်ဖြစ်သည်။ သင်္ဘောလက်မှတ်နှင့် အိပ်ခန်းရစေရန် ဒေါက်တာမင်းထင်ကျော်ကပင် အစစအရာရာ စီစဉ်ထားခြင်းဖြစ်သည်။ သူသည် ထိုခရီးကို သွားရမည့်အတွက် များစွာရွှင်လန်းတက်ကြွနေသည်ကိုတော့ သတိပြုမိလေသည်။

ဘာကြောင့်မှန်းတော့ မသိခဲ့ရပေ။





နောက်ပိုင်း ကော့သောင်ရောက်သွားတော့မှ ထိုအဖြေကို သိရလေတော့သည်။

သံလွင် သင်္ဘောကြီးမှာ နေ့လယ်ပိုင်း(၁၂)နာရီခွဲအချိန်တွင် သာကေတ ရှုခင်းသာဆိပ်ကမ်းမှ စတင်ထွက်ခွာလေရာ လမ်းတလျှောက်လုံး မြစ်တွင်းမှ ရှုခင်းများကို ကြည့်ရင်းနှင့် အသစ်အဆန်းသဖွယ် ဖြစ်နေတော့သည်။

တဖြည်းဖြည်းနှင့် သီလဝါပင်လယ်ဝနှင့် နီးလာသောအခါ ရွှံ့နှစ်ရေများဖြင့် ပြည့်နေသောမြစ်ပြင်က ပိုမိုကျယ်ဝန်းလာသည်။

လက်ဝဲဘက်တွင် သံလျင်မြို့ ရှိရာ ကုန်းတန်းများကို သစ်ပင်များ စိမ်းစိမ်းစိုစိုနှင့် လှမ်းမြင်ရသည်။ သံလျင်ရေနံချက်စက်ရုံ အမိုးစွန်းများ၊ ထိုမှ လွန်လာတော့ သံလျင်ကျိုက်ခေါက်စေတီကို အဝေးမှ ဖူးမြင်လေသည်။

ရန်ကုန်မြစ်တွင်းမှ ရှုခင်းများကို တစ်ခုပြီးတစ်ခု တရိပ်ရိပ်နှင့် ချန်ထားခဲ့သော သံလွင်သင်္ဘောကြီးမှာ ညနေပိုင်းအချိန်တွင် ပင်လယ်ဝသို့ ထွက်ခဲ့လေပြီ။

လက်ယာဘက်တွင် လက်ခုပ်ကုန်းကမ်းခြေကို ခပ်ရေးရေး လှမ်းမြင်ရပြီး လှိုင်ခေါင်းဖြူများ၏စတင်နှုတ်ဆက်ခြင်းကို ခံကြရသည်။

ညနေပိုင်းအချိန်တွင် ပင်လယ်ပြင်သို့ ထွက်သွားပြီး ဆားနံ့၊ နွံနှစ်နံ့များကို သယ်ဆောင်လာသော ပင်လယ်လေတို့၏

ထွေးပွေ့ခြင်းကို ခံကြရသည်။

မုတ္တမ ပင်လယ်ကွေ့၌ ရှိသော ပင်လယ်ရေသည် ကော်ဖီရောင်ကဲ့သို့ ညိုဖျစ်ဖျစ် ရှိလေသည်။

ရောဝတီမြစ်ကြီးသည် မေခ မေလိခ ပေါင်းဆုံရာ မြောက်ဖျားဘက်မှ စတင်ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းမှ အလျားလိုက် တောင်ဘက်သို့ စီးဆင်းခဲ့ရာ တောင်ဘက်ပင်လယ်ဝသို့ ရောက်သည်အထိ မိုင်ပေါင်း(၁၃၅၀)ခန့် ရှည်လျားလေသည်။

သံလွင်သင်္ဘောကြီးသည် ကမ်းရိုးတန်းတလျှောက် အတိုင်း တစ်ညလုံး မောင်းနှင့်ခဲ့ရာ နောက်တစ်နေ့ နံနက်ပိုင်း အချိန်တွင် ထားဝယ်သို့ ရောက်သည်။

ထားဝယ်ရောက်တော့ ရှင်မော်အငူစွန်းမှ ဂငယ်ကွေ့က ထားဝယ်မြစ်အတိုင်း အထက်သို့ ဆန်တက်ပြန်သည်။ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ဆိပ်ကမ်းတွင် ခေတ္တနားသည်။ သင်္ဘောရပ်နားထားချိန်တွင် ထားဝယ်သို့ သွားလိုသူများ တစ်နာရီခန့် သွားနိုင်သည်။

ကျွန်ုပ်တို့နှစ်ယောက်ကတော့ အပေါ်မတက်ကြတော့ပေ။ ဆင်ဖြူပြင်ဆိပ်ကမ်းမှာပင် ကုက္ကိုပင်တန်းကလေးရှိပြီး ထိုကုက္ကိုပင်တန်းအောက်မှာ လက်ဖက်ရည်၊ ခေါက်ဆွဲ၊ ထမင်း စသောအစားအသောက်များ စားသောက်နိုင်ကြသည်။

သင်္ဘောပေါ်မှာ ပါလာသော ခရီးသည်များထဲမှ အချို့လည်း ဆိပ်ကမ်းသို့ တက်ရောက်၍ အဆာပြေ စားသောက်ကြ





လေသည်။

နံနက်(၉)နာရီ မိနစ်(၃၀)ခန့်အချိန်တွင် ထားဝယ်ဆိပ်ကမ်းမှ ပြန်ထွက်လာသော ကြယ်ငါးပွင့်ပိုင် သံလွင်သင်္ဘောကြီးမှာ နေ့လည်(၁၁)နာရီကျော်အချိန်တွင် ရှင်မော်အငူစွန်းသို့ ပြန်ရောက်ခဲ့ကြသည်။

ထားဝယ်မှ မြိတ်သို့ ဦးတည်ခုတ်မောင်းသော ခရီးစဉ်တလျှောက်မှာ လမ်းတလျှောက်လုံး ငါးဖမ်းလှေများနှင့် ကျွန်းကြီးကျွန်းငယ်ပေါင်း မြောက်များစွာတို့ကို ဖြတ်ကျော်သွားရလေသည်။

ညနေပိုင်းအချိန် ရောက်သောအခါ( King Island)ဟုခေါ်သော ကတန်ကျွန်းကြီးကို မြင်ရပြီး မကြာမီ တနင်္သာရီ ကမ်းရိုးတန်းတွင် ထင်ရှားလှသော ပင်လယ်မြို့တစ်မြို့ဖြစ်သော 'မြိတ်' မြို့ကို မြင်ရသည်။ ရေတိမ်သောကြောင့် မြိတ်မြို့ရောက်အောင် တိုက်ရိုက်မဝင်နိုင်ဘဲ ပင်လယ်ဝမှာပင် ကျောက်ချပြီး တစ်ညနားလေသည်။

နောက်တစ်နေ့ (၉)နာရီခန့်အချိန် ဒီရေတက်ချိန်ရောက်တော့မှ ကျောက်ဆူးနုတ်ပြီး မြိတ်မြို့ကမ်းခြေသို့ ဝင်ကပ်ရန် ပြင်လေသည်။

မြိတ်မြို့ဆိပ်ကမ်းသို့ ကပ်ပြီး ခရီးသည်များကို ကမ်းပေါ်တက်ချိန် (၄၅)မိနစ် ပေးလေရာ ကျွန်ုပ်နှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်လည်း အညောင်းပြေ ကမ်းပေါ် တက်ကြ

လေသည်။ မြိတ်မြို့သည် ကျွန်ုပ်တို့အတွက် နေရာစိမ်းတစ်ခုတော့ မဟုတ်ပါချေ။

အကြောင်းရှိသည်နှင့် တစ်နှစ်လျှင် တစ်ခေါက်နှစ်ခေါက်တော့ ရောက်ဖြစ်သောနေရာပင်ဖြစ်သည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ ဈေးဘက်သို့ သွားပြီး နာမည်ကျော် မြိတ်ကပ်ကြေးကိုက်နှင့် လက်ဖက်ရည်သောက်ကာ နံနက်စာအဖြစ် ဝမ်းဖြည့်ကြသည်။

ဆိပ်ကမ်းသတ်မှတ်ချိန်ပြည့်ပြီး နံနက်(၁၀)နာရီထိုးကာနီးအချိန်တွင် မြိတ်မြို့ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာခဲ့လေသည်။

ပင်လယ်ခရီးလမ်းမှာ တစ်စုံတရာ အနှောင့်အယှက်မတွေ့ရဘဲ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ပါက မြိတ်မှ ကော့သောင်သို့ (၁၅)နာရီခန့် မောင်းနှင်ရလေသည်။

တစ်ညလုံး မောင်းနှင်လာခဲ့သော သံလွင်သင်္ဘောကြီးမှ နောက်တစ်နေ့ နံနက်စောစောချိန်မှာ ကော့သောင်သို့ လှမ်းမြင်ရပေသည်။

ကျွန်ုပ် သတိထားမိသောအချက်မှာ ကော့သောင်နှင့် နီးလာသည်နှင့်အမျှ ဒေါက်တာမင်းထင်ကျော်၏အမူအယာမှာလည်း ပိုမိုတက်ကြွလာသယောင်ရှိလေသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ ကော့သောင်နဲ့ နီးလာတာနဲ့ မောင်ရင့်အမူအယာ တစ်မျိုးဖြစ်လာပါလား"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ပြုံး၍ ပြန်ပြော





လေသည်။

"တစ်နေ့လုံး အပူဒဏ်ခံရလို့ မိုးမျှော်နေတဲ့ ပန်းတစ်ပွင့်ဟာ မိုးမရွာသေးပေမယ့် တောင်လေနဲ့ အတူပါလာတဲ့မိုးနံ့မိုးငွေ့ ရလိုက်တာနဲ့ လန်းဆန်းလာသလိုပေါ့ ဆရာရယ်"

"တယ်လည်း ကဗျာဆန်လှပါလား၊ ဒါပေမယ့် ဆိုလိုရင်းကို မသိသေးလို့ ရှင်းပြပါဦး"

"အချစ်နဲ့ ဝေးနေတဲ့ လူတစ်ယောက်ဟာ အချစ်နဲ့ တဖြည်းဖြည်း နီးလာတဲ့အခါ အခုလိုပဲ တက်ကြွမှု ဖြစ်လာတတ်တာမျိုးပေါ့ ဆရာရဲ့"

"အခုလို ရှင်းပြမှပဲ သိရပေတော့တယ်၊ ဒါထက် မောင်ရင့်ချစ်သူက ဒီကော့သောင်မှာ ရှိနေလို့လား"

သူက မြနှင်းဖြူဆိုသော မိန်းကလေးနှင့် ပတ်သက်ခဲ့ပုံများကို ပြောပြသည်။

"အော် . . . ဒါကြောင့်ကိုး၊ ဒါဖြင့် ဒီခရီးစဉ်က တစ်ချက်ခုတ် နှစ်ချက်ပြတ် ခရီးစဉ်မျိုးပေါ့ ဟုတ်လား"

သူက ပြုံး၍ ခေါင်းညိတ်ပြလေသည်။

သင်္ဘောပေါ်မှ လှမ်းကြည့်သောအခါ ဆယ်မိုင်ကမ်းခြေကို လှမ်းမြင်ရပြီး ဒီဘက်မှာတော့ အဆောက်အဦးများကို တွေ့ရသည်။

ဒေသခံများက သုံးမိုင်ဟု ခေါ်သောနေရာတစ်ဝိုက်တွင် အငူစွန်းပေါ်မှာ စေတီငယ်တစ်ဆူ တည်ထားသည်ကို လှမ်းမြင်

ရသည်။

ထိုနေရာမှ လွန်တော့ ကမ်းခြေသဲသောင်ပြင်ပေါ်မှာ တည်ထားသော တစ်မိုင်ဈေးတန်း၊ တစ်မိုင်ဈေးတန်း လွန်သောအခါ မြန်မာနိုင်ငံ တောင်ဘက်အစွန်း၊ ယခင်က ဝိတိုရိယ အငူစွန်းဟု ခေါ်ကြပြီး နောက်ပိုင်း ဘုရင့်နောင်ဟု ခေါ်သောနေရာသို့ ရောက်လေသည်။

ထိုနေရာရှိ ကမ်းပါးပေါ်မှာ ကြေးရုပ်ကြီးတစ်ရုပ် ရှိလေသည်။ ထိုနေရာ တောင်ဘက်ကုန်းမြေ ဆုံးသောနေရာပင်ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့ခရီးစဉ်လည်း အဆုံးသတ်ကြလေပြီ။ ကမ်းပေါ်သို့ တက်ခွင့်မရကြသေးပေ။

သဘော်က ဘုရင့်နောင် အငူစွန်းကို ကွေ့ပတ်ပြီး ပါချန်မြစ်ဝအတွင်းသို့ ကွေ့ဝင်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကော့သောင်ကို မြင်နေကတည်းက အိတ်တပြင်ပြင် ဖင်တကြွကြွနှင့် ရှိနေရာ နံဘေးမှ ကြည့်ရသူပင် ရင်မောစရာဖြစ်သည်။ သူကြည့်ရသည်မှာ သဘော်ကြီး တဖြည်းဖြည်း ကပ်နေသည်ကို ကြည့်ပြီး နှေးကွေးလွန်းလှသည်ဟု ထင်နေဟန်ရှိပေသည်။

နောက်ဆုံးမှာတော့ ကမ်းပေါ်သို့ တက်ခွင့်ရကြလေသည်။ ကျွန်ုပ်တို့နှစ်ယောက် ဆိပ်ကမ်းတစ်ဝိုက်မှာ ရှိသော အငှားဂျစ်ကားတစ်စီးကို ခေါ်ပြီး မြနှင်းဖြူတို့အကြောင်းကို မေး





မြန်းရာ အလွယ်တကူပင် သိကြလေသည်။

"မသိဘဲ ရှိပါ့မလား ဆရာရယ်၊ ဦးထန်ဖုန်းရှိန်ဆိုတာ နာမည်ကြီးပဲ၊ ကော့သောင်တစ်မြို့လုံး မသိတဲ့လူ ရှိပါ့မလား၊ သူတို့အိမ်က အဏ္ဏဝါ ရပ်ကွက်ထဲမှာတင် ရှိတယ်၊ သဘော်ဆိပ်နဲ့လည်း မဝေးလှပါဘူး"

ဟု ပြောကာ လိုက်ပို့ပေးသည်။

သူပြောသည့်အတိုင်း (၁၀)မိနစ်သွားလိုက်ရုံနှင့် မြနှင်းဖြူတို့ တိုက်ရှေ့သို့ ရောက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော် မြင်တော့ မြနှင်းဖြူကိုယ်တိုင် ထွက်လာပြီး ကြိုလေသည်။

"ဟင်. . . မောင် အကြောင်းမကြားဘာမကြားနဲ့ ဘယ်လိုရောက်လာတာလဲ၊ လာမယ်မှန်း သိရင် ကျွန်မကိုယ်တိုင် သဘော်ဆိပ် လာကြိုမှာပေါ့"

"ရပါတယ် မြလေးရယ်၊ အကြောင်းမကြားဘဲ ထွက်လာတာကတော့ မြလေးနဲ့လည်း တွေ့ချင်လို့၊ နောက်တစ်ချက်က အရေးကြီးတဲ့အကြောင်းကိစ္စလေးလည်း ရှိလို့ လာခဲ့တာပါ"

"အထဲမှာ ဖေဖေရှိတယ်၊ ဖေဖေနဲ့ မိတ်ဆက်ပေးရမယ်"

ဟု ပြောကာ အတွင်းသို့ ခေါ်သွားလေသည်။

ဦးထန်ဖုန်းရှိန်မှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး သဘောမနောကောင်းသူတစ်ဦးဖြစ်သည်။ မြနှင်းဖြူ

က မိတ်ဆက်ပေးသောအခါ နားလည်စွာဖြင့်. . .

"ဒီမှာတော့ ဘာမှ အားနာစရာ မရှိပါဘူး၊ သမီးရဲ့ မိတ်ဆွေသူငယ်ချင်းဆိုတော့လည်း လွတ်လွတ်လပ်လပ်သာ နေကြပါ၊ လိုတဲ့အကူအညီ ရှိရင်လည်း သမီးဆီမှာ ပြောပေါ့"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောသည်။

မြနှင်းဖြူကတော့ မမျှော်လင့်ဘဲ ချစ်သူရောက်လာသောကြောင့် များစွာပျော်ရွှင်တက်ကြွမှု ဖြစ်ကာ အပေါ်ထပ်ရှိ နေရာထိုင်ခင်းများ စီစဉ်ပေးသည်။

ညနေပိုင်း ထမင်းစားပြီးချိန် ရောက်သောအခါမှ ဧည့်ခန်းမှာ ပြန်ဆုံသောအခါ ဒေါက်တာမင်းထင်ကျော်က လာရင်းကိစ္စကို ပြောပြီး ဦးဇန်ကောင်း ရေးပေးလိုက်သည့်စာကို ထုတ်ပြလိုက်သည်။

ဦးထန်ဖုန်းရှိန်က ထိုစာကို ဖတ်ပြီး တအံ့တသြ ဖြစ်သွားလေသည်။

"ဆေးဆရာကြီး ဦးဇန်ကောင်းကို ကျုပ်ကောင်းကောင်း သိတာပေါ့၊ တလောကမှ ဒီက ငါးယူဖို့ သွားတဲ့ စက်လှေနဲ့ စမင်ကျွန်းကို လိုက်သွားတာ၊ သူ ဒီစာရေးလိုက်တာ ကျုပ်ဖြင့် အတော်ကလေး ကျေးဇူးတင်ရမှာပဲ"

"ဘယ်လိုကြောင့်ပါလဲ"

"အခုမှ စကားစပ်မိလို့ ပြောရဦးမယ်၊ အခုတလော ပင်လယ်ပိုင်းမှာ ဘာတွေဖြစ်နေတာလဲ မသိဘူး၊ ငါးဖမ်းထွက်တဲ့





စက်လှေတွေ လှေတွေ ဒုက္ခကြာခဏ ပျက်စီးကြတယ်၊ တချို့လည်း အစရှာမရအောင် ပျောက်သွားကြတယ်၊ အတော်များများက ကျုပ်ဆီမှာ ငါးပုစွန် သွင်းနေတဲ့လူတွေဆိုတော့ အခုတလော ကုန်ချိန်အဝင် အတော့်ကို ကျဆင်းသွားတယ်၊ အဲဒါ ဘယ်လို လုပ်ရမှန်း မသိဘဲ ဖြစ်နေတုန်း အခု ခင်ဗျားတို့ ရောက်လာတော့ အတော်ပဲ ဖြစ်သွားတာပေါ့"

ဟု ပြောပြလေသည်။

"အရင်ကရော ဒီလိုအဖြစ်အပျက်မျိုးတွေ ဖြစ်ခဲ့ဖူးပါသလား"

"ဒီဘက်တွေမှာတော့ မကြာခဏ ထူးဆန်းတာတွေ ဖြစ်နေတာပါပဲ၊ ဒါထက် ခင်ဗျားတို့က ဒီကိစ္စကို ဘယ်လိုလုပ်ကြမှာလဲဟင်"

"အဖြေသိရအောင် အရင်လုပ်ကြမှာပါ၊ ဒီကနေ ဦးဇန်ကောင်း ရှိတဲ့ စမင်ကျွန်း"ကို သွားမှာပါ"

"ဘယ်တော့ သွားမှာလဲ"

"ဒီမှာ လိုတာလေးတွေ စုဆောင်းပြင်ဆင်ပြီးတာနဲ့ လိုက်သွားမှာပါ"

"ဒီအတွက် ဘာတွေ လိုမလဲ"

"စက်လှေတစ်စင်း၊ ပုလဲငုပ်တဲ့ ရေငုပ်ကိရိယာတွေနဲ့ ရေငုပ်ကျွမ်းကျင်တဲ့လူတွေ လိုပါတယ်၊ ဒီမှာ ရနိုင်မယ်ဆိုရင် ခဏငှားချင်ပါတယ်"

"ဒီအတွက်တော့ ဘာမှ မပူပါနဲ့ဗျာ၊ ကျုပ်ဆီမှာ အသုံး မပြုဘဲ နားထားတဲ့စက်လှေတွေထဲက ကြိုက်တဲ့စက်လှေသာ ယူသွားပါ၊ ရေငုပ်ကိရိယာတွေအတွက်လည်း မခက်ခဲလှပါဘူး ကျုပ်မိတ်ဆွေ ပုလဲငုပ်တဲ့လူတွေဆီက ယူပေးလိုက်ပါ့မယ်"

"ဘယ်မှာ ရနိုင်မလဲ"

"စမင်ကျွန်းမှာ ရှိတဲ့ နီမောင်ကိုသာ တွေ့အောင်ရှာပြီး ခေါ်ပါ၊ ပင်လယ်မှာ သူ့လောက် ရေငုပ်ကျွမ်းကျင်တဲ့လူမရှိဘူး"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဦး"

"ရပါတယ်. . . ကျုပ်သမီးနဲ့ ရင်းနှီးတဲ့သူတွေပဲ၊ နောက်ပြီး ခင်ဗျားတို့ ဆောင်ရွက်မယ့်ကိစ္စက ကျုပ်တို့ရဲ့အကျိုးစီးပွား အတွက်လည်း အထောက်အကူ ဖြစ်မယ့်ကိစ္စပဲ၊ ဒီလောက် အကူ အညီပေးရုံတင် မဟုတ်ပါဘူး၊ လိုအပ်တဲ့စားနပ်ရိက္ခာနဲ့ အသုံး အဆောင်ပစ္စည်းတွေကိုပါ ပြည့်စုံအောင် ထည့်ပေးလိုက်ပါ့မယ် ဒါ့အပြင် လမ်းခရီးလည်း ကျွမ်းကျင်ပြီး အားကိုးရတဲ့ ကျုပ်ရဲ့ မန်နေဂျာ မောင်ကျော်စွာကိုပါ အဖော်ထည့်ပေးလိုက်ပါ့မယ်"

ဟု လိုလေသေး မရှိအောင် စီစဉ်ပေးရာ ဒေါက်တာ မင်းထင်ကျော်တို့အတွက် များစွာအဆင်ပြေသွားလေတော့သည်။

စကားဝိုင်း သိမ်းပြီးနောက်တွင် ဒေါက်တာမင်းထင် ကျော်နှင့် မြနှင်းဖြူတို့မှာ အေးအေးဆေးဆေး စကားပြောခွင့် ရကြတော့သည်။





"ကျွန်မတော့ မမျှော်လင့်ဘဲ မောင် ရောက်လာတာ သိမ်ပြီးဝမ်းသာတာပဲ"

"မောင်လည်း ဝမ်းသာတာပေါ့ မြလေးရယ်၊ မြလေးဆီ က စာရကတည်းက သတိရနေတုန်း မမျှော်လင့်ဘဲ ဒီအစီအစဉ် က ပေါ်လာတော့ အတော်ပဲ ဖြစ်သွားတာပေါ့"

"ဒါထက် မောင်က ပင်လယ် ဘယ်တော့ ထွက်ကြမှာ လဲဟင်"

"ဒီမှာ အစီအစဉ်တွေ ပြီးတာနဲ့ သွားလိုက်မယ်လေ"

"သတိဝီရိယတော့ ထားပါ မောင်၊ ပင်လယ်ပြင်ဆိုတာ အန္တရာယ် သိပ်များတဲ့နေရာမျိုးပဲ"

"စိတ်မပူပါနဲ့ မြလေးရယ်၊ မောင့်အနေနဲ့ ဒီထက် အန္တရာယ်များတဲ့နေရာမျိုးတွေကိုတောင် သွားခဲ့ဖူးပါတယ်၊ စိတ် ပူစရာ မရှိပါဘူး၊ မောင့်အနေနဲ့ စိတ်ပူနေရတာ တစ်ခုပဲ ရှိပါ တယ်"

"ဘာများလဲ မောင်ရဲ့"

"မြလေးနဲ့ နီးဖို့အရေးပေါ့၊ ဒီကိစ္စကို မြလေးကရော ဘယ်လိုစဉ်းစားထားသလဲဟင်"

"ကျွန်မလည်း မောင်နဲ့ မဝေးချင်တော့ပါဘူး၊ မောင် သဘောကျသလိုသာ စီစဉ်ပါတော့"

"ဒီလိုဆိုရင် မောင် ပင်လယ်က ပြန်လာပြီးတဲ့နောက် ရန်ကုန်ကို မပြန်ခင် ကိုယ်တို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စကို

မြလေးဖေဖေဆီမှာ ခွင့်တောင်းပြီး စီစဉ်လိုက်တော့မယ်နော်"

ထိုစကားကြားသောအခါ မြနှင်းဖြူ ပြုံး၍ ခေါင်းညိတ်ပြလေသည်။

ထိုအပြုံးသည် ချစ်သူနှစ်ဦးအတွက် အလှဆုံးအပြုံးပင် ဖြစ်ပေတော့သည်။





# အခန်း(၁၁)

# နီမောင်နှင့် ဒေါက်တာမင်းထင်ကျော် လက်တွဲကြခြင်း

ဒေါက်တာမင်းထင်ကျော်တို့ ပင်လယ်ခရီးထွက်သောအခါ ဦးထန်ဖုန်းရှိန်က စက်လှေအပါအဝင် ဒေါက်တာမင်းထင်ကျော် အလိုရှိသောပစ္စည်းများအားလုံးကို စီစဉ်ပေးလိုက်လေသည်။

ရေငုပ်ရာတွင် အသုံးပြုသောကိရိယာများနှင့် လက်နက်ကိရိယာများအပြင် ပင်လယ်ပြင်ထွက် ပင်လယ်ဓါးပြလှေများနှင့်တွေ့ပါက ခုခံတိုက်ခိုက်ရန်အတွက် သေနတ်အချို့ပင် ထည့်ပေး

လိုက်သည်။

စက်လှေပေါ်မှာလည်း ပင်လယ်ပြင်မှာ ကျွမ်းကျင်သော အလုပ်သမားများ ပါလာသည်။ ထို့ပြင် ၎င်းတို့ကို အကူအညီပေးရန်အတွက် ကျော်စွာဆိုသော လူရွယ်တစ်ယောက် ပါလာသည်။ ကျော်စွာသည် အသက်(၃၀)အရွယ်ရှိပြီး ဖျတ်လတ် တက်ကြွသော လူရွယ်တစ်ဦးဖြစ်သည်။

သူသည် ခေတ်ပညာ အတန်အသင့် တတ်ရုံမကဘဲ ပင်လယ်ပြင်နှင့် ပတ်သက်ပြီး အတွေ့အကြုံများစွာ ရှိလေသည်။ သို့ကြောင့်လည်း ဦးထန်ဖုန်းရှိန်က မြနှင်းဖြူလက်ထောက် မန်နေဂျာအဖြစ် အလုပ်ခန့်ထားခြင်းဖြစ်သည်။ ကျော်စွာမှာ ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူတူ ခရီးထွက်ခွင့်ရသောကြောင့် များစွာကျေနပ်ဝမ်းသာနေဟန် ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့်လည်း ကျော်စွာလို လူရွယ်တစ်ဦးနှင့် ခရီးသွားရသည်ကို များစွာသဘောကျမိလေသည်။

ဆိပ်ကမ်းမှ စက်လှေ စထွက်လာပြီး ပင်လယ်ပြင်သို့ ရောက်ကတည်းက ကျော်စွာက အနားရောက်လာပြီး ကမ်းရိုးတန်းတလျှောက်မှာ ရှိသော ထူးခြားထင်ရှားသောနေရာများကို ပြောပြပေလေသည်။

"ကျွန်တော်ကတော့ ဆရာတို့နဲ့ ခရီးထွက်ရတာ သိပ်သဘောကျတာပဲ၊ လိုတာရှိရင်လည်း ပြောပါ ဆရာ"





"အခုလောက် စီစဉ်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ မောင်ကျော်စွာရယ်၊ ဒါထက် မေးရဦးမယ်၊ အခုလိုကိစ္စတွေ မပေါ်ခင်မှာ ဒီကမ်းရိုးတန်းနဲ့ ပင်လယ်ပြင်တစ်ဝိုက်မှာ ထူးထူးခြားခြား ဖြစ်တာတွေများ ရှိသလား"

ထိုသို့မေးသောအခါ ကျော်စွာက စဉ်းစားနေသည်။

"ဘယ်လိုထူးခြားမှုမျိုးတွေလဲ ဆရာ"

"သာမန်ထက်ပိုပြီး ထူးခြားတဲ့အဖြစ်အပျက်တွေပေါ့"

"ဒီပင်လယ်ပြင်မှာတော့ ထူးထူးခြားခြား ဖြစ်တာတွေကတော့ အများကြီး ရှိတာပေါ့၊ ဒါပေမယ့် လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ ဒီပင်လယ်ပြင်မှာ ထူးထူးခြားခြား အဖြစ်အပျက်တစ်ခု ရှိတယ်"

"ဘယ်လိုများလဲ. . . ပြောပါဦး"

"မြန်မာပင်လယ်ရေပိုင်နက် အစပ်နားလောက်မှာ ပင်လယ်နက်လို့ အမည်ပေးထားတဲ့နေရာတစ်ခု ရှိတယ်၊ ဘာကြောင့် ပင်လယ်နက်လို့ အမည်ပေးထားသလဲဆိုတော့ အဲဒီရေပြင်တစ်ဝိုက်မှာ ရှိတဲ့ရေတွေအားလုံးက အနက်ရောင်တွေ ဖြစ်နေလို့ပဲ"

"အထူးအဆန်းပါလား"

"ဟုတ်တယ်. . အဲဒီနေရာမှာမှ ရေကြောင်းပြောင်းပြန်းတဲ့နေရာတစ်ခု ရှိတယ်၊ အဲဒီနေရာက လှိုင်းထန်ပြီး ဝဲဂယက်တွေလည်း များတယ်၊ တော်ရုံ စက်အားမကောင်းတဲ့လှေတွေ

အဲဒီဝဲထဲ ရောက်ရင် ပြန်ထွက်ဖို့ မလွယ်ဘဲ နစ်မြုပ်တာ များတယ်၊ ပင်လယ်အလုပ်သမားတွေကတော့ အဲဒီနေရာကို 'ကဝေမှော်' လို့ ခေါ်ကြတယ်"

"ဟင်. . . ကဝေမှော် ဟုတ်လား"

"အဲဒီနေရာကို ရေကြောင်းလွဲပြီး ရောက်သွားတဲ့လှေတိုင်း ပြန်မလာနိုင်လို့ ကဝေမှော်လို့ အမည်ပေးထားကြတာပဲ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ ကဝေမှော် ဆိုတဲ့နေရာမှာ နိုင်ငံခြားသားတွေ ပါတဲ့ သင်္ဘောတစ်စင်း ပျောက်ခြင်းမလှ ပျောက်သွားတယ်လို့ သတင်းကြားလိုက်တယ်"

"ပင်လယ်ထဲမှာ မြုပ်ပြီး ပျက်စီးသွားတာလား"

"ကျွန်တော်တို့လည်း သေသေချာချာတော့ မသိလိုက်ရဘူး၊ သက်ဆိုင်ရာတိုင်းပြည်က လူတွေ လာရှာကြတော့မှ သတင်းကြားရတာပဲ"

ထိုအကြောင်းကို ကြားသောအခါ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ မွန်းစတား သင်္ဘောမှ ကပ္ပတိန်သာခင် ရေးသားထားသောစာနှင့် ၎င်းတို့သင်္ဘော နစ်မြုပ်ပျက်စီးသောနေရာသို့ ညွှန်ပြထားသည့် အမှတ်အသားများကို ပြန်လည်သတိရမိလေသည်။

ထိုနေရာသည် ကျော်စွာပြောပြသည့် ပင်လယ်နက်မှာရှိသော ကဝေမှော်နေရာများ ဖြစ်လေမလားဟုလည်း တွေးလိုက်မိလေသည်။





"နောက်တော့ ဘာတွေဖြစ်ကြသေးလဲ မောင်ကျော်စွာ"

"ကဝေမှော်မှာ အဲဒီသင်္ဘော ပျောက်သွားပြီးတဲ့နောက်မှာတော့ ဘာမှ မကြားရတော့ပါဘူး"

"ဒါထက် မောင်ကျော်စွာက ဒီနေရာတွေအကြောင်း အတော်ကလေး သိထားပုံရတော့ မေးရဦးမယ်၊ ကဝေမှော် ရှိတဲ့နေရာနဲ့ အနီးပတ်ဝန်းကျင်မှာ ကျွန်းတွေကရော ရှိသတဲ့လား"

"ကျွန်တော်တော့ သိပ်မသိဘူး၊ ပင်လယ်ထွက်တဲ့ အလုပ်သမားတွေ ပြောသံကြားတာတော့ အဲဒီဘက်တွေမှာ လူမနေတဲ့ကျွန်းတွေ ရှိတယ်လို့တော့ ကြားဖူးတယ်၊ ဒီနယ်ဘက်တွေမှာတော့ အဲဒီလို လူမနေတဲ့ကျွန်းတွေ အများကြီး ရှိတာပဲ"

"မောင်ကျော်စွာတို့ ပင်လယ်ပိုင်းဒေသတွေမှာ ဆန်းကြယ်တဲ့အဖြစ်တွေ အများကြီးရှိမှာပေါ့နော်"

"မြိတ်၊ ထားဝယ်၊ ကော့သောင် အပါအဝင် တနင်္သာရီကမ်းမြောင်ဒေသတွေမှာ တောတောင်ထူထပ်တာလည်း တစ်ကြောင်း၊ ရှေးက မြို့ဟောင်းကြီးတွေလည်း ရှိနေတော့ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကတော့ အများကြီး ရှိတာပေါ့၊ ဟိုတလောကတောင် မြိတ်ဘက်မှာ ထူးထူးဆန်းဆန်း အဖြစ်တစ်ခု ပေါ်လို့ သတင်းစာတွေထဲမှာ အကျယ်တဝင့် ဖော်ပြထားတာ ရှိတယ်၊ သတင်းစာကို ကျွန်တော်သိမ်းထားတာ ရှိတယ်"

ဟု ပြောပြီး စက်လှေအခန်းထဲမှာ ထားဟန်ရှိသော

သတင်းစာတစ်စောင် ယူလာပြီးပြသည်။

သတင်းစာမှာ မကြာခင် လပိုင်းကမှ ထုတ်ဝေထားသော မဏ္ဍိုင်သတင်းစာဖြစ်သည်။

"မြိတ်ခရိုင် တောနက်အတွင်း၌ ထူးဆန်းသောကျေးရွာတစ်ရွာ တွေ့ရှိ"

(၁၀. ၉. ၁၉၆၀)

(၁၉၆၀)ပြည့်နှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ထုတ် မဏ္ဍိုင်သတင်းစာတွင် မြိတ်ခရိုင် သတင်းထောက် ဦးပျိုတင်၏ သတင်းကို ကိုးကားလျက် မြိတ်ခရိုင်အတွင်း၌ ထူးဆန်းသော ကျေးရွာတစ်ရွာ ရှိနေကြောင်း သတင်းတစ်ပုဒ် ဖော်ပြပါရှိသည်။

တွေ့ရှိပုံမှာ မြိတ်မြို့ ကြောင်ငယ်ရပ်နေ သစ်ခုတ် လုပ်ငန်းဖြင့် အသက်မွေးသူ 'ဒူမန်' ဦးစီးသည့် မွတ်ဇီ၊ မောင်တင်စိန်တို့ပါ သစ်ခုတ်သမားတစ်စုသည် သစ်ခုတ်ရန်အတွက် ဩဂုတ်လအတွင်း၌ ကဟန်းကျေးရွာသို့ သွားရောက်ခဲ့ကြသည်ဆို၏။

ကဟန်းရွာအရောက်တွင် ၎င်းရွာမှ လှေငါးစင်းနှင့် ပူးပေါင်းကာ လယ်သစ်ချောင်းပေါက်ဝရှိ သစ်တောကြီးအတွင်းသို့ သစ်များ သွားရောက်ခုတ်ခဲ့ကြသည်။

သစ်တောကြီးမှာ မြိတ်မြို့ အနောက်တောင်ဘက်တွင် ရှိပြီး လှေခြောက်စင်းနှင့် သွားရောက်သစ်ခုတ်ရာမှ ဒူမန် ဦးစီးသောလှေမှာ မျက်စိလည် လမ်းမှားသွားခဲ့သည်ဆို၏။

ဩဂုတ်လ နောက်ဆုံးပတ်တွင် လှေသည် ချောင်းငယ်





ကလေးအတွင်း ရောက်ရှိသွားပြီး မှောင်စပျိုးချိန်၌ ကျေးရွာကြီးတစ်ရွာကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ ကမ်းသို့ တက်လိုက်ကြမည်ဟု ဆိုပါသည်။

ကျေးရွာကမ်းတက်မှာ မီးမောင်းဖြင့် ထိုးထားပြီး ယူနီဖောင်း ဝတ်ထားသူတို့က ၎င်းတို့လှေကလေးတွင်း ရှာဖွေကြ၏။

ဒူမန်တို့သုံးဦးက မျက်စိလည် လမ်းမှားလာပြီး စားစရာဆန်ပင် မရှိတော့ကြောင်း ပြောပြရာ ကျေးရွာက ထမင်းစီစဉ်ပေးပြီး စားစရာဆန်လည်း ပေးအပ်ခဲ့သည်ဟု ဆိုပါသည်။

တောင်ခြေပတ်လည်တွင် အိမ်များဖြင့် စည်စည်ကားကားရှိပြီး တောင်ပေါ်ထက်ရှိ ဘုန်းတော်ကြီးကျောင်းကဲ့သို့သောနေရာမှ အိုးစည်ဗုံမောင်း တီးလျက် ပွဲလမ်းသဘင် ကျင်းပနေသည်ကိုလည်း တွေ့ကြရ၏။ ဒူမန်တို့အဖွဲ့လည်း ကမ်းထက်သို့ တက်ခွင့်ရခဲ့သည့်အပြင် နံနက်မိုးမလင်းမီ ရွာမှ ထွက်ခွာခဲ့ကြရသည်ဟု ဆိုပါသည်။

မြိတ်မြို့သို့ ဩဂုတ်လကုန်ပိုင်းတွင် ဤမျှ စည်ကားပြီး ခေတ်မီလျှပ်စစ်မီးများ ထွန်းညှိထားသော ကျေးရွာကြီးမျိုး တစ်ခါမှ မတွေ့ဖူးသည့်အားလျော်စွာ (၁၉၆၀)ပြည့်နှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် သတင်းထောက်ဦးပျိုတင်အား အတွေ့အကြုံများကို ပြောကြားခဲ့ကြ၏။

ရှေးအခါကလည်း သင်္ဘောသားအချို့ ဤကဲ့သို့သော ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ရဖူးသည် ဆိုပါသည်။

ဟု ရေးသားဖော်ပြထားလေသည်။

"အင်း. . . သတင်းကို ဖတ်ရတော့ တိဗက်တောင်တန်းတွေမှာ မုဆိုးတစ်ယောက် မျက်စိလည်ပြီး ရောက်သွားတဲ့ ထူးဆန်းတဲ့ရွာကြီးတစ်ရွာကိုတောင် သတိရသေးတယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"အဲဒါ ဘယ်လိုရွာမျိုး ဖြစ်မယ်လို့ ဆရာထင်သလဲဟင်"

ကျော်စွာက မေးသည်။

"တောနက်ကြီးထဲမှာ လျှပ်စစ်မီးတွေ ထိန်လင်းနေတယ်ဆိုတော့ သာမန်ရွာမျိုးတော့ မဖြစ်နိုင်ပါဘူး၊ ပရလောကသားတွေ ဖန်ဆင်းထားတဲ့ရွာမျိုးပဲ ဖြစ်မယ်ထင်ပါတယ်"

"ပရလောကသားတွေဆိုတော့ ဘယ်လိုအမျိုးအစားတွေ ဖြစ်မယ်လို့ ဆရာထင်သလဲဟင်"

"ဒီလိုဖန်ဆင်းလေ့ရှိတာကတော့ သုံးမျိုးလောက်ပဲ ရှိပါတယ်၊ ပထမကတော့ ဥစ္စာစောင့်တွေက ဒီလိုရွာမျိုး ဖန်ဆင်းနိုင်ပါတယ်၊ ဒုတိယကတော့ ကျတ်တွေက ဖန်ဆင်းလေ့ရှိတယ်၊ တတိယကတော့ အသူရကယ်ဘုံသားတွေ ဖန်ဆင်းထားတဲ့ရွာတွေလည်း ရှိပါတယ်"

ဟု ရှင်းပြလေသည်။

"သူတို့ တွေ့ခဲ့တဲ့ရွာက သာမန်မဟုတ်ဘဲ ပရလောကသားတွေ ဖန်ဆင်းထားတဲ့ရွာဖြစ်ကြောင်း သက်သေတစ်ခုက ဆိုင်းသံဗုံသံတွေ ကြားခဲ့ရတဲ့အချက်ပါပဲ၊ ပရလောကသားတွေ





ဟာ သူတို့ဖန်ဆင်းထားတဲ့ရွာတွေ နေရာတွေကို လူတွေ ရောက်လာတဲ့အခါမှာ ဆိုင်းပွဲတွေ ဇာတ်ပွဲတွေနဲ့ ပြလေ့ရှိပါတယ်၊ ဒါကြောင့် သစ်ခုတ်သမားတွေ ရောက်သွားတဲ့နေရာက ပရလောကသားတွေ ဖန်ဆင်းထားတဲ့နေရာဖြစ်တယ်လို့ ပြောနိုင်တာပါ"

ဟု ရှင်းပြလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို သယ်ဆောင်သွားသော စက်လှေမှာ မွန်းလွဲပိုင်းအချိန်လောက်တွင် စမင်ကျွန်းသို့ ရောက်သွားလေတော့သည်။

သူတို့စက်လှေ ဆိပ်ကမ်းသို့ ရောက်သည်နှင့် ထိုရွာမှာပင် ရှိနေသေးသော ဦးဗန်ကောင်းက ဆင်းကြိုပြီး ရွာလူကြီး ဦးဇမုန်းထန် နေအိမ်သို့ ခေါ်သွားလေသည်။

"မောင်ထင်ကျော် အခုလိုရောက်လာတာ ကျုပ်ဖြင့် သိပ်ဝမ်းသာပါတယ်ဗျာ"

"ကျွန်တော်လည်း ဦးဗန်ကောင်းနဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ ရောက်သောအခါ မြနှင်းဖြူက ရွာမှ မိန်းကလေးများကို ခေါ်ပြီး စားသောက်ရန် ဓိမံပေးရသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာသောအခါ ပင်လယ်ပြင်မှာ အန္တရာယ်ဆိုးနှင့် ကိုယ်တွေ့ကြုံခဲ့ကြရသော

နီမောင်တို့သုံးယောက်လည်း လာကြလေသည်။ ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့သုံးယောက်ကို မိတ်ဆက်ပေးလိုက်သည်။

"ဆရာနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ဆရာကြီး ဦးဗန်ကောင်းကတော့ ဆရာ့ရဲ့အကြောင်းတွေကို ပြောပြထားပါတယ်"

"ကျွန်တော်လည်း ကော့သောင်ရောက်ကတည်းက ကိုနီမောင်ရဲ့အကြောင်းကို သိရပါတယ်၊ ပင်လယ်ပြင်မှာတော့ အတော်ကို ကျွမ်းကျင်တယ်လို့ သိရပါတယ်"

နီမောင်က ပြုံးနေပြီး. . .

"ကျွန်တော်က ပင်လယ်ပြင်မှာ ကျွမ်းကျင်သလို ဆရာကလည်း တောတောင်စွန့်စားသွားရတဲ့ခရီးတွေမှာ အတော်ကလေး ကျွမ်းကျင်တယ်လို့ သိရပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆရာတို့နဲ့ အတူ လက်တွဲရမယ်ဆိုတာကိုတော့ ကျွန်တော်ဝမ်းသာပါတယ်"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

ထို့နောက်မှာတော့ နီမောင်က ၎င်းတို့ ကြုံတွေခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်ပြောပြလေသည်။

"သင်္ဘောက ကုန်တင်သင်္ဘောတစ်စင်းပဲ၊ သင်္ဘောတစ်စင်းလုံး အနက်ရောင် သုတ်ထားတယ်၊ နောက်တစ်ချက်က သင်္ဘောတစ်စင်းလုံး မီးရောင်တွေ လင်းနေပေမယ့် လူတစ်ယောက်မှ မတွေ့ရဘူး၊ နောက်ပြီး သင်္ဘောတစ်စင်းလုံး အ





ပေါက်အပြဲတွေနဲ့ သင်္ဘောအစုတ်ကြီးတစ်စင်းပဲ ဆရာ"

"ကိုနီမောင်တို့လှေကို ဝင်တိုက်သွားပြီးနောက် ဘယ်လိုဖြစ်သွားတာ မြင်လိုက်သေးသလဲ"

"မနီးမဝေး ရောက်တော့ မီးရောင်တွေ ဖျတ်ကနဲ ပျောက်သွားပြီး ဘာမှမမြင်ရတော့ဘူး ဆရာ"

ထိုသို့ပြောပြသောအခါ ဦးဗန်ကောင်းက ဝင်မေးသည်။

"မောင်ထင်ကျော် ဘယ်လိုယူဆသလဲ၊ တစ္ဆေသင်္ဘော ဖြစ်နိုင်သလား"

"အဖြေသိရအောင်တော့ ကြိုးစားရမှာပဲ၊ ဒါထက် ကိုနီမောင်တို့ ပင်လယ်ထွက်နေကြတာ ကဝေမှော်အထိ ရောက်ဖူးကြသလား"

"မှော်အတွင်းတော့ မရောက်ဖူးဘူး၊ အဲဒီအနီးပတ်ဝန်းကျင်အထိတော့ ရောက်ဖူးတယ် ဆရာ"

"ကျွန်တော်တို့ အဲဒီနေရာပတ်ဝန်းကျင်အထိ သွားပြီး စုံစမ်းကြရလိမ့်မယ်၊ ကိုနီမောင်တို့သုံးယောက် လိုက်ပေးနိုင်ကြမလား"

"လိုက်ပေးပါ့မယ် ဆရာ၊ အခုဆိုရင် ကျွန်တော်တို့ကျွန်းက လူတွေတင် မကဘူး၊ တခြားကျွန်းတွေက လူတွေပါ တစ္ဆေသင်္ဘောနဲ့ တွေ့ပြီး ဒုက္ခရောက်နေကြတယ်၊ ဒီကျွန်းကလေးတွေလည်း အချို့ပြန်ရောက်မလာနိုင်ကြဘူး၊ ဒီကိစ္စကို ဖြေရှင်းနိုင်မှ အားလုံးအတွက် ကောင်းမှာဆိုတော့ ကျွန်တော်တို့ လိုက်ပြီး

ဆောင်ရွက်ပေးပါ့မယ်"

ဟု ပြောလေသည်။

"ကိုနီမောင်ရဲ့စိတ်ဓာတ်ကိုတော့ လေးစားပါတယ်ဗျာ"

ဟု ဒေါက်တာမင်းထင်ကျော်က ချီးကျူးလေသည်။ ရွာလူကြီးဇမုန်းထန်ကလည်း ရေငုပ်ကျွမ်းကျင်သော အလုပ်သမားအချို့ကို ထည့်ပေးလိုက်မည်ဟု ပြောသည်။

ထို့နောက်မှာတော့ နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ခရီးထွက်ကြရန် အစီအစဉ်ဆွဲသောအခါ နီမောင်က သူ့သဘောကို ပြောသည်

"တစ္ဆေသဘော်ကို ညအချိန် တွေ့ရတာဆိုတော့ ကျွန်တော်တို့ အခုညပဲ ပင်လယ်ပြင်ထွက်ပြီး အခြေအနေ လေ့လာကြည့်ရင် ပိုမကောင်းဘူးလား ဆရာ"

"အင်း. . . ဒါလည်း ကောင်းတာပဲ၊ သူ့အခြေအနေကို ကြိုပြီးသိရတာပေါ့၊ ဒီလိုဆို ဒီနေ့ညပဲ ပင်လယ်ပြင် ပြန်ထွက်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။





# အခန်း[၁၂]

# တစ္ဆေသဘော်နှင့် တိုက်ခိုက်ရခြင်း

အချိန်ကာလမှာ (၁၉၆၀)ခုနှစ်၊ ဧပြီလ နှောင်းပိုင်း ကာလဖြစ်သောကြောင့် ကောင်းကင်ပြင်ပေါ်မှာ မိုးသားမိုးရိပ်များ ကွက်ကြားရှိနေသည်။

ကောင်းကင်ပြင်ပေါ်မှာ ရှိနေသော လရောင်သည် လင်းတစ်ခါ မှိန်တစ်လှည့် ဖြစ်နေသည်၊

လဆန်းစ ဖြစ်သောကြောင့် လက ထက်ဝက်သာ ရှိ

သေးသဖြင့် အလင်းရောင်က အားမကောင်းလှသေးပေ။ ဦး
တည်ရာမဲ့ တိုက်ခတ်နေသောလေကြောင့် လှိုင်းကြက်ခွပ်က
လေးများနှင့် ရောနှောကာ လှိုင်းအချို့ ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ စက်လှေပေါ်မှာ လူအင်
အားကောင်းရုံမက လက်နက်များလည်း အပြည့်အစုံ ပါလာလေ
သည်။

ဒေါက်တာမင်းထင်ကျော်၏အစီအမံနှင့် သဘော်ာ အင်
ဂျင်စက်နှင့် တက်မ စသည်တို့ကို အကောင်းဆုံးဖြစ်အောင် စီမံ
ထားကြလေသည်။

စက်လှေပေါ်မှာ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်
ကျော်၊ နီမောင်၊ စောထီး၊ ငမဲအောင်၊ ကျော်စွာတို့အပြင် စက်
လှေကျွမ်းကျင်သော အလုပ်သမားများ၊ ရေကြောင်းနှင့် ရေငုပ်
ကျွမ်းကျင်သူများပါ ပါလာသောကြောင့် စုစုပေါင်း(၁၅)ယောက်
ခန့် ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်က အကယ်၍ တစ္ဆေသင်္ဘော
နှင့် ရင်ဆိုင်တွေ့လျှင် မည်သို့မည်ပုံ ပြုလုပ်ရမည်များကိုပါ တစ်ပါ
တည်း မှာကြားထားလေသည်။

သူတို့အဖွဲ့သည် ပင်လယ်နက် အစပ်နားမှာ ရှိသည့်
ကဝေမှော်ဟု နာမည်ကြီးနေသောနေရာနှင့် အနီးဆုံးနေရာ
ရောက်အောင် မောင်းသွားကြသည်။

ထိုနေရာသည် နီမောင်တို့လှေ နစ်မြုပ်ပျက်စီးခဲ့သော





နေရာနှင့်လည်း မဝေးလှပေ။

"ဆရာ. . . ဒီနေရာက ကျွန်တော်တို့ လှေနစ်ခဲ့တဲ့
နေရာနဲ့ သိပ်မဝေးတော့ဘူး၊ တစ္ဆေသင်္ဘောကို မြင်ရတာ ဒီ
နေရာတစ်ဝိုက်ပဲ"

"ကဝေမှော်နဲ့ရော အတော်ဝေးသေးလား ကိုနီမောင်"

"မဝေးတော့ဘူး ဆရာ၊ နောက်ထပ် နာရီဝက်လောက်
ဆက်မောင်းသွားရင် ကဝေမှော် ရှိတဲ့နေရာကို ရောက်နိုင်တယ်၊
ဒီရေတက်ကာနီးအချိန်ဆိုရင် ကဝေမှော် ရှိတဲ့ပင်လယ်ဘက်က
ဝဲဟီသံတွေ ကြားရနိုင်တယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြပြီး အဝေး
ကြည့်မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် ကြည့်နေ
လေသည်။

"ဒါထက် ကိုနီမောင်တို့ တွေ့လိုက်တုန်းက တစ္ဆေ
သင်္ဘောက မီးရောင်တွေ ထိန်လင်းနေတာပဲလား"

"ဟုတ်တယ် ဆရာ"

"ဒီလိုဆိုရင်တော့ သူလာရင် အဝေးကတည်းက လှမ်း
မြင်နိုင်မှာပေါ့"

ထိုသို့ပြောပြီး ပင်လယ်ပြင်ပေါ်မှာ စက်ကို လျှော့ထားပြီး
ရေစီးနှင့်အတူ အလိုက်သင့် မျှောချထားရင်း အခြေအနေကို
စောင့်ကြည့်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က စက်ခန်းမှာ ရှိနေသူများ

နှင့် တက်မကိုင်အခန်းမှာ ရှိနေသူများကို အရေးအကြောင်း ပေါ်လာပါက အဆင်သင့်ဖြစ်စေရန် မှာကြားထားသည်။ ၎င်းတို့ စီးလာသောစက်လှေမှာ ဦးထန်ဖုန်းရှိန် ပိုင်ဆိုင်သော စက်လှေများထဲမှ စက်အားအကောင်းဆုံးနှင့် ကြံ့ခိုင်မှုကောင်းသော စက်လှေတစ်စင်းပင်ဖြစ်၏။

ခေါ်လာသော သင်္ဘောသားများမှာလည်း ပင်လယ်အတွေ့အကြုံများပြီး ဖျတ်လတ်တက်ကြွသူများဖြစ်ကြသည်။ အချိန်မှာ တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာလေသည်။

လရောင်ပင် မရှိတော့သဖြင့် ကောင်းကင်ပြင်တစ်ခုလုံး ကြယ်ရောင်များဖြင့်သာ မှုန်ဝါးဝါးဖြစ်နေသည်။ မကြာမီ ဒီရေပြန်တက်တော့မည်မို့ တောင်ဘက်မှ လေတိုက်လာသည်။

ထိုအခါ ရေကျချိန်ဖြစ်သောကြောင့် လှိုင်းနှင့်လေ မျက်နှာချင်းဆိုင်တွေကာ လှိုင်းလုံးများက ပိုကြွလာသည်။ ပတ်ဝန်းကျင်တဝိုက်မှာ လှိုင်းပုတ်သံများမှလွဲပြီး အခြားမည်သည့်အသံမှ မကြားရပေ။

ဒီရေတက်ကာနီးအချိန် ရောက်တော့မှ ရုတ်တရက် လေငြိမ်သွားသောကြောင့် လှိုင်းခတ်သံများလည်း တဖြည်းဖြည်း လျော့ကျသွားသည်။

ထိုအခါ ပင်လယ်ပြင်တစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။





ပေါက်သဖြင့် နီမောင်ကို ပြုလုပ်ရမည့်အစီအစဉ်များ ပြောကာ တက်မ,သိမ်းသောအခန်း ရှိရာသို့ သွားခိုင်းလိုက်သည်။

ကျန်လူများကိုလည်း ပါလာသောလက်နက်များကို အဆင်သင့် ပြင်စေပြီး အဆင်သင့် ယူလာသော မီးတုတ်ကြီးများကိုပါ အဆင်သင့် ချထားစေသည်။

"ဝူး . . . ဝူး . . . ဝူး"

နောက်ဘက်မှာ ရောက်နေသောသင်္ဘောရှိရာမှ စက်နှိုးသံကြီး ပေါ်ထွက်လာသည်။

မရှေးမနှောင်းမှာပင် မိမိတို့စက်လှေမှာလည်း စက်မောင်းသံ ပေါ်လာပြီး သင်္ဘောကို တစ်ပတ်ပြန်လှည့်လိုက်သည်။ တက်မကိုင်သောအခန်းထဲမှာ တက်မကို နီမောင် ကိုင်နေခြင်းဖြစ်သည်။

သင်္ဘောနှင့်စက်လှေ မျက်နှာချင်းဆိုင် ဖြစ်သွားသောအခါ နီမောင်က ဆလိုက်မီးကို ဖွင့်ပြီး အမှောင်ထဲမှ သင်္ဘောရှိရာသို့ လှမ်းထိုးလိုက်သည်။

သူတို့သင်္ဘောနှင့် ကိုက်အနည်းငယ်အကွာတွင် စက်သံတဝူးဝူးနှင့် အရှိန်ယူနေသော တဆွေသင်္ဘောကို အားလုံးလှမ်းမြင်ကြရလေသည်။

"ဘာမှ မကြောက်ကြနဲ့၊ ကျွန်တော်ပြောထားတဲ့အတိုင်း ကိုယ်လုပ်ရမယ့်အလုပ်တွေကိုသာ တာဝန်ကျေအောင် လုပ်ကြပါ"

ဒေါက်တာမင်းထင်ကျော်က အားလုံးကြားအောင် ပြော လိုက်ပြီး ပြောင်းရှည်သေနတ်ကို ကောက်ယူလိုက်သည်။

ကျော်စွာ၊ ဦးဗန်ကောင်း၊ ကျွန်ုပ်တို့သည်လည်း အသင့် ယူလာသောသေနတ်များကို အသီးသီး ကောက်ယူပြီး အသင့် ပြင်လိုက်ကြသည်။

နီမောင်က တက်မကိုင်တာဝန် ယူပြီး စောထီး၊ ငမဲ အောင်နှင့် စက်လှေသားများက မီးခြစ်မီးတုတ်၊ ခါတ်ဆီပုလင်း ရေနံဆီပုလင်းနှင့် သံပုံးဖြင့် ထည့်ယူလာသော ရေနံဆီသံပုံးများ ကို စက်လှေကုန်းပတ်ပေါ်မှာ အဆင်သင့် တင်ထားကြသည်။

"တစ္ဆေသင်္ဘောပေါ်မှာ လူမပါဘူးဆိုရင် ဝိညာဉ်တွေက ကျွန်တော်တို့ကို ဘာမှမလုပ်နိုင်ဘူး၊ ဒါကြောင့် သေနတ်တွေနဲ့ လာပြီးတိုက်ခိုက်ကြတဲ့ ပင်လယ်ဓါးပြတွေလောက် အန္တရာယ် မရှိနိုင်ဘူး"

ဒေါက်တာမင်းထင်ကျော်က စက်လှေပေါ်မှာ ရှိသော လူများ မကြောက်စေရန်နှင့် စိတ်ဓာတ်တက်ကြွမှု ရှိစေရန် အား ပေးစကား ပြောလိုက်သည်။

ထိုအခိုက်မှာပင် တစ္ဆေသင်္ဘော ရှိရာဘက်မှ စက်သံ ပြင်းပြင်း ပေါ်လာသည်။

"ဝူး. . . ဝူး. . . ဝူး"

ထိုနှင့် မရှေးမနှောင်းမှာပင် နီမောင်ကလည်း မိမိစက် လှေကို စက်ရှိန်မြှင့်လိုက်သည်။





"ဝူး. . . ဝူး. . . ဝူး"

တစ္ဆေသင်္ဘောက စက်ကုန်ဖွင့်မောင်းကာ သူတို့စက် လှေကို ခေါင်းချင်းဆိုင် တိုက်ဖို့ ဝင်လာလေသည်။

ရုတ်တရက် ကြည့်ပါက အမှောင်ထဲမှ မကောင်းဆိုးဝါး ကြီးတစ်ကောင် ပြေးဝင်လာသည်နှင့် တူလှပေသည်။

နီမောင်ကလည်း တခြားရှောင်ထွက်မသွားဘဲ ဦးတည် ၍ မောင်းသွားပြီးမှ အနားရောက်သောအခါမှ လွတ်ရုံကလေး ကပ်ရှောင်ပေးလိုက်လေသည်။

သင်္ဘောနှင့်စက်လှေမှာ ဘေးချင်းပွတ်သွားသော အနေ အထားဖြင့် ဖြတ်သွားကြသည်။ ဒေါက်တာမင်းထင်ကျော်က မိမိတို့စက်လှေမှ မီးရောင်ဖြင့် တစ္ဆေသင်္ဘောပေါ်သို့ အသေ အချာ ကြည့်သည်။

သင်္ဘောတစ်စင်းလုံး ဆေးအနက်ရောင်များ သုတ်ထား ပြီး အချို့နေရာများမှာ သံပြားချပ်များပင် ထွက်နေသည်။ အပေါ်ပိုင်းမှာလည်း အပေါက်အပြဲများ ရှိသည်။ သင်္ဘောပေါ်မှာ တော့ လူတစ်ယောက်မှ မမြင်ရပေ။ ခဏချင်းမှာပင် သင်္ဘော နှစ်စင်းက တစ်စင်းနဲ့တစ်စင်း အတော်လှမ်းလှမ်းသို့ ရောက်သွား ကြသည်။

မိမိတို့စက်လှေ၏ သစ်သားဖြင့် ပြုလုပ်ထားသော ဖောင်းတံများမှာတော့ တစ်ဖက်သင်္ဘောမှ ထွက်နေသည့်သံပြား အစွန်းများနှင့် ခြစ်မိသွားသောကြောင့် အစင်းရာများဖြင့် ကျန်ခဲ့

သည်မှအပ ကြီးကြီးမားမား ပျက်စီးခြင်းမျိုးတော့ မတွေ့ရပေ။

ဒေါက်တာမင်းထင်ကျော်က နီမောင်၏တက်မကိုင်ကျွမ်းကျင်ပုံကို စိတ်ထဲမှ ကြိတ်၍ချီးကျူးလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က အတော်ဝေးဝေး ရောက်သွားသော တစ္ဆေသင်္ဘောကို လှမ်းကြည့်လိုက်သည်။ အမှောင်ထဲမှာ ဖြစ်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရသော်လည်း အဝေးသို့ မောင်းထွက်မသွားတာကတော့ သေချာလှသည်။

အဘယ်ကြောင့်ဆိုသော် ဒေါသတကြီးနှင့် မာန်ဖီနေသကဲ့သို့ စက်သံတဝူးဝူးကို အတိုင်းသား ကြားနေကြရသည်။ နီမောင်ကလည်း စက်လှေကို တစ်ပတ်ပြန်လှည့်ကာ ထိုနေရာဘက်သို့ ဦးတည်ထားလိုက်လေသည်။

၎င်းတို့အနေအထားမှာ ပင်လယ်ပြင်မှာ စီးချင်းထိုးနေသည်နှင့် သဏ္ဌာန်တူလှပေသည်။ ထိုအခိုက်မှာပင် တစ္ဆေသင်္ဘောက စက်ကုန်ဖွင့်ကာ မောင်းဝင်လာပြန်သည်။

နီမောင်ကလည်း စက်ကုန်ဖွင့်၍ မောင်းဝင်သွားကာ အနားရောက်မှ ကပ်ရှောင်သည်။ သင်္ဘောနှစ်စင်း ဘေးချင်းယှဉ်သွားစဉ် မိမိတို့စက်လှေပေါ်မှ လူများက ရေနံဆီပုလင်း၊ ဓာတ်ဆီပုလင်း၊ ရေနံဆီပုံးများအပြင် အသင့်ပြုလုပ်ထားသော မီးတုတ်များကိုပါ ထိုသင်္ဘောပေါ်သို့ ရောက်အောင် ပစ်တင်လိုက်ကြလေသည်။ အနည်းငယ် လွန်သွားတော့မှ ဒေါက်တာမင်းထင်ကျော်က ထိုသင်္ဘောပေါ်မှာ ပါသွားသော ရေနံဆီပုံး၊ ဓာတ်ဆီ





ပုံးများကို သေနတ်ဖြင့် လှမ်းပစ်လေသည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံနှင့် မရှေးမနှောင်းမှာပင် ဓာတ်ဆီပုံးများ ပေါက်ကွဲသံ ပေါ်လာပြီး မီးတောက်ကြီးများ ထလာလေတော့သည်။

ကြည့်နေရင်းမှာပင် သင်္ဘောတစ်စင်းလုံး မီးတောက်များ တောက်လောင်ရင်းနှင့် အဝေးသို့ ရောက်သွားလေရာ အတန်ကြာသောအခါ မြင်ကွင်းမှ ပျောက်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်က တစ္ဆေသင်္ဘော ဦးတည်ထွက်သွားသောဘက်ကို မှတ်သားထားလိုက်သည်။

၎င်းဦးတည်သွားသောဘက်မှာ ကဝေမှော် ရှိသောဘက်ပင်ဖြစ်ပေသည်။

ထိုအခါမှပင် စက်လှေပေါ်မှာ ရှိနေကြသူများမှာ သက်ပြင်းချသူချ၊ ရယ်မောသူ ရယ်မောနိုင်ကြတော့သည်။

"တစ္ဆေသင်္ဘောတော့ ပြေးပြီ"

"ပင်လယ်မှာ ဝမ်းစာရှာနေတဲ့လူတွေကို ဒုက္ခပေးနေတဲ့ တစ္ဆေသင်္ဘောတော့ ဆရာတို့ ရောက်လာမှာပဲ ခွေးပြေးဝက်ပြေး ပြေးရတော့တယ်"

"သင်္ဘောတစ်စင်းလုံး မီးလောင်နေမှတော့ မပြေးလို့ဖြစ်တော့မလား၊ အခုလောက်ရှိရင် နစ်ပြီး ပင်လယ်ရေအောက်ရောက်နေလောက်ရောပေါ့"

ထိုအခိုက်မှာပင် နီမောင် တက်မခန်းမှ ပြန်ဆင်းလာလေသည်။

“ဆရာ့ရဲ့စီစဉ်မှု ကောင်းလို့ ပွဲဦးထွက်မှာပဲ ကျွန်တော်တို့ နိုင်လိုက်တာပဲ၊ ဆရာ့ကို ချီးကျူးပါတယ်”

“ကိုနီမောင်လည်း ပင်လယ်ပြင်မှာတော့ သူ့ရဲကောင်းပါပဲ၊ စက်လှေကို မြင်းတစ်ကောင် ဇက်ကြိုးဆွဲပြီး ခိုင်းသလိုကို ထိန်းကျောင်းနိုင်တာကိုလည်း ချီးကျူးရမှာပါပဲ”

မည်သို့ပင်ဖြစ်စေ. . .

ထိုနေ့ည ရလိုက်သည့် အောင်ပွဲကတော့ ဉာဏ်ရည်ဉာဏ်သွေးကောင်းမှုနှင့် ကျွမ်းကျင်လိမ္မာမှု၊ တစ်နည်းဆိုရသော် ဒေါက်တာမင်းထင်ကျော်၏ဉာဏ်ရည်နှင့် နီမောင်၏ကျွမ်းကျင်လိမ္မာသော အတွေ့အကြုံတို့ ပေါင်းစပ်မိသောကြောင့် ရလိုက်သော အောင်ပွဲဆိုက မှားမည်မထင်ပေ။

ထို့နောက်မှာတော့ စက်လှေကို စမင်ကျွန်း ရှိရာဘက်သို့ ပြန်လည်ဦးတည်ကာ မောင်းခဲ့ကြလေသည်။





# အခန်း[၁၃]

# သင်္ဘောပျက်များနှင့် ထူးဆန်းသောမိစ္ဆာ

ပင်လယ်ရေအောက်ရှုခင်းများမှာ အမြင်ဆန်းပြီး လှပတင့်တယ်ခြင်းရှိလေသည်။

လှပသော သန္တာကျောက်တန်းများ၊ ကျောက်ပွင့်ကျောက်ခက်များမှာ သဘာဝအတိုင်း လှပနေကြလေသည်။ ထို့ပြင် ရေအောက်သစ်ပင်များ၊ တောင်ကုန်းများ၊ ရေအောက်မီးတောင်များနှင့် နက်ရှိုင်းသော ချောက်ကမ်းပါးများ၊ လှိုဏ်ကြီးများမှာလည်း မြေပြင်ပေါ်မှာ တွေ့မြင်ရသော ရှုခင်းသဘာဝ

အတိုင်း တွေ့မြင်နိုင်ကြလေသည်။

တစ်ခုပဲ ကွာခြားလေသည်။

ကုန်းမြေပေါ်မှာ လှုပ်ရှားသွားလာနေသော လူအပါအဝင် ကုန်းနေသတ္တဝါများနှင့် ရေအောက်မှာ ရှိသောသတ္တဝါများ ပုံပန်းသဏ္ဌာန်ချင်း မတူညီကြခြင်းပင်ဖြစ်ပေသည်။

သို့သော်လည်း နာမည်အခေါ်အဝေါ်ချင်း တူသော သတ္တဝါများ ရှိပေသည်။

ကုန်းမြေမှာ နေသူများထဲမှ လူ၊ ကျား၊ ဆင်၊ မြွေ၊ ခွန်စသောအမည်များ ရှိသလို ရေထဲမှာလည်း ရေသူမ၊ ကျားငမန်း၊ ရေဆင်၊ ရေမြွေ၊ လိပ်ခွန် စသောအမည်များ ရှိပေသည်။

ကုန်းမြေမှာ လူကို အန္တရာယ်ပေးနိုင်သော သတ္တဝါများထဲတွင် ဆင်လို အကောင်အရွယ်အစားကြီးမားသော သတ္တဝါကြီးများမှစပြီး အကောင်အရွယ်အစား သေးသောမြွေ စသော သတ္တဝါများအထိ ရှိသည်။

ပင်လယ်ရေအောက်မှာလည်း ရွယ်လှေတစ်စင်းကိုပင် နှစ်မြှုပ်ဖျက်ဆီးနိုင်သော ညံ့သတ္တဝါကြီးများမှ အပ်ချည်မျှင်လောက်သာ အရွယ်အစား ရှိသော ရေကြောအထိ ရှိပေမည်။ ထို့ကြောင့် ရေအောက်ဆင်းသူများမှာ သတိကြီးစွာ ထားကြရသည်။

ရေအောက်တွင် လူကို အများဆုံး အန္တရာယ်ပေးနိုင်သောသတ္တဝါမှာ ပင်လယ်ပြင်မှ ငါးမန်းဖြစ်ပြီး မြစ်ချောင်းများထဲ





တွင် မိကျောင်းဖြစ်ပေသည်။

နှစ်စဉ် ကမ္ဘာတဝှမ်းတွင် မိကျောင်းနှင့်ငါးမန်းအန္တရာယ်ကြောင့် သေဆုံးကြသော လူနှင့်တိရစ္ဆာန်အရေအတွက်မှာ မနည်းလှပေ။

သုတေသီတို့၏လေ့လာမှုများအရ ကျား၊ ကျားသစ်၊ ဆင်၊ ဝက်ဝံ၊ ခြင်္သေ့ စသောတိရစ္ဆာန်များ စုပေါင်းပြီး တစ်နှစ်လုံး ဖမ်းဆီးသတ်ဖြတ်သော လူနှင့်တိရစ္ဆာန် အရေအတွက်မှာ မိကျောင်းသတ္တဝါ တစ်မျိုးတည်းမှ ဖမ်းဆီးသတ်ဖြတ်သော အရေအတွက်က ပိုမိုများပြားသည်ဟု အဆိုရှိသည်။

ပင်လယ်ပြင်မှာ ကြောက်စရာအကောင်းဆုံးမှာ ငါးမန်းပင်ဖြစ်သည်။

တစ်ကောင်ချင်းအနေဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း လူကို အန္တရာယ်ပေးတတ်ကြသည်။

ရေအောက်ဆင်းသူများမှာ ခေတ်မီလက်နက်ကိရိယာများ ပါသည်။ သို့သော်လည်း ရုတ်တရက် ဝင်ရောက်တိုက်ခိုက်တတ်သည့် ငါးမန်းအန္တရာယ်ကိုတော့ သတိထားကြရသည်။

ငါးမန်းသည် အမြင်အာရုံ မကောင်းလှသော်လည်း အကြားအာရုံနှင့် အနံ့အာရုံ ကောင်းလှသည်။ မိုင်အတော်အဝေးတစ်နေရာမှ လူတစ်ယောက် ရေကူးနေရာမှ ထွက်ပေါ်လာသော ရေလှိုင်းလှုပ်သံကို သိနိုင်သည်။ အတော်ဝေးဝေးနေရာမှ သွေးနံ့ကိုလည်း ချက်ချင်းအနံ့ခံနိုင်လေသည်။

သင်္ဘောနှင့်စက်လှေများမှာ တစ်နေရာတည်းတွင် နစ်မြုပ်နေခြင်း မဟုတ်ဘဲ တစ်စင်းနှင့်တစ်စင်း အတော်ဝေးဝေးနေရာများမှာ နစ်မြုပ်ပျက်စီးနေကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့က နွံများအောက်မှာ တစ္ဆန်းတစ ရောက်နေကြသည့် သင်္ဘောနှင့် စက်လှေပျက်များကို တစ်စီးချင်းတစ်ခုချင်း လိုက်လံကြည့်နေကြစဉ် ကောင်ကုန်းနှစ်ခုကြားတွင် ဘေးစောင်းအနေအထား ရှိနေသော သင်္ဘောတစ်စင်းကို မြင်သဖြင့် ထိုနေရာသို့ သွားကြည့်ကြသည်။

အနားရောက်၍ သင်္ဘောဦးပိုင်းမှာ ရေးထားသော မွန်းစတား(Moon Star) ဟူသောစာလုံးကို တွေ့လိုက်ရသောအခါ မျက်လုံးပြူးသွားလေသည်။ နီမောင်ကလည်း ဒေါက်တာမင်းထင်ကျော်ကို လက်ညှိုးထိုးပြလေသည်။

ကပ္ပတိန်သာခင်ဆိုသူ အကူအညီတောင်းခဲ့သည့် မွန်းစတားသင်္ဘော ဒုက္ခရောက်နေသည်ဆိုသောအချက်မှာ မှန်ကန်သွားခဲ့ချေပြီ။

သို့သော်လည်း ကပ္ပတိန်သာခင်အပါအဝင် သင်္ဘောသားများ၏အသက်ဘေးကိုတော့ ကယ်တင်နိုင်မည့် အခြေအနေမျိုး မရှိတော့ပေ။ ကပ္ပတိန်သာခင် ရေးလိုက်သောစာထဲတွင်. . .

'မကောင်းဆိုးဝါးတွေ လာနေကြပြီ၊ ကျွန်တော်တို့ သေ





ရပါတော့မယ်'

ဟူသောစာကို ပြန်လည်သတိရမိသဖြင့် ပတ်ဝန်းကျင်ကိုလည်း မျက်ခြည်မပြတ် ကြည့်ကြရသည်။

ရေအောက်မှာ နစ်မြုပ်ပျက်စီးနေသော သင်္ဘောနှင့် စက်လှေများမှာ မုန်တိုင်းမိ၍သော်လည်းကောင်း၊ အခြားတစ်စုံတစ်ရာကြောင့် နစ်မြုပ်နေကြခြင်း မဟုတ်ဘဲ အန္တရာယ်ဆိုးတစ်ခုခု၏နှောင့်ယှက်ဖျက်ဆီးမှုကြောင့်သာ ယခုကဲ့သို့ တစ်နေရာတည်းမှာ တစ်စုတစ်ဝေးတည်း ရောက်နေကြခြင်း ဖြစ်သည်ကိုတော့ သံသယ ရှိစရာမလိုပေ။

ဒေါက်တာမင်းထင်ကျော်က နီမောင်တို့ကို ပတ်ဝန်းကျင်ကို ဂရုစိုက်၍ ကြည့်စေပြီး မွန်းစတား သင်္ဘောကို အသေအချာ ကြည့်သည်။

သင်္ဘောတစ်စင်းလုံး ပျက်စီးနေသောနေရာများကို တွေ့ရသည်။

တချို့သင်္ဘောက ခေါင်းချင်းဆိုင်ပြီး ပြင်းပြင်းထန်ထန် တိုက်မိခြင်းကြောင့် ဦးပိုင်းတစခုလုံး ပိန်လိန်ရှုံ့တွကာ သံပြားချပ်များ လန်ထွက်နေသည်။ ထိုဒဏ်ရာကြောင့်ပင် နစ်မြုပ်ပျက်စီးသွားခြင်းဖြစ်ပေသည်။

ထိုသင်္ဘောပေါ်မှ ပါလာသော သင်္ဘောသားများ၏ အကြမ္မာကို တွေးမိသောအခါ စိတ်မကောင်းဖြစ်မိကြသည်။ မွန်းစတားသင်္ဘော၏ပတ်ဝန်းကျင်တစ်ဝိုက်မှာ အခြားသဲလွန်စ

တစ်ခုတလေ တွေ့ရလေမလားဟု လိုက်လံကြည့်ရှုသော်လည်း မည်သည့်သဲလွန်စမှ မတွေ့ရသောကြောင့် ရေပြင်ပေါ် ပြန်တက်ခဲ့ကြသည်။

"ဘယ်လိုလဲ မောင်ထင်ကျော်၊ အခြေအနေ ထူးခဲ့ပြီလား"

စက်လှေပေါ် ရောက်သည်နှင့် ဦးဇန်ကောင်းက မေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"မွန်းစတားသင်္ဘောနဲ့ အခြားသင်္ဘောနဲ့ စက်လှေပျက်တွေ တွေ့ခဲ့ရပြီ"

"ဟင်. . . ဒါဖြင့် သူတို့ပြောတဲ့အတိုင်း အမှန်ပဲပေါ့"

"အမှန်ပါပဲ. . . သင်္ဘောနဲ့စက်လှေတွေဟာ တစ္ဆေသင်္ဘောနဲ့ တွေ့ပြီး အခုလို ပျက်စီးကုန်တာပါပဲ၊ ဒါပေမယ့် သင်္ဘောသားတွေကတော့ ဒီလိုနေရာမျိုးမှာ အသက်ရှင်နိုင်စရာလမ်း မမြင်နိုင်ဘူး"

"ဘယ်လိုအန္တရာယ်မျိုးဖြစ်မလဲ ဆရာ"

"ကပ္ပတိန်သာခင် ရေးလိုက်တဲ့စာထဲမှာ ပါတဲ့အတိုင်းဆိုရင် သူတို့သင်္ဘောကို တစ္ဆေသင်္ဘောနဲ့ ဝင်တိုက်မိပြီးတဲ့နောက်မှာ အန္တရာယ်ပေးမယ့်သူတွေ လာနေတာကို သူမြင်တယ်လို့ ပါတယ်၊ ဒါကြောင့် လူတစ်ယောက်က လှမ်းမြင်နိုင်လောက်တဲ့ အန္တရာယ်မျိုးတွေ ဒီနေရာတစ်ဝိုက်မှာ ရှိနေမှာတော့ အမှန်ပဲ"





ဒေါက်တာမင်းထင်ကျော်က ထိုသို့ပြောပြသောအခါ အနားမှာ ရှိနေကြသူများကလည်း စိတ်ဝင်စားကြလေသည်။ အချိန်က ညနေပိုင်းအချိန်ဖြစ်သောကြောင့်ပင်လယ်ပြင်မှာ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။

ထို့ကြောင့် တစ္ဆေသင်္ဘော ဒါမှမဟုတ် အန္တရာယ်ပေးနိုင်သော မကောင်းဆိုးဝါးများ တွေ့နိုင်လေမလားဟု ကြည့်သူက ကြည့်ကြလေသည်။

"ဒါဖြင့် ခရီးသွားသင်္ဘောတွေ စက်လှေတွေနဲ့ ငါးဖမ်းလှေတွေကို ဒုက္ခပေးနေတဲ့ တစ္ဆေသင်္ဘောအပြင် လူတွေကို အန္တရာယ်ပေးနိုင်တဲ့မိစ္ဆာကောင်တွေ ဒီနေရာတစ်ဝိုက်မှာ ရှိနေပြီဆိုတာတော့ အသေအချာပဲ"

နီမောင်က အားတက်သရော ပြောသည်။

"ကျုပ်အထင်ပြောရရင်တော့ ပင်လယ်ပြင်မှာ နေနိုင်တဲ့ အန္တရာယ်ဆိုတာ ရေသတ္တဝါတွေပဲ ဖြစ်မယ်လို့ ထင်ထားတာ၊ လူတွေဆိုရင်လည်း ရေထဲမှာ ကြာကြာနေနိုင်မှာ မဟုတ်ဘူး၊ အရင်တုန်းက ဒီပင်လယ်ပြင်တွေမှာ ရေဘီလူးလို့ ခေါ်တဲ့ စမင်တွေ ရှိခဲ့ဖူးတယ်"

"ဟုတ်ပါတယ်"

"စမင်တွေဟာ ရေထဲမှာ အချိန်ကြာကြာ နေနိုင်တဲ့သူတွေပဲ၊ ဒါပေမယ့် သူတို့ နေတာကတော့ ကျွန်းတွေပေါ်မှာပဲ နေကြပါတယ်"

"ဆရာကြီးပြောပုံဆိုရင် ဒီနေရာတစ်ဝိုက်မှာ လူမရှိတဲ့ ကျွန်းတွေဘာတွေ ရှိမလားလို့ စုံစမ်းသင့်တယ်"

"ကျွန်တော်တို့ သိရသလောက် ပြောရရင် ပင်လယ်နက်နဲ့ နီးတဲ့ ကဝေမှော် ရှိတဲ့နေရာတစ်ဝိုက်မှာ ကျွန်းမရှိဘူး"

"ဒီလိုဆိုရင် လူတွေကို အန္တရာယ်ပေးတဲ့ မကောင်းဆိုးဝါးတွေက ဘယ်နေရာက ထွက်လာကြတာလဲ၊ သူတို့က ဘယ်မှာ နေကြတာလဲ"

"ဒီအတိုင်းဆိုရင် ရေထဲမှာ နေတာပဲ ဖြစ်မှာပေါ့"

"ရေထဲမှာတော့ အချိန်အကြာကြီး နေနိုင်မယ်မထင်ဘူး၊ မဟုတ်မှလွဲရော. . . ဝိညာဉ်တွေများ ဖြစ်နေမလား မသိဘူး"

ဟု အချင်းချင်း ပြောဆိုနေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဦးပိုင်းအချိန်သို့ ရောက်လာချေပြီ။ ညဦးပိုင်း လရောင်ရှိနေသောကြောင့် အလင်းရောင်အချို့ ရှိနေသည်။

ထိုအလင်းရောင်ကြောင့် အတော်ဝေးဝေးနေရာသို့ လှမ်းမြင်နိုင်သည်။

ထိုနေရာတစ်ဝိုက်မှာ ကဝေမှော်နှင့် နီးသည်က တင်ကြောင်း၊ ယခုတစ်လော အန္တရာယ်များ ကျရောက်နေသောကြောင့် ခရီးသွားသင်္ဘောများ၊ စက်လှေများနှင့် ငါးဖမ်းလှေများ သွားလာခြင်း မရှိကြသောကြောင့် ပင်လယ်ပြင်မှာ တိတ်ဆိတ်





ငြိမ်သက်ပြီး ရှင်းလင်းနေသည်။

"ဒီည တစ္ဆေသင်္ဘောများ ထပ်လာဦးမလား မသိဘူး"

"မနေ့ညက မီးလောင်တိုက်သွင်းပေးလိုက်လို့ လာဝံ့တော့မယ် မထင်ဘူး"

"ထပ်လာတော့လည်း နောက်တစ်ခါ မီးလောင်တိုက်သွင်းပေးရုံအပြင် ဘာမှမရှိဘူး၊ တစ္ဆေသင်္ဘောက သင်္ဘောချင်းဝင်တိုက်ပြီး ဖျက်ဆီးရုံကလွဲပြီး တခြားဘာမှ မတတ်နိုင်ဘူး"

ဟု စောထီးနှင့် ငမဲအောင်တို့ကလည်း အချင်းချင်း ပြောနေကြသည်။ ထိုနေ့ညက သင်္ဘောသားများ ချက်ပေးသော ထမင်းဟင်းများကို စားသောက်ပြီး ကင်းစောင့်သူစောင့်၊ အနားယူသူ ယူကြလေသည်။

သို့သော် မည်သူမှ စိတ်ချလက်ချ မနေဝံ့ကြဘဲ လက်နက်များကို အဆင်သင့် ပြင်ထားပြီး သတိနှင့် နေကြခြင်းဖြစ်သည်။ တစ်ဖွဲ့က ကင်းစောင့်လျှင် ကျန်လူများက နားကြသော အလှည့်ကျ အစီအစဉ်ဖြင့် စောင့်ကြရခြင်းဖြစ်သည်။

ညဥ့်နက်ပိုင်းအချိန် ရောက်သည်အထိတော့ မသင်္ကာစရာ အနှောင့်အယှက်တစ်ခုမှ မတွေ့ကြရပေ။ သို့သော်လည်း မနေ့ညက စောင့်ကြည့်နေရင်းမှပင် တစ္ဆေသင်္ဘောကြီး သင်္ဘောနောက်ဘက်၌ ရောက်နေသည်ကို တွေ့မြင်ထားသောကြောင့် မည်သူမျှ စိတ်ချလက်ချ မနေဝံ့ကြဘဲ စက်လှေဦးပိုင်း ပဲ့ပိုင်းဘက်ပါမကျန် ဂရုတစိုက် စောင့်ကြည့်နေကြသည်။ ထိုအချိန်မှာ

ဒေါက်တာမင်းထင်ကျော်သည် နီမောင် ဦးဇန်ကောင်းတို့နှင့် အတူထိုင်ကာ အန္တရာယ်နှင့် ပတ်သက်သည့် ဖြစ်နိုင်ချေရှိသော ဇစ်မြစ်များကို ပြောဆိုဆွေးနွေးနေကြလေသည်။ ထိုအခိုက်မှာပင် စက်လှေပဲ့ပိုင်းဘက်မှ သေနတ်သံများ ပေါ်လာသည်။

"ဒိုင်း. . . ဒိုင်း"

သေနတ်သံ ကြားသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း သေနတ်များ ယူပြီး အပြင်သို့ ထွက်သွားကြသည်။ ပဲ့ပိုင်းဘက်မှာ ကျော်စွာနှင့် အခြားနှစ်ယောက် ရှိနေကြသည်။

သူတို့သည် ရေပြင်ပေါ်သို့ မီးရောင်ဖြင့် ထိုးရှာနေကြသည်။

"ဘာဖြစ်တာလဲ. . . ဘာတွေ့လို့လဲ"

"ရေထဲက ဆံပင်စုတ်ဖွားနဲ့ ကြောက်စရာကောင်းတဲ့ မျက်နှာကြီး ပေါ်လာလို့ သေနတ်နဲ့ ပစ်လိုက်တာ ထိသွားပုံရတယ် ဆရာ"

ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့တတွေပါ စက်လှေပတ်ပတ်လည်သို့ လိုက်လံကြည့်ကြသော်လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

"ကိုကျော်စွာ တွေ့လိုက်တာ ဘယ်လိုပုံသဏ္ဌာန်မျိုးလဲ"

"ရေပြင်ပေါ်မှာ မည်းမည်းသဏ္ဌာန်တစ်ခု လှမ်းမြင်လို့ မီးရောင်နဲ့ ကြည့်လိုက်တော့ ဆံပင်တွေ အရင်မြင်ရတယ်၊ နောက်မှ မျက်နှာက ပေါ်လာတာ"





"လူလား. . . ရေသတ္တဝါလား"

"လူမျက်နှာမျိုးပဲ. . . ဒါပေမယ့် မျက်လုံးတွေက ပြူးပြီး နီရဲနေတယ်၊ ပါးစပ်က ပြဲပြဲနဲ့ ပါးစပ်ထဲက သွားတွေကို အတိုင်းသား တွေ့ရတယ်၊ ကိုယ်ခန္ဓာကတော့ လူလောက် မကြီးဘူး၊ ကလေးတစ်ယောက်ရဲ့ကိုယ်ခန္ဓာလောက်ပဲ ရှိပုံရတယ်၊ တစ်ကိုယ်လုံးတော့ ရေညှိတွေ တက်နေလို့လား မပြောတတ်ဘူး၊ အစိမ်းပုပ်ရောင်နဲ့ အနက်ရောင်တွေ ရောနေတယ်"

"မောင်ကျော်စွာ သေသေချာချာ မြင်လိုက်ရသလား"

"သူက ရေပြင်ပေါ်မှာ ငါးတစ်ကောင်လို ပေါ်နေပြီး ကျွန်တော်တို့စက်လှေကို လှမ်းကြည့်နေတော့ သေသေချာချာ မြင်လိုက်ရတယ်"

ဟု ပြောပြလေသည်။

ထိုအခြေအနေကြောင့် တစ်ညလုံး မည်သူမျှ မအိပ်စက်ကြတော့ဘဲ ထိုင်စောင့်ကြသော်လည်း နောက်ထပ်မည်သည့် အန္တရာယ် အနှောင့်အယှက်မှ ထပ်မတွေ့ကြရတော့ပေ။





# အခန်း(၁၄)

# ကဝေမှော် ဝဲညြယ

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် နောက်တစ်ခေါက် ရေအောက်ဆင်းရန် ပြင်ကြသောအခါ ကျော်စွာက သူပါ လိုက်လိုကြောင်း ပြောသဖြင့် လိုက်ခွင့်ပေးကြလေသည်။ တကယ်တော့ ကျော်စွာမှာ ပင်လယ်နှင့် နီးနီးစပ်စပ် နေသူ ဖြစ်သော်လည်း ရေငုပ်ခြင်းတော့ ကျွမ်းကျင်ဟန် မရှိလှပေ။

သို့သော်လည်း ၎င်းအနေက စိတ်ဓာတ်တက်ကြွစွာဖြင့် လိုက်မည်ပြောသောအခါ မည်သူကမှ မတားသာတော့ပေ။

☺ အောင်မြင်စာပေ ☺

အချိန်က နံနက်ပိုင်းအချိန်ရှိနေပြီဖြစ်သော်လည်း ပင်လယ်ပြင်မှာ မြူခိုးငွေ့များက ဝေ့ဆိုင်းနေဆဲပင် ရှိနေသေးသည်။

ထိုနေရာတွင် ဝေ့ဆိုင်းနေသည့် မြူခိုးငွေ့များမှာ အခြားနေရာ၌ တွေ့ရသည့် မြူခိုးငွေ့များနှင့် မတူဘဲ အချို့မှာ ဖြူဆွတ်ဆွတ် ဖြစ်နေပြီး အချို့မှာ အပြာရောင်သမ်းနေလေသည်။ ထိုအခိုက်မှာ ရေပြင်ပေါ်မှ ဝေ့တိုက်လာသော လေနှင့်အတူ ပါလာသောအနံ့တစ်မျိုးကို ဒေါက်တာမင်းထင်ကျော် သတိပြုမိလိုက်သဖြင့် ဆရာကြီးဦးဇန်ကောင်းကို ပြောလိုက်သည်။

"ဆရာကြီး. . . လေနဲ့အတူပါလာတဲ့အနံ့ကို သတိပြုမိသလား"

ဦးဇန်ကောင်းက လေလာရာဘက်သို့ မျက်နှာမူ၍ အသက်ပြင်းပြင်းရှူကြည့်နေသည်။

"အင်. . . ဟုတ်တယ်၊ ထူးခြားတဲ့အနံ့တစ်မျိုး ရတယ်၊ ဒီအနံ့မျိုးက ပင်လယ်ပြင်မှာ သဘာဝအတိုင်း ရှိနေကျအနံ့မျိုးတော့ မဟုတ်ဘူး"

"ဘယ်လိုအနံ့မျိုးဖြစ်မယ်လို့ ထင်သလဲ"

"ယူကလစ်အနံ့မျိုးနဲ့တော့ ခပ်ဆင်ဆင် တူတာပဲ"

"ဟုတ်ပါတယ် ဆရာကြီး၊ အခု ရနေတဲ့အနံ့ဟာ ပင်လယ်ပြင်မှာ ဘယ်လိုမှ မရှိနိုင်တဲ့ ယူကလစ်တပ်စ်ပဲ"

"ဒီအနံ့က ဘယ်လိုရနေတာလဲ၊ ပင်လယ်ပြင်မှာ ဖြတ်သွားတဲ့ သင်္ဘောတစ်စင်းစင်းစီကများ လေနဲ့ ပါလာတာလား"





"ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဒါအပြင် အခြားအကြောင်းတွေလည်း ရှိနိုင်သေးတာပေါ့"

"ဘာတွေများလဲ မောင်ထင်ကျော်ရဲ့"

"ယူကလစ်ဆီဟာ စွတ်စိုနေတဲ့ရေပြင်အောက်မှာ ရှိတဲ့ ဂူပေါက်တွေ လိုဏ်ခေါင်းတွေကို သွေ့ခြောက်ပြီး အနံ့ဆိုးတွေ ပျောက်အောင် လုပ်ပေးနိုင်သလို အောက်ဆီဂျင် များများမရှိတဲ့ နေရာမျိုးတွေမှာ အသက်ရှူလို့ရအောင် အကူအညီပေးနိုင်တယ်"

ဟု ပြောသောအခါ ကျန်လူများက နားမလည်သလို ဝိုင်းကြည့်နေကြသည်။ သိပ္ပံပညာ အယူအဆများကို အတန်အသင့် နားလည်သဘောပေါက်သူမှာ ဒေါက်တာမင်းထင်ကျော် တစ်ယောက်သာ ပါသောကြောင့် ၎င်း၏အယူအဆကို အားကိုးကြရလေသည်။

မိုးမလင်းမီ ရေအောက်ဆင်းရန် ပြင်ဆင်နေကြသော အဖွဲ့သားများမှာ ထူးထူးခြားခြား ယူကလစ်ဆီအနံ့များ ရသဖြင့် အံ့သြနေကြစဉ် နောက်ထပ်အံ့သြစရာတစ်ခုက ပေါ်လာလေတော့သည်။

"စက်လှေဦးပိုင်းကို လာကြည့်ကြပါဦး၊ ထူးထူးဆန်းဆန်း ငါးအုပ်တစ်အုပ် စက်လှေဘက်ကို လာနေတာ တွေ့ရတယ်"

ဦးပိုင်းမှာ ရောက်နေသော ငမဲအောင်အသံ ကြားကြရ

သည်။ ပင်လယ်ပြင်မှာ ငါးအုပ်တွေ့သောကိစ္စကတော့ အဆန်း တကြယ် မရှိလှပေ။

"ငါးတွေက အရွယ်အစား ဘယ်လောက်ကြီးလို့လဲ"

"သုံးပေလောက် ရှိမယ်ထင်တယ်၊ ဘာငါးတွေလဲ မသိဘူး၊ တစ်ကိုယ်လုံး အမည်းရောင်တွေချည်းပဲ"

ဒေါက်တာမင်းထင်ကျော် ကဗျာကယာ ထွက်သွားပြီး ငမဲအောင် လက်ညှိုးထိုးပြသောနေရာသို့ မှန်ပြောင်းဖြင့် လှမ်းကြည့်လိုက်ပြီး များစွာအံ့ဩသွားလေသည်။

"ဟင်. . ."

"ဘာလဲ ဆရာ. . . ဘာငါးတွေလဲ"

နီမောင်က မေးသည်။

"ငါးတွေမဟုတ်ဘူး. . . လူတွေပဲ"

"ဗျာ. . . လူတွေ"

ဒေါက်တာမင်းထင်ကျော်က မှန်ပြောင်းကို နီမောင်အား ပေးလိုက်သဖြင့် ယူကြည့်သည်။

"ဟုတ်တယ် ဆရာ၊ လူတော့ လူတွေပဲ၊ ဒါပေမယ့် လူနဲ့လည်း သိပ်မတူဘူး၊ ရေထဲမှာလည်း ငါးတစ်ကောင်လို သွားနိုင်တယ်"

"သူတို့ ဒီဘက်ကို ဦးတည်လာနေကြတာ သေချာတယ်၊ ဒါဆိုရင် ဒီစက်လှေကို ဝိုင်းတိုက်ဖို့လာတာပဲ ဖြစ်ရမယ်၊ အားလုံး လက်နက်တွေ အဆင်သင့် ပြင်ထားကြ၊ အကြောင်းရှိရင် မောင်း





ထွက်နိုင်အောင် စက်နှိုးထားကြပါ"

ဒေါက်တာမင်းထင်ကျော်က အားလုံးကြားအောင် အော်ပြောလိုက်သည်နှင့် စက်လှေပေါ်မှာ ရှိကြသူအားလုံး မိမိတို့ လုပ်ရမည့်အလုပ်များကို လျင်မြန်သွက်လက်စွာ လုပ်ကြလေသည်။

ထိုအခိုက်မှပင် ငါးအုပ်များကဲ့သို့ အုပ်စုလိုက် ကူးလာကြသော ထူးဆန်းသောလူများမှာ စက်လှေနှင့် မနီးမဝေးနေရာသို့ ရောက်လာကြသည်။ စုစုပေါင်း လေးဆယ်ငါးဆယ်ခန့် အရေအတွက်ရှိပြီး ၎င်းတို့လက်ထဲမှာ မှိန်း သေနတ်ကဲ့သို့ လက်နက်များ ပါလာကြသည်။ အချို့လည်း ဓါးများကို ပါးစပ်မှာ ကိုက်ပြီး ကူးလာကြခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ အားလုံးမှာ စက်လှေနံဘေးမှာ တပ်ဆင်ထားသောနံရံများဘေးမှာ ဝပ်နေကြရင်း အခြေအနေကို စောင့်ကြည့်နေကြသည်။ ခဏကြာသောအခါ ရေထဲမှာ ကူးလာသောလူများက စက်လှေနံဘေးသို့ ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းလူများအား ပြုလုပ်ရမည့်အစီအစဉ်များကို ခပ်တိုးတိုး မှာကြားနေသည်။ စက်လှေနံဘေးသို့ ရောက်လာသောအခါမှ ရေထဲမှ လူများ၏ပုံပန်းသဏ္ဍာန်များကို သဲသဲကွဲကွဲ မြင်ကြရတော့သည်။ ထိုလူများမှာ သုံးပေခန့်သာရှိပြီး ဦးခေါင်းက ကြီးကြီး၊ ကိုယ်လုံးက ပိန်ပိန်သေး

သေးဖြစ်သည်။

ဦးခေါင်းပိုင်းမှ နီကြောင်ကြောင် ဆံပင်ရှည်များရှိပြီး အနီရောင် ဖြစ်နေသော မျက်လုံးများက ပြူးထွက်နေသည်။ နှာခေါင်းက ပြားချပ်ချပ်နှင့် အပေါက်သေးသေးသာ ပါသည်။ ပါးစပ်ပေါက်မှ ဦးခေါင်းနှင့်အမျှ ကျယ်လှပြီး ကျိုးတို့ကျဲတဲရှိပြီး အနည်းငယ် ရှည်သောသွားနှင့်အစွယ်များ ပါးစပ်အပြင်သို့ ငေါ ထွက်နေသည်။

ဦးခေါင်းက ကြီးသလောက် ကိုယ်လုံးက ပိန်ပိန်သေး သေးဖြစ်ကာ တစ်ကိုယ်လုံး အသားမရှိသလောက်ဖြစ်ပြီး အရိုး များပေါ်မှာ အစိမ်းရင့်ရောင်နှင့် အနက်ရောင် ရောထားသည့် အရေပြားများက ဖုံးထားသည်။ ရေညှိရောင်အရေပြားပေါ်မှာ ငါးအကြေးခွံကဲ့သို့ အကွက်များ ထနေသည်။ အထူးခြားဆုံးမှာ ခြေလက်များဖြစ်သည်။ လူတစ်ယောက်ကဲ့သို့ ခြေချောင်းလက် ချောင်းများ မပါဘဲ သားရေပြားများ ကပ်ထားသကဲ့သို့ အပြား လိုက် ဖြစ်သည်။

ခြေထောက်မှာလည်း ရေငုပ်သမားများ တပ်ဆင်အသုံး ပြုသည့် သားရေပြားရေယက်နှင့် တူလေသည်။ ခြေနှင့်လက်တို့ တွင် သားရေပြားကဲ့သို့ ပြားချပ်ချပ်အရာများမှာ ရေကူးရာမှာ သော်လည်းကောင်း၊ ရေထဲမှာ ငါးတစ်ကောင်ကဲ့သို့ လှုပ်ရှား သွားလာရန်နှင့် ကိုယ်ဖော့နေရာတွင် များစွာအသုံးဝင်လှလေ သည်။ ၎င်းတို့၏ပုံသဏ္ဌာန်မှာ လူတစ်ယောက်၏ပုံထက် မှင်စာ





တစ်ကောင်နှင့် ပိုမိုတူလှလေသည်။ တစ်ခုထူးခြားသောအချက် မှာ ၎င်းတို့၏ချိုင်းအောက်တစ်နေရာတွင် စီးကရက်ဗူးအရွယ် သာသာခန့် ရှိသော သတ္တုနှင့် ပြုလုပ်ထားသော အရာဝတ္ထုတစ်ခု ကို ကြိုးဖြင့် သိုင်းချည်ထားသည်။

ထိုနေရာမှ ထွက်လာသော ပိုက်လုံးသေးသေးကလေး နှင့် တူသော ကြိုးတစ်ချောင်းကို ပါးစပ်တွင်းမှာ ထည့်ထားသည်။

"သူတို့ချိုင်းအောက်မှာ ချည်ထားတဲ့ပစ္စည်းက ပင်လယ် ထဲမှာ သဘာဝအတိုင်း ဖြစ်နေတဲ့ သာမန်ပစ္စည်း မဟုတ်ဘူး၊ လူတစ်ယောက်ယောက်က စီမံပြုလုပ်ပေးထားတဲ့ပစ္စည်းပဲ၊ ဒီ အတိုင်းဆိုရင်တော့ ဒီထက်အံ့သြစရာကောင်းတာတွေ ဆက်ပြီး တွေ့ရဦးတော့မယ် ထင်တယ်"

ဟု ပြောနေစဉ်မှာ ရေမှင်စာနှင့် တူသောလူများက စက်လှေပေါ် တွယ်တက်လာကြသည်။

စက်လှေဦးပိုင်းက မြင့်ပြီး ပဲ့ပိုင်းက နိမ့်ပြီး ရေနှင့် နီး သောကြောင့် ပဲ့ပိုင်းမှ တွယ်တက်ရန် ကြိုးစားကြလေသည်။ အချို့ အပေါ်ရောက်လာသည်နှင့် ဒေါက်တာမင်းထင်ကျော်က ပစ်ခတ်ရန် အမိန့်ပေးလိုက်သည်။

"ပစ်တော့"

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

သေနတ်သံများ မြိုင်တူပေါ် ထွက်လာပြီးနောက် စက် လှေပေါ် ရောက်နေသော ရေမှင်စာများမှာ အတုံးအရုံး လဲကျ

သွားကြသည်။

ထိုအခိုက်မှာ ရေထဲမှာ ရှိနေသူများက မှိန်းသေနတ်များဖြင့် လှမ်းပစ်ရာ သေးငယ်သော သံစူးချွန်မြားတံကလေးများက စက်လှေနံရံနှင့် အခြားနေရာများသို့ လာရောက်ထိမှန်ကြသည်။

"ဒုတ်. . . ဒုတ်. . ဒုတ်"

"အဲဒီမြားတံတွေကို သတိထား၊ အဆိပ်ပါနိုင်တယ်"

ထိုသို့ပြောရင်း စက်လှေပေါ် တက်လာသူများရော ရေထဲမှာ ရှိနေသူများကိုပါ သေနတ်ဖြင့် ပစ်ရာ အတော်များများ သေဆုံးကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က စက်လှေနံရံများနောက်မှာ အကာအကွယ် ယူထားကြသောကြောင့် ရေမှင်စာများ ပစ်လိုက်သော မြားတံများက မထိရောက်စေကာမူ သူတို့ပစ်သော သေနတ်ကျည်ဆန်များကတော့ ရေမှင်စာများကို အထိနာစေသည်။

အတော်များများ သေဆုံးသွားသောအခါ ရေမှင်စာများက နောက်ကြောင်းပြန်လှည့်ပြေးရန် ကြိုးစားကြသည်။ ထိုအခါ သင်္ဘောကို စက်မောင်းပြီး နောက်မှ လိုက်တိုက်ကြသည်။

ရေအောက်ငုပ်ပြေးရန် ကြိုးစားသောအခါ နီမောင်က စလွတ်ဖြင့် ထိုးဖမ်းလေရာ ရေမှင်စာအရှင်တစ်ကောင်ကို ဖမ်းမိလေသည်။ သို့သော် အတင်းရုန်းနေရာ ငါးကြီးတစ်ကောင် ရုန်းနေသည်ထက်ပင် မိုမိုကြမ်းတမ်းလေသည်။





သို့သော်လည်း စလွတ်၏သဘောမှာ သတ္တဝါတစ်ကောင်၏အသားထဲသို့ စိုက်ဝင်သွားပြီးပါက အသွားဒစ်နှင့် ချိတ်နေသောကြောင့် တော်ရုံနှင့်တော့ ပြုတ်မထွက်နိုင်ပေ။

ဓါးဖြင့် ခွဲထုတ်မှသာ ပြုတ်နိုင်သောအနေအထား ဖြစ်သည်။ နောက်ဆုံးမှာတော့ သူတို့သည် ရေမှင်စာဟု ခေါ်ရလောက်အောင် အကြည့်ရဆိုးလှသော ရေမှာ နေသော လူတစ်ယောက်ကို အသက်ရှင်လျက်နှင့် ဖမ်းမိနိုင်ကြလေသည်။

ထိုသတ္တဝါမှာ သင်္ဘောပေါ် ရောက်သည်နှင့် ငြိမ်ငြိမ်မနေဘဲ အတင်းရုန်းကန်နေသည့်အပြင် အနားရောက်သွားသောလူများကို ၎င်း၏ချွန်ထက်သောသွားများဖြင့် ကိုက်ရန် ကြိုးစားနေသောကြောင့် ပိုက်ကွန်များဖြင့် အုပ်ကာ ဖမ်းထားရသည်။

နီမောင် ပစ်လိုက်သော စလွတ်မှာ တင်ပါးနေရာလောက်တွင် စိုက်ဝင်နေသဖြင့် အသက်မသေသေးခြင်းဖြစ်ပေသည်။

စက်လှေပေါ် ရောက်မှ အသေအချာ ကြည့်သောအခါ မျက်နှာမှာ ဘီလူးတစ်ကောင်မျက်နှာမျိုးကဲ့သို့ ကြောက်စရာကောင်းလှပြီး ခြေနှင့်လက်တို့မှာ ခြေချောင်းလက်ချောင်းများမရှိဘဲ ဖျံတစ်ကောင်၏ရေယက်ကဲ့သို့ အပြားလိုက်ကြီးဖြစ်နေသည်။

ထူထဲသော အရေပြားကြီးနှစ်ချပ်က ပူးကပ်သွားသော

ကြောင့် ထိုကဲ့သို့ အပြားလိုက်ကြီး ဖြစ်နေခြင်းဖြစ်ပေမည်။ တစ်ကိုယ်လုံးမှာ အဝတ်အစား မပါဘဲ ကြမ်းတမ်းသောအရေပြားများက တစ်ကိုယ်လုံး ဖုံးထားသည်။

ရေညှိများ ကပ်နေသောကြောင့် အစိမ်းပုပ်ရောင်နှင့် အနက်ရောင်များက တစ်ကိုယ်လုံး တွယ်ကပ်နေပြီး ငါးအကြေးခွံများကဲ့သို့ အကွက်ထနေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုသတ္တဝါကို မလှုပ်နိုင်အောင် ချုပ်ထားစေပြီး ချိုင်းအောက်မှာ တပ်ထားသော သတ္တုဘူးလေးအား ခက်ခက်ခဲခဲ ဖြုတ်ယူလိုက်သည်။ ၎င်းအနီးသို့ ကပ်သွားသောအခါ အညှီနံ့နှင့် ပုတ်အက်အက်အနံ့များကြောင့် နှာခေါင်းမခံနိုင်အောင် ဖြစ်ရသည်။

သို့သော်လည်း ထိုဘူးလေးကို ယူရာမှာ အလွယ်တကူတော့ မရပေ။ ပိုက်ကွန်များဖြင့် မလှုပ်သာအောင် အုပ်ထားသည့်ကြားမှ စက်လှေအလုပ်သမားတစ်ယောက်၏ လက်မောင်းကို ချွန်ထက်သောသွားများဖြင့် ကိုက်ရာ အကွင်းလိုက်ဒဏ်ရာကြီး ကျန်ခဲ့သည်။

နောက်ဆုံးမှာတော့ ချိုင်းအောက်မှာ သားရေကြိုးဖြင့် သိုင်းပတ်ပေးထားသော သတ္တုဘူးလေးကို ဖြုတ်ယူလိုက်နိုင်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုဘူးလေးကို ရသောအခါ စိတ်ဝင်စားစွာဖြင့် စစ်ဆေးကြည့်သည်။ နီမောင်တို့ကလည်း





အနားမှာ စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

"ဘာဘူးလေးလဲ ဆရာ"

"ဒါဟာ သာမန်လူတစ်ယောက် မလုပ်နိုင်တဲ့ ရေအောက်မှာ အသက်ရှူနိုင်တဲ့ကိရိယာလေးပဲ၊ ဒီကိရိယာလေးနဲ့ ဆက်ထားတဲ့ ပိုက်ကြိုးလေးကို ပါးစပ်ထဲမှာ ထည့်ထားမယ်ဆိုရင် သာမန်လူတွေထက် အချိန်ကြာကြာ ရေအောက်မှာ နေနိုင်ကြလိမ့်မယ်"

အားလုံးအံ့ဩသွားကြသည်။

"ဒါကြောင့် ဒီလူတွေဟာ ပင်လယ်ရေအောက်မှာ ငါးတွေလို နေနိုင်ကြတာပဲ"

"ဒီဘူးလေးတွေကို သူတို့ကို ဘယ်သူတပ်ပေးလိုက်တာဖြစ်မလဲဟင်"

"ဒါကတော့ ဆက်ပြီးစုံစမ်းရင်းနဲ့ အဖြေသိလာရမှာ၊ အခုလောက် သိရပြီဆိုရင် အဖြေသိရဖို့ မဝေးတော့ပါဘူး"

ဟု ပြောဆိုကာ ဖမ်းမိထားသော မှင်စာတစ်ကောင်နှင့်တူသောလူကို စက်လှေပဲ့ပိုင်းတစ်နေရာမှာ ပိုက်များဖြင့် ထည့်ကာ ကြိုးဖြင့် ချည်ထားလိုက်ကြသည်။

ထိုနောက်မှာတော့ မူလစီစဉ်ထားသည့်အတိုင်း ရေအောက်သို့ ဆင်းကြည့်ကြလေသည်။ ထိုသို့ဆင်းကြည့်ရာမှာ နံနက်ပိုင်းအချိန်က ရေမှင်စာ သို့မဟုတ် ငါးနှင့်တူသောလူများလာသောဘက်သို့ ဦးတည်၍ လိုက်လံရှာဖွေကြသည်။

အခြားအနှောင့်အယှက် အန္တရာယ်များလည်း မရှိပေ။ တစ်နေရာရောက်သောအခါ နစ်မြုပ်နေသော သင်္ဘောစက်လှေများ ရှိသည့်နေရာနှင့် မနီးမဝေးတွင် ရေအောက်မီးတောင်တစ်လုံးကို တွေ့ကြရသည်။

ထိုမီးတောင်မှာ ကြီးလည်းကြီး၊ မြင့်လည်း မြင့်သောကြောင့် ထိပ်ပိုင်းသို့ပင် မမြင်ကြရပေ။ ထိုမီးတောင်ကြီးကို မြင်တော့မှ ကဝေမှော်ဩဃ ဖြစ်နေပုံကို သဘောပေါက်တော့သည်။ ပင်လယ်ရေစီးကြောင်းများက ရေအောက်မီးတောင်ကြီးနှင့် တွေ့သောအခါ ဝဲလည်သွားရာမှ ဝဲဩဃကြီး ဖြစ်ပေါ်နေခြင်းပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ အသေအချာမှတ်သားပြီး ရေပြင်ပေါ်သို့ ပြန်တက်ခဲ့ကြလေသည်။





# အခန်း(၁၅)

# ပင်လယ်အောက်မှ ပျောက်ဆုံးနေသောကမ္ဘာ

ထိုနေ့က တစ်ညလုံး မည်သူမှ မအိပ်ဘဲ စောင့်ကြသော်လည်း အန္တရာယ် အနှောင့်အယှက်များ ရောက်မလာပေ။ နီမောင်က ပိုက်ဖြင့် ဖမ်းထားသော သတ္တဝါအနားသို့ သွားကြည့်လေသည်။

ထိုသတ္တဝါက လူအနားကပ်လာသည်နှင့် အံကို တကျိကျိ မြည်အောင် ကြိတ်၍သော်လည်းကောင်း၊ တဂီးဂီးနှင့် သွားများကို ဖြဲ၍ မာန်ဖီ၍သော်လည်းကောင်း မာန်ဖီနေတော့သည်။

ထိုအချိန်မှာ ဦးမွန်ထော် ရောက်လာပြီး အကြံရသဖြင့် ထမင်းပန်းကန်ထဲမှ ငါးအစိမ်းတစ်ကောင်ကို ယူလာပြီး အနား ချထားပေးတော့ တကီးကီးနှင့် မာန်ဖီးနေသောအသံ ပျောက်သွား ပြီး တစ်ချက်လှမ်းကြည့်လေသည်။ နီမောင်က ဦးမွန်ထော်ကို မျက်ရိပ်မျက်ခြည်ပြပြီး ထိုနေရာမှ ထွက်သွားပြီးနောက် အကွယ် တစ်နေရာမှ ချောင်းကြည့်ကြသည်။

ပိုက်ထဲမှ သတ္တဝါမှာ အနားမှာ လူတစ်ယောက်မှ မရှိ တော့မှ ပိုက်ပေါက်ထဲမှ လက်တစ်ဖက် ထွက်လာပြီး ငါးကို လှမ်းယူသွားလေသည်။ ပြီးမှ အစိမ်းလိုက် ထိုင်စားနေသည်။

"ငါလည်း ပင်လယ်မှာမွေး၊ ပင်လယ်မှာပဲ ကြီးလာတာ ပါပဲ၊ ပင်လယ်မှာ နေလာတာလဲ ကြာပါပြီ၊ ဒီသတ္တဝါမျိုးတော့ တစ်ခါမှ မတွေ့ဖူးသေးပါဘူး၊ အဲဒါ ဘာကောင်ဖြစ်မလဲ နီမောင်"

ဟု ဦးမွန်ထော်က မေးသည်။

"လူတော့ လူပါပဲ၊ ဒါပေမယ် လူနဲ့တော့ မတူဘူးပေါ့"

"ဟာ. . . မင်းစကားကလည်း ရှုပ်လိုက်တာ"

"ဒီလို. . . လူဆိုပေမယ့် ရေထဲမှာ အနေကြာနေတော့ ငါးသဘာဝအတိုင်း ဒါမှမဟုတ် ရေသတ္တဝါလိုမျိုး ဖြစ်နေတာ နေမှာပေါ့"

"ဒီလိုဆိုရင် ရေသူမတို့ ရေသူထီးတို့များ ဖြစ်နေမလား"

"အဲဒါလည်း ဟုတ်မယ်မထင်ဘူး၊ လူတစ်ပိုင်း ငါးတစ် ပိုင်း သတ္တဝါဆိုရင် ပိုပြီးမှန်မယ်ထင်တယ်"





ဟု ပြောနေကြသည်။

ညဥ့်နက်ပိုင်းအချိန်ရောက်တော့ ကင်းစောင့်သူက စောင့်ပြီး ကျန်လူများက တစ်ရေးတစ်မော အိပ်ကြသည်။မိုးလင်း ကာနီးအချိန် ရောက်တော့ ပဲ့ပိုင်းဘက်မှ ဆူဆူညံညံအသံများ ကြားရပြီး အားလုံးနိုးလာကြကာ ပဲ့ပိုင်းသို့ ထွက်ကြည့်ကြသည်။

"ဘာဖြစ်တာလဲ"

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားသောအချိန် တွင် လူတစ်ယောက်မှာ ကြမ်းပြင်ပေါ်၌ လဲနေပြီး ငါးတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါလည်း မရှိတော့ပေ။ ၎င်းကို ထည့်ထား သော ပိုက်များမှာလည်း ကြမ်းပေါ်မှာ အပိုင်းပိုင်း ပြတ်နေပြီ။

လဲနေသူကို ကြည့်လိုက်သောအခါ မြားထိထားသော ဒဏ်ရာတွေ့ရပြီး အဆိပ်တက်ကာ သေဆုံးနေလေပြီး ဒဏ်ရာ တစ်ဝိုက်မှာလည်း မည်းပြာနေသည်။ ဦးဇန်ကောင်းက အခြေ အနေကို စမ်းသပ်ကြည့်ပြီး စိတ်မကောင်းသောအသံဖြင့် ပြော သည်။

"အသက်မရှိတော့ဘူး. . . သူတို့သုံးတဲ့အဆိပ်က ပင် လယ်ရေမှော်က ထွက်တဲ့အဆိပ်မျိုးပဲ၊ မြွေဆိပ်ထက် ပိုမြင့်တယ်"

အားလုံးစိတ်မကောင်းကြသော်လည်း မတတ်နိုင်ကြ တော့ပေ။ သတ္တဝါများက ၎င်းတို့လူကို ကယ်ရန်အတွက် စောင့် နေသူကို သတ်သွားကြခြင်းဖြစ်၏။

နံနက်ပိုင်းအချိန်ရောက်သောအခါ သေဆုံးသွားသော

အလောင်းကို ပင်လယ်ထဲ ပစ်ချကာ သင်္ဂြိုဟ်လိုက်ကြသည်။

ထို့နောက်မှာတော့ ရေအောက်မှာ အသုံးပြုနိုင်သော မှိန်းသေနတ်များ၊ ဓါးနှင့် အခြားလက်နက်များကို ယူဆောင်ပြီး ရေအောက်သို့ တစ်ကျော့ပြန်ဆင်းကြသည်။ စက်လှေစောင့်ရန် လူအချို့သာ နေခဲ့ကြပြီး အတော်များများ ရေအောက်ဆင်းကြလေသည်။ အတော်များများမှာ အတွေ့အကြုံ ရှိသူများ ဖြစ်သောကြောင့် အခက်အခဲတော့ မရှိလှပေ။

ဒေါက်တာမင်းထင်ကျော်နှင့် နီမောင်တို့နှစ်ယောက် တိုင်ပင်ထားသည့်အတိုင်း မနေ့က တွေ့ခဲ့သော မီးတောင်ဟောင်းရှိရာသို့ ဦးတည်သွားကြလေသည်။

မီးတောင်ဟောင်းကြီး၏ ပတ်ဝန်းကျင်၌ ကျောက်ဆောင် ကျောက်တန်းများစွာ ရှိသောကြောင့် ထိုနေရာများမှ အကာအကွယ်ယူကာ သွားကြလေသည်။

တစ်နေရာရောက်သောအခါ နစ်မြုပ်နေသောသင်္ဘော စက်လှေများကြားမှာ ကူးခတ်သွားလာနေသော ငါးလူများကို တွေ့ရသည်။ အရေအတွက်ကတော့ မများလှပေ။

ဒေါက်တာမင်းထင်ကျော်က ၎င်းနောက်မှာ ပါလာသောအဖော်များကို လက်ညှိုးထိုးပြပြီး ထိုနေရာနှင့် နီးနိုင်သမျှ နီးအောင် လျှို့ဝှက်စွာ သွားကြလေသည်။

ထိုနေရာရောက်သောအခါ ကျောက်ဆောင်ကြားမှ ထွက်လာသော ငါးလူတစ်ယောက်နှစ်ယောက်ကို သုတ်သင်ရှင်း





လင်းကာ ရှေ့သို့ တိုးသွားကြသည်။

မီးတောင်ဟောင်းကြီးနှင့် နီးလာသောအခါ ကျောက်ဆောင်အကွယ်များမှာ နေရာယူပြီး ကြည့်သောအခါ ဂူပေါက်ဝကြီးတစ်ခုအတွင်းသို့ ဝင်ထွက်သွားလာနေသည့် ငါးလူအချို့ကို မြင်ရသည်။

သို့ကြောင့် အခြေအနေကို ကြည့်ပြီး ဂူအတွင်း ဝင်ကြရန် အချက်ပြလိုက်သည်။ ဂူပေါက်ဝ ရောက်သောအခါ အတွင်းမှ ထွက်လာသော လူငါးများနှင့် တွေ့ပြီး တိုက်ခိုက်ကြသည်။

လူငါးများမှာ သာမန်သွားလာနေကြသည့်အချိန် ဖြစ်သောကြောင့် မှိန်း သေနတ်များ မပါကြရာ အလွယ်တကူပင် တိုက်ခိုက်နိုင်ကြသည်။

၎င်းမှိန်းသေနတ်မှာ တစ်ချက်သာ ပစ်ပြီး နောက်တစ်ချက် ပစ်ရန် အချိန်ကြာနေခိုက်မှ အတင်းဝင်တိုက်ကြရလေသည်။ ငါးလူများက ကိုယ်ခန္ဓာ သေးကွေးသောကြောင့် ရေကူးကျွမ်းကျင်သည်မှအပ တိုက်ခိုက်မှု မကျွမ်းကျင်ကြပေ။ မြားသေနတ် မရှိတော့လျှင် ပါးစပ်နှင့် ကိုက်ရန်သာ ရှိသောကြောင့် အတင်းဝင်လာကြရော အသင့်ပါသွားသော ဓါးများဖြင့် သုတ်သင် ရှင်းလင်းနိုင်ကြသည်။ ငါးလူများ ရှင်းသွားတော့ အတွင်းသို့ ဆက်ဝင်ကြသည် အတွင်းရောက်တော့ လိုက်ခေါင်းပေါက်ကြီး တွေ့ရသည်။ ထိုအပေါက်ဝနား တစ်နေရာမှာ မီးလောင်ပျက်စီးနေသော တစ္ဆေသင်္ဘောပျက်ကြီးကို ကျောက်ဆောင်များကြား

မှာ တင်နေသည်ကို တွေ့ရသည်။

မီးလောင်ပျက်စီးနေခြင်းမှာ ဒေါက်တာမင်းထင်ကျော်တို့ လက်ချက်ကြောင့်ပင်ဖြစ်သည်။ ထိုနေရာမှ ကျော်ပြီး လိုဏ်ခေါင်းလမ်းအတိုင်း ဝင်သွားရာ နောက်ထပ်လူငါးများကို မတွေ့ရတော့ပေ။

လိုဏ်ခေါင်းဆုံးသောအခါ ရေလွတ်သော လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရောက်သွားသည်။ ထိုနေရာသည် ရေအောက်မီးတောင်ဟောင်းကြီးအတွင်း၌ ရှိသော အလယ်အူကြောင်းနေရာပင်ဖြစ်သည်။

လိုဏ်ခေါင်းကြီးတစ်ခုလုံး ယူကာလစ်ဆီအနံ့များဖြင့်လိုင်နေသည်။ ထိုအနံ့များသည် မီးခိုးခေါင်းတိုင်သဖွယ် ဖြစ်နေသော မီးတောင်အလယ်အူကြောင်းအခေါင်းပေါက်မှ အပေါ်သို့ တက်သွားကြခြင်းဖြစ်သည်။

ထိုနေရာမှတဆင့် ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ ပြန့်နှံ့သွားခြင်း ဖြစ်ဟန်ရှိသည်။

ထိုလိုဏ်ခေါင်းကြီးအတွင်းမှာတော့ သဘော်နှင့် စက်လှေပျက်များမှ သယ်ယူထားသော အစားအသောက် ထည့်သောပုံးများ၊ အသုံးအဆောင်ပစ္စည်း မြောက်များစွာတို့ကို တွေ့ရလေသည်။

အချို့လည်း နှစ်ကြာပြီဖြစ်သောကြောင့် ဆွေးမြေ့ ပျက်စီးနေကြလေသည်။





ထိုလိုဏ်ခေါင်းကျယ်ကြီးတစ်နေရာမှာတော့ ပိတ်ထားသော သံတံခါးတစ်ချပ် တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီးနောက် ပိတ်ထားသောတံခါးချပ်နေရာသို့ သွားကြသည်။

ထို့နောက် တံခါးကို တွန်းကြည့်သောအခါ အလွယ်တကူပင် ပွင့်ထွက်သွားကြလေသည်။

ထိုတံခါးပွင့်သွားတော့မှ ရေနွေးငွေ့များ လွတ်ထားသော အခန်းတစ်ခုအတွင်း ရောက်သွားသကဲ့သို့ ပူနွေးသွားသည်။

ထို့ပြင် အံ့ဩဖွယ်ရာကောင်းသောမြင်ကွင်းများကို မြင်တွေ့ရသည်။

တံခါးပွင့်သွားသည်နှင့် အတွင်းမှ အပူလှိုင်းတစ်ခု ဟပ်လိုက်သကဲ့သို့ အရင်ထိတွေ့ရသည်။

အတွင်းပိုင်းမှာတော့ လူအဆုံးအဆောင်ပစ္စည်းများ သိပ္ပံနှင့် သက်ဆိုင်သော ပစ္စည်းပစ္စယများကို တွေ့ရလေသည်။

အတွင်းပိုင်းမှာတော့ လူများ နေထိုင်သော အနေအထားမျိုး တွေ့ရသောကြောင့် အံ့ဩနေကြလေသည်။

ထိုအချိန်မှာ အတွင်းပိုင်းဘက်မှ လှမ်းပြောလိုက်သော အသံတစ်သံကို ကြားကြရသည်။

"နှစ်ပေါင်း(၁၅)နှစ်လောက်အတွင်းမှာ ကျုပ်တို့ နေတဲ့

ရေအောက်ကမ္ဘာကို ပထမဆုံး ရောက်လာတဲ့ ဧည့်သည်တွေကို ကြိုဆိုပါတယ်ဗျာ"

ဟူသောအသံကို ကြားရသဖြင့် လက်နက်များကို အဆင်သင့် ပြင်ပြီး ထိုနေရာဘက်သို့ ဝင်သွားလေသည်။

သိပ္ပံစမ်းသပ်ခန်းသုံးပစ္စည်းများဖြင့် ရှုပ်ပွနေသော အခန်းထောင့်တစ်နေရာတွင် ကုလားထိုင်ပေါ်တွင် ထိုင်နေသော အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော လူတစ်ယောက်ကို တွေ့လေသည်။

ထိုလူကြီးမှာအသက်(၆၀)ကျော်အရွယ်ခန့်ရှိပြီး ခေါင်းတစ်ခုလုံး ဖြူဖွေးသောဆံပင်များ ရှိကာ နိုင်ငံခြားသားတစ်ဦး ဖြစ်ဟန်ရှိလေသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ်နာမည်က ဒေါက်တာ မာတင်လို့ ခေါ်ပါတယ်၊ ဇလဗေဒပညာကို အထူးပြုလုပ်စားပြီး ရူပဗေဒပညာနဲ့ ဒေါက်တာဘွဲ့ရခဲ့တဲ့ ပညာရှင်တစ်ယောက်ပါပဲ"

"တွေ့ရတာ ဝမ်းသာပါတယ်. . . ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဆရာကြီး ဒီမီးတောင်ထဲမှာ ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"(၁၅)နှစ်လောက် ရှိပြီဆိုပါတော့"

"တခြားလူတွေ မရှိကြဘူးလား"

"မရှိကြတော့ပါဘူး. . . တစ္ဆေသင်္ဘောကို တာဝန်ယူပြီး





မောင်းနေတဲ့ နှစ်ယောက်သုံးယောက်တောင် တလောကမှ သင်္ဘောမီးလောင်ပြီး သေသွားကြပြီ"

"တစ္ဆေသင်္ဘောကို ဘယ်လိုဖန်တီးထားတာလဲ"

"အပြင်က သင်္ဘောပျက်တစ်စင်းရဲ့အတွင်းမှာ ပလတ်စတစ်အမာနဲ့ လုပ်ထားတဲ့ နောက်ထပ်တစ်စင်း ထည့်ထားတယ်၊ သင်္ဘောမောင်းတဲ့လူတွေက အတွင်းကနေ မမြင်အောင် ဝင်မောင်းကြတာပါ"

"ဘာကြောင့် လူတွေကို လိုက်ပြီးဒုက္ခပေးနေတာလဲ"

"ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ကျုပ်တီထွင်ထားတဲ့ပစ္စည်းတွေကို စမ်းသပ်ကြည့်နေတာပါ၊ သင်္ဘောတစ်စီး ရပြီးရင် သိပ္ပံအတွက် အသုံးပြုဖို့ပစ္စည်းတွေလည်း ရတာပေ့ါ"

"သင်္ဘောတွေ ဖျက်ဆီးတာကတော့ ထားပါတော့၊ ငါးဖမ်းတဲ့လှေတွေကို ဘာကြောင့် ဖျက်ဆီးပစ်တာလဲ"

"နောက်ထပ် ဒီနေရာကို အခြားလူတွေ မလာဝံ့အောင်လို့ လုပ်တာပါ"

"ဒါထက် ငါးနဲ့ တူတဲ့လူတွေကို ဆရာကြီး ဖန်တီးထားတာလား"

"မှန်ပါတယ်"

"သူတို့ ရေထဲမှာ အချိန်ကြာကြာနေနိုင်အောင် ဘယ်လို စီမံထားပါသလဲ"

"ရေထဲက အောက်ဆီဂျင်ကို စုပ်ယူပြီး အသုံးပြုနိုင်

အောင် ငါးပါးဟပ် ပုံသဏ္ဌာန် ကိရိယာတွေ တီထွင်ပေးထားတာပါ"

ထိုစကားကြောင့် များစွာ အံ့ဩသွားကြလေသည်။ ဒေါက်တာမာတင်က ဆက်ပြောပြသည်။

"လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် အသက်ရှုတဲ့စနစ်တွေရဲ့ ပင်မတာဝန်ဟာ ခန္ဓာကိုယ်က လိုအပ်တဲ့အောက်ဆီဂျင်ကို ရအောင် စုပ်ယူပေးဖို့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက် အညစ်အကြေးကို ပြန်ထုတ်ပစ်ဖို့တာဝန်ပဲ မဟုတ်လား"

"မှန်ပါတယ်"

"တိရစ္ဆာန်တွေနဲ့လူသားတွေမှာတော့ ရင်ခေါင်းထဲမှာ ရှိတဲ့အဆုတ်ကို လေဖိအား၊ ပြီးတော့ ဒိုင်ယာဖရမ် (ကန့်လန့်ကာကြွက်သား)တွေရဲ့အကူအညီတွေနဲ့ ပိန်အောင်ဖောင်းအောင် ပြုလုပ်ပေးရတယ်"

"ဟုတ်ပါတယ်"

"အဆုတ်ထဲကို လေရောက်သွားတာနဲ့ တစ်ပြိုင်နက် လေကို အဆုတ်ကြွက်သားတွေက စုပ်ယူပြီး အဲဒီကမှတဆင့် သွေးထဲကို ရောက်သွားကြတယ်၊

ဒါပေမယ့် ငါးတွေကျတော့ တစ်ရှူးသေးသေးကလေးတွေ ပါဝင်တဲ့ သွေးကြောစုက အောက်ဆီဂျင်ကို စုပ်ယူပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို ပြန်ထုတ်ပစ်လိုက်ကြတယ်၊ ကျုပ်တီထွင်ထားတဲ့ပစ္စည်းကတော့ အောက်ဆီဂျင်ကို ထုတ်ယူနိုင်ဖို့





အတွက် သူတို့ရင်ဘတ်နားမှာ တပ်ဆင်ပေးထားတဲ့ အဆုတ်ပါးဟက်ပစ္စည်းတစ်မျိုးပါပဲ"

"အတော်ထူးဆန်းပါပေတယ်. . . ရေအောက်မှာ အချိန်ကြာကြာ ဘယ်လောက်ထိ နေနိုင်ပါသလဲ"

"အောက်ဆီဂျင်ဗူးကြီးတွေ လွယ်ထားတဲ့လူတွေထက်တော့ ပိုပြီးနေနိုင်ကြပါတယ်"

ယခုမှပင် အဖြေက ရှင်းသွားတော့သည်။

ထိုသို့ စကားပြောနေရင်းမှာ တရှိန်ရှိန် တက်လာသော အပူငွေ့များက မခံမရပ်နိုင်အောင်ဖြစ်လာသည်။

"ဒီရေအောက်မှာ ဘယ်သူမှ မရှိတော့ဘူးဆိုရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလား ဆရာကြီး"

"မလိုက်တော့ပါဘူး. . . ကျုပ်ဘဝက နောက်ဆုံးအချိန်ရောက်နေပါပြီ၊ မကြာခင်မှာ ဒီမီးတောင်ကြီးလည်း ပေါက်ကွဲတော့မှာဆိုတော့ ကျုပ်မြတ်နိုးတဲ့ သုတေသနပစ္စည်းတွေနဲ့ပဲ ဘဝကို အဆုံးသတ်ပါတော့မယ်"

"ဆရာကြီး မရှိတော့ရင် ငါးလူတွေကရော ဘယ်လိုဖြစ်ကြမလဲ"

"သူတို့က ဒီမီးတောင်လိုဏ်ဂူထဲမှာ နေကြတာဆိုတော့ မီးတောင်ပေါက်ကွဲသွားရင် သိပ်ကျန်တော့မယ် မထင်တော့ပါဘူး၊ ကဲ. . . အချိန်မကျန်တော့ဘူး၊ မီးတောင်ပေါက်ကွဲဖို့အချိန် သိပ်နီးနေပြီ၊ မြန်မြန်ထွက်ကြပေတော့. . . အားလုံးကို နှုတ်

ဆက်လိုက်ပါတယ်"

ဒေါက်တာမင်းထင်ကျော်တို့လည်း ပျောက်ဆုံးနေသော ရေအောက်ကမ္ဘာငယ်ကလေးတစ်ခုအတွင်းမှာ ပျော်မွေ့နေသော သိပ္ပံပညာရှင်ကြီးကို နှုတ်ဆက်ပြီးနောက် ဂူပေါက်အတွင်းမှ စိတ်မကောင်းစွာဖြင့် ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ရောက်သည့်နှင့် အသင့်စောင့်နေကြသော ငါးလူများက ဝင်ရောက်တိုက်ခိုက်ကြပြန်လေရာ ပြန်လည် ခုခံတိုက်ခိုက်ကြလေသည်။

၎င်းတို့က မြားတံများ၊ ဓါးဖြင့် အသုံးပြုကာ တိုက်ခိုက်ကြခြင်းဖြစ်သည်။

အရေအတွက်ကတော့ သိပ်မများတော့ပေ။

ထိုသို့ တိုက်ခိုက်ရာမှာ နှစ်ဦးနှစ်ဘက် ဒဏ်ရာများ ရကြတော့ သွေးများ ထွက်လာရာ ရေပြင်တစ်ခုလုံး သွေးညှီနံ့များ ဖုံးသွားလေရာ သွေးနံ့ကြိုက်သော ငါးမန်းအုပ်များ ရောက်လာသောကြောင့် တိုက်ခိုက်ခြင်းကို ရပ်တန့်ပြီး အသက်စွန့်ကာ ထွက်ပြေးကြရသည်။

ထိုအချိန်မှာပင် ကျော်စွာမှာ လက်မောင်း၌ ဒဏ်ရာတစ်ခုရသွားသဖြင့် နီမောင်က တွဲခေါ်ခဲ့ရလေသည်။ ရေပြင်ပေါ်ရောက်သောအခါ မိမိတို့သင်္ဘော ရှိရာသို့ သွားပြီး အပျော်အမြန်တက်ကြရလေသည်။

ရေအောက်သို့ ဆင်းသွားသောအဖွဲ့မှာ အချို့သာ ပြန်





ရောက်ပြီး အချို့ပြန်မတက်နိုင်ကြတော့ပေ။

ထိုအချိန်တွင် စက်လှေရှိရာနှင့် မဝေးလှသောနေရာတစ်ဝိုက်မှာ ရေများ ပလုံစီ တက်လာပြီး ရေခိုးရေငွေ့များ ပန်းတက်လာသည်ကို မြင်ရသောကြောင့် ထိုနေရာမှာ ဆက်မနေဝံ့ကြတော့သဖြင့် အမြန်မောင်းပြေးကြရလေသည်။ အတော်ဝေးဝေး ရောက်သောအခါ အနောက်ဘက် ပင်လယ်ပြင်တစ်နေရာမှာ ပေါက်ကွဲသံကြီး ကြားရပြီးနောက် ချော်တုံးချော်ခဲများနှင့် မီးညွန့်များ ကောင်းကင်သို့ ထိုးတက်သွားသည်ကို မြင်ကြရလေသည်။

မီးတောင်လိုဏ်ခေါင်းအတွင်းမှာ နေကြသော ငါးလူတို့၏ကံကြမ္မာကား ကမ္ဘာငယ်ကလေးတစ်ခုထဲမှာ ပျော်မွေ့နေသော သိပ္ပံပညာရှင်ကြီး၏ဘဝသည်လည်း အဆုံးသတ်သွားခဲ့ချေပြီ။

နောက်ပိုင်းတွင် ပင်လယ်ပြင်မှာ သွားလာနေသူများမှ မီးရောင်များ လင်းထိန်နေလျက်နှင့် လှေနှင့်သင်္ဘောများ တိုက်ခိုက် ဖျက်ဆီးခဲ့သော တစ္ဆေသင်္ဘောကို နောက်ထပ်တွေ့ရတော့မည် မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်ကတော့ ပင်လယ်ရေပြင်ပေါ်သို့ ထိုးထွက်နေသော မီးတောက်မီးလျှံများကို လှမ်းကြည့်ရင်း တန်ဖိုးရှိသော သိပ္ပံပညာကို အကျိုးရှိသောနေရာများတွင် အသုံးမချခဲ့သော သိပ္ပံပညာရှင်ကြီး ဒေါက်တာမာတင်အတွက် စိတ်

မကောင်းဖြစ်နေရုံမှအပ အခြားဘာမှ မတတ်နိုင်တော့ပါချေ။

သူတို့ကို သယ်ဆောင်လာသော စက်လှေကမူ မီးတောက်မီးလျှံများနှင့် ဝေး၍ဝေး၍လာခဲ့ချေပြီ။





# အခန်း(၁၆)

# ပန်းနုရောင် ချစ်ခရီးလမ်း

စမင်ကျွန်းရွာသို့ ပြန်ရောက်ကြသောအခါ ဒဏ်ရာရသူများကို ဆေးဆရာကြီးဦးဗန်ကောင်းက ကုသပေးလေသည်။ ကျော်စွာ၏လက်မောင်းမှာ ရထားသောဒဏ်ရာမှာ အတော်ကလေး များသဖြင့် ဆေးကုပေးသည့်အပြင် မြသင်းကြူတို့ကပါ လိုလေသေး မရှိအောင် ပြုစုပေးရလေသည်။ ကျော်စွာမှာ ထိုရွာသို့ ရောက်ပြီး မြသင်းကြူကို မြင်ကတည်းက သဘောကျနေရာ ထိုကဲ့သို့ နီးနီးကပ်ကပ် ပြုစုခြင်း ခံရသောအခါ သံယောဇဉ်

ဖြစ်လာမိလေသည်။ သို့ကြောင့် နှစ်ယောက်ချင်း တွေ့သော အခါ ပွင့်ပွင့်လင်းလင်းပင် ပြောဆိုလေသည်။

“မြသင်းကြူကို မေးစရာရှိလို့ပါ”

“မေးပါ အစ်ကို”

“တခြားတော့ မဟုတ်ပါဘူး၊ မြသင်းကြူမှာ ရည်စူးထားတဲ့ချစ်သူ ရှိနေပြီလားဟင်”

ထိုသို့ တဲ့တိုးကြီး မေးလာသောအခါ မြသင်းကြူမှာ ထူပူသွားပြီး ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားတော့သည်။

“ဟင့်အင်း. . . မရှိသေးပါဘူး”

“ဒီလိုဆိုရင် ကျွန်တော့်သဘောကို ပြောပါရစေ၊ ကျွန်တော် မြသင်းကြူကို မြင်မြင်ချင်းပဲ မေတ္တာရှိနေပါတယ်၊ အဲဒါ ကျွန်တော့်မေတ္တာကို လက်ခံပေးမယ်ဆိုရင် လူကြီးစုံရာနဲ့တောင်းရမ်းယူပါရစေ”

“ဟို. . . ဟို. . ”

မြသင်းကြူခမျာ မမျှော်လင့်သော အခြေအနေကြောင့် ဘယ်လိုပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသဖြင့် ခေါင်းငုံ့ထားစဉ်မှာ ကျော်စွာက သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ့မေတ္တာကို လက်ခံပေးဖို့ ပြောဆိုနေလေသည်။

ထိုအချိန်မှာပင် လူနာအခြေအနေမေးရန် နီမောင် ရောက်လာပြီး အိမ်ပေါက်ဝ ရောက်လာစဉ်မှာ အိမ်ထဲမှ ကျော်စွာနှင့် မြသင်းကြူတို့ အခြေအနေကို လှမ်းမြင်သဖြင့် အိမ်ပေါ်





ပင် မတက်တော့ဘဲ ပြန်လှည့်သွားလေသည်။

ထိုအခါမှ မြသင်းကြူက ကျောဘက်ကို လှမ်းမြင်လိုက်ရသည်။ ညနေပိုင်းအချိန်တွင် နီမောင်ရှိရာသို့ မြသင်းကြူ ရောက်လာသည်။

“နီမောင်. . . ငါ နင်နဲ့ တိုင်ပင်စရာတစ်ခု ရှိတယ်”

“ပြောလေ မြသင်းကြူ၊ ငါဘာအကူအညီပေးရမလဲ”

“ဟို. . ဟို. . . ကိုကျော်စွာက ငါ့ကို မေတ္တာရှိကြောင်း ဖွင့်ပြောပြီး လက်ထပ်ဖို့ ခွင့်တောင်းနေတယ်၊ အဲဒါ ဘယ်လို ဆုံးဖြတ်ရမလဲဟင်”

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

“အဲဒါ နင့်ဘဝအတွက် နင်ကိုယ်တိုင်ဆုံးဖြတ်ရမယ့် ရွေးချယ်ရမယ့်ကိစ္စမျိုးဆိုတော့ ငါတို့က ဘယ်လိုဝင်ပြောရမလဲ မြသင်းကြူရယ်”

မြသင်းကြူက သက်ပြင်းချပြီး အဝေးသို့ ငေးကြည့်နေသည်။

“ငါပြောနိုင်တာ တစ်ခုတော့ ရှိပါတယ်၊ ကိုကျော်စွာဟာ လူကောင်းတစ်ယောက်ပါ၊ နင် သူ့ကို ရွေးချယ်လိုက်ရင် ဘဝအဆင့်အတန်းမြင့်ပြီး စိတ်ချမ်းသာမယ်လို့ ငါထင်တယ်”

“ငါ့အတွက် ဒီလိုစဉ်းစားပေးတာ ကျေးဇူးတင်ပါတယ်ဟာ”

မြသင်းကြူအသံက ပုံမှန်ပြောနေတာလား၊ ဒါမှမဟုတ်

တမင်ရွဲ့ပြောနေသလားပင် မသိတော့ပေ။

"ငါလည်း နင့်ကို ပြောစရာရှိသေးတယ် မြသင်းကြူရဲ့"

"ဘာလဲ"

"ဒီနေ့ကုန်ရင် ငါလည်း မြဝင်းသူနဲ့ လက်ထပ်ဖို့ ပြောထားပြီးပြီ. . . မကောင်းဘူးလားဟင်"

မြသင်းကြူက ဘာမှပြန်မပြောဘဲ မျက်ရည်ဝဲနေသော မျက်ဝန်းဖြင့် တစ်ချက်ကြည့်ပြီး ထသွားလေတော့သည်။

ထိုအခါမှ နီမောင် တိုးတိုးလေး ရေရွတ်လိုက်လေသည်။

"မြသင်းကြူရယ်. . . နင့်ရင်ထဲက ဆန္ဒတွေကို ငါ နားလည်ပါတယ်၊ ငါ့ရင်ထဲကဆန္ဒကိုလည်း နင်သိစေချင်ပါတယ်၊ ဒါပေမယ့် ဆင်းရဲချို့တဲ့တဲ့ ငါ့ဘဝထဲကို နင့်ကို မခေါ်ချင်ပါဘူးဟာ၊

ငါ့ရဲ့စေတနာတွေကို တစ်ချိန်ကျရင် နင်သိလာလိမ့်မယ်. . . နားလည်လာပါလိမ့်မယ်၊ နင့်ဘဝလေး အခုလို အဆင့်အတန်းမြင့်ပြီး စိတ်ချမ်းသာမယ်ဆိုရင် ငါအနစ်နာခံရကျိုးနပ်ပါတယ်၊ ငါ့အနေနဲ့ နင့်ကျေးဇူးတွေကို အနစ်နာခံပေးခြင်းတစ်ခုနဲ့ပဲ ကျေးဇူးဆပ်ခွင့်ရတာ ငါကျေနပ်ပါတယ်"

ဟု တိုးတိုးလေး ရေရွတ်ရင်း မျက်လုံးအိမ်မှာ ဝဲလာသောမျက်ရည်များက အကျီလက်မောင်းအစဖြင့် တို့သုတ်လိုက်လေသည်။





နောက်ရက်မှာတော့ ကော့သောင်မှ စက်လှေတစ်စီး ထပ်ရောက်လာသည်။

ဦးထန်ဖုန်းရှိန်နှင့် မြနှင်းဖြူတို့လည်း ပါလာကြသည်။ ဦးထန်ဖုန်းရှိန် ရောက်လာသောအခါ ကျော်စွာက အကျိုးအကြောင်း ဖွင့်ပြောပြီး မြသင်းကြူနှင့် လက်ထပ်ရန်ကိစ္စကို စီစဉ်ခိုင်းလေသည်။

ဇမုန်းထန်ကလည်း သဘောတူသဖြင့် မြသင်းကြူ အနေနှင့် မငြင်းသာတော့ဘဲ လက်ခံလိုက်ရလေသည်။

တစ်နေ့တွင် မြဝင်းသူရှိရာသို့ ဒေါ်မင်းဇာ ရောက်လာလေသည်။

ဒေါ်မင်းဇာမှာ တစ်ရွာလုံးသတင်းကို သူ မသိသလောက် နှံ့စပ်သူဖြစ်လေသည်။

"ဟဲ့. . . မြဝင်းသူ၊ ဒီမှာ တစ်ယောက်တည်း ငိုင်မနေနဲ့၊ သူများတွေတောင် မင်္ဂလာဆောင်တော့မယ်"

"ဘယ်သူလဲ အရီးလေး"

"မြသင်းကြူလေ"

"ဘယ်သူနဲ့လဲ. . . နီမောင်နဲ့လား"

"ဘယ်က ဟုတ်ရမှာလဲ၊ ကော့သောင်က သူဌေးဦးထန်ဖုန်းရှိန်ရဲ့မန်နေဂျာ ကျော်စွာနဲ့ဟဲ့"

"ဟင်. . . "

မမျှော်လင့်သောစကားကြောင့် မြဝင်းသူမှာ တအံ့

တသြ ဖြစ်သွားလေသည်။

ထို့အတူ ရင်ခုန်သံလည်း မြန်လာသည်။

"ဟုတ်ရဲ့လား အရီးလေးရဲ့"

"အော်. . . ဟုတ်ပါတယ်အေ၊ အခု လူကြီးစုံရာနဲ့ လက်ထပ်ပွဲ လုပ်ကြဖို့တောင် စီစဉ်နေကြပြီ၊ မင်္ဂလာဆောင်ကို လည်း ဒီကျွန်းပေါ်မှာ ကြီးကြီးကျယ်ကျယ် လုပ်ဦးမှာတဲ့တော်"

"ကျွန်မက မြသင်းကြူကို နီမောင်နဲ့ ဖြစ်နေကြတာလို့ ထင်နေတာ"

"ဘယ်က ဟုတ်ရမှာလဲ၊ နောက်ပြီး နီမောင်က မြသင်း ကြူကိုတောင် ပြောလိုက်သေးသတဲ့"

"ဘာလဲ"

"ဒီနွေကုန်ရင် နင်နဲ့ ယူကြတော့မလို့တဲ့၊ အဲဒါ ငါ တောင် မသိရသေးပါလား"

"အို. . . မဟုတ်ပါဘူး"

"ဘာမဟုတ်ရမလဲ. . . နီမောင်ပြောလို့ တစ်ရွာလုံးက တောင် သိနေကြပြီ၊ ဒီတစ်ခါတော့ ဒေါ်မင်းဇာတို့ အသိနောက် ကျသွားပြီဟေ့"

ဟု ပြောကာ ဒေါ်မင်းဇာက တဘက်ကလေး ခေါင်း ပေါ် တင်ကာ ပြန်ထွက်သွားလေတော့သည်။

စိတ်လှုပ်ရှားလွန်းသောကြောင့် ကတုန်ကယင် ဖြစ်ကျန် ခဲ့သူမှာ မြဝင်းသူဖြစ်ပေသည်။





ထိုအခိုက်မှာပင် နီမောင်ရောက်လာလေသည်။

"နင် ဘာတွေ လျှောက်ပြောနေတာလဲ နီမောင်"

"ငါဘာပြောလို့လဲ"

"ဒီနွေမှာ နင်နဲ့ငါ မင်္ဂလာဆောင်တော့မယ်လို့ မြသင်း ကြူကို ပြောလိုက်တယ်ဆို"

နီမောင်က ခေါင်းညိတ်ပြသည်။

"နင့်ကို ယူပါ့မယ်လို့ ငါက ဘယ်တုန်းက ပြောဖူးလို့လဲ"

"နင် မယူလည်း ရပါတယ်၊ အရေးကြီးတာက မြသင်း ကြူ သူ့ရဲ့လမ်းကို ဖြောင့်ဖြောင့်လျှောက်သွားတယ်ဆိုရင် ပြီးတာပါပဲ"

ဒီတော့မှ မြဝင်းသူက သဘောပေါက်သွားလေတော့ သည်။

"ဒါဖြင့် သူ့ကို နင် တမင်ပြောလိုက်တာပေါ့. . . ဟုတ် လား"

"ဟုတ်ပါတယ်. . . ဒီလိုပြောတဲ့အတွက် နင် ဘယ် လောက် နစ်နာသွားတယ်ဆိုတာလည်း သိပါတယ်၊ ဒါကြောင့် တောင်းပန်ရအောင် ငါလာခဲ့တာ"

"တောင်းပန်စရာမလိုပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ကွဲသွားတဲ့ မှန်တစ်ချပ်ကို ပြန်ကောင်းအောင် ဆက်လို့ မရတော့သလို မိန်းကလေးတစ်ယောက်ရဲ့အရှက်နဲ့ သိက္ခာ ဆိုတာ စွန်းထင်းသွားပြီးရင် ပြန်ဖျက်လို့ရတာမှ မဟုတ်တာ"

"ငါတောင်းပန်ပါတယ်. . . ငါ ဘာလုပ်ပေးရမလဲဟင်"

မြဝင်းသူက နီမောင်ကို တစ်ချက်ကြည့်သည်။

"နင်ဘာလုပ်ရမယ်ဆိုတာ တကယ်မသိဘူးလား"

"သိပါတယ်. . . နင့်ကို လက်ထပ်လိုက်ရင် ဒီကိစ္စတွေက ပြီးသွားမှာ မဟုတ်လား"

"ဘယ်သူက လက်ခံပေးမယ် ပြောသေးလို့လဲ၊ နောက်ပြီး နင်ကရော လက်ထပ်ပါရစေလို့ ငါ့ကို ခွင့်တောင်းရသေးလို့လား"

ထိုသို့ပြောတော့မှ နီမောင်က သဘောပေါက်သွားပြီး မြဝင်းသူအနားမှာ ထိုင်ချလိုက်သည်။

"ငါ နင့်ကို တကယ်ချစ်ပါတယ်၊ ငါ့မေတ္တာကို လက်ခံပေးပါ၊ ဒီလိုလက်ခံပေးရင် လူကြီးစုံရာနဲ့ တောင်းရမ်းယူပါရစေ"

ထိုအခါ မြဝင်းသူက နီမောင်မျက်နှာကို ကြည့်ပြီး. . .

"ဒီစကားတွေကရော တကယ်ပြောနေတာလား"

ဟု မေးသည်။

"တကယ်ပြောတာပါ"

"စကားလွန်ထားပြီးလို့ မထူးတော့တာနဲ့ ပြောနေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး. . . ငါ နင့်ကို တကယ်ချစ်တာပါ။ ငါ့ဘဝရဲ့လက်တွဲဖော်အစစ်ဟာ နင်ဆိုတာလည်း ငါသိပါတယ်၊ ဒါကြောင့် အခုလို ဆုံးဖြတ်ခဲ့တာပါ"





ဟု ပြောပြီး မြဝင်းသူ ပခုံလေးကို ဖက်ထားလိုက်သည်။ မြဝင်းသူက မရှုန်းဘဲနှင့် တိုးတိုးပြောသည်။

"အခုမှပဲ စိတ်အေးရတော့တယ်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ငါ့အဖြစ်က ပင်လယ်ထဲ ကျသွားလို့ ပြန်မရတော့ဘူးလို့ ထင်ထားတဲ့ ကိုယ်မြတ်နိုးတဲ့ပစ္စည်းတစ်ခုကို ပြန်ရသလိုပဲ၊ ငါ့ဘဝက နောက်ဆုံးမျှော်လင့်ချက်နဲ့ အသက်ရှင်နေရတဲ့သူပါ"

ဟု ပြောကာ နီမောင်ရင်ခွင်ထဲ ဝင်ကာ ငိုနေလေသည်။ နီမောင် သူမကိုယ်ကလေးကို ထွေးဖက်နှစ်သိမ့်ပေးရလေသည်။

"မငိုပါနဲ့တော့ မြဝင်းသူရယ်၊ ငါတို့နှစ်ယောက်ရဲ့ဘဝလမ်းခရီးမှာ ဘာမှ အတားအဆီး အနှောင့်အယှက်တွေ မရှိတော့ပါဘူး၊ တစ်သက်လုံး ကြင်ကြင်နာနာနဲ့ လက်တွဲသွားပါ့မယ်လို့ ငါကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ နီမောင်ရယ်"

ဟု တိုးတိုးလေး ပြန်ပြောလိုက်လေသည်။

ယခင်ရေးသားသောဝတ္ထုများမှာဆိုလျှင်တော့ ကျွန်ုပ်အနေနှင့် "ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်လေသတည်း" ဟု ရေးရုံသာ ရှိသော်လည်း ယခုဝတ္ထုမှာ အဓိက ဇာတ်ကောင်အချို့ ကျန်နေသေးသောကြောင့် ဆက်လက်ရေးသားရပေမည်။

ကော့သောင်မှ ဦးထန်ဖုန်းရှိန်တို့ ရောက်လာသောအခါ မြနှင်းဖြူပါ ပါလာသောကြောင့် ဒေါက်တာမင်းထင်ကျော်မှာ

များစွာဝမ်းသာသွားလေသည်။

ဦးထန်ဖုန်းရှိန်အနေဖြင့်လည်း ပင်လယ်ပြင်မှာ အနှောင့်အယှက် အန္တရာယ်များ ကင်းသွားပြီဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်သာမက သမီးဖြစ်သူ မြနှင်းဖြူက အကြောင်းစုံ ဖွင့်ဟတိုင်ပင်ထားပြီးဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်အကြောင်းကို သိနေပြီးဖြစ်ရာ သမီးဖြစ်သူအတွက် ကျေနပ်မှု ဖြစ်နေလေသည်။

အလုပ်ကိစ္စများ ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က မြနှင်းဖြူကို သောင်ပြင်များ ရှိရာဘက်သို့ ခေါ်သွားလေသည်။

နှစ်ယောက်သား ပင်လယ်ရေစပ်တလျှောက် တမျှော်တခေါ် ရှိနေသော သောင်ပြင်ပေါ်မှာ လမ်းလျှောက်ရင်း ဘဝအတွက် အရေးကြီးသောအကြောင်းများကို ပြောဆိုဆွေးနွေးကြလေသည်။

"မောင်တို့ ပင်လယ်ပြင်မှာ ဘေးအန္တရာယ်ကင်းပြီး ပြန်ရောက်လာပြီလို့ သတင်းကြားရမှပဲ ကျွန်မဖြင့် စိတ်အေးရတော့တယ်"

"မောင့်အတွက် အခုလို စိတ်ပူပေးဖော်ရတာ ကျေးဇူးတင်ပါတယ် မြလေးရယ်၊ အခု အလုပ်ကိစ္စတွေလည်း ပြီးပြီဆိုတော့ မောင်တို့ ရန်ကုန်ပြန်ကြတော့မယ်၊ မြလေးနဲ့ ဒီတစ်ခါ အကြာကြီး ခွဲမနေချင်တော့ဘူး၊ မြလေးသဘောက ဘယ်လိုလဲ





ဟင်"

"ကျွန်မကတော့ ဖေဖေ့ကိုတောင် ဖွင့်ပြောထားပြီးပါပြီ၊ မောင်က ဘယ်လိုစီစဉ်ချင်လို့လဲဟင်"

"မောင့်သဘော ပြောရရင်တော့ မပြန်ခင်မှာ လက်ထပ်ပြီး ရန်ကုန်ကို ပြန်တဲ့အခါ မြလေးကို တစ်ခါတည်း ခေါ်သွားချင်တယ်"

"ကျွန်မလည်း မောင်နဲ့ မဝေးချင်တော့ပါဘူး၊ မောင်သဘောကျသလိုသာ စီစဉ်ပါတော့ မောင်ရယ်"

ဟု ပြောလေရာ ဒေါက်တာမင်းထင်ကျော်က ကျေနပ်သွားဟန်ဖြင့် မြနှင်းဖြူပခုံးလေးကို ဖက်ထားလိုက်သည်။

တကယ်တော့ ချစ်သူတို့အတွက် အရေးကြီးဆုံးအရာမှာ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတတ်ပြီး သစ္စာရှိရန်ပင်ဖြစ်ပေသည်။

ထို့ထက် တူညီသောဆုံးဖြတ်ချက်ရှိကြရန်လည်း အရေးကြီးလှပေသည်။

ရေပြင်အောက်သို့ တစ်ဝက်တစ်ပျက် ရောက်နေပြီဖြစ်သော နေလုံးကြီး တစ်နေ့တာအတွက် နောက်ဆုံးလက်ဆောင်အဖြစ် ပန်းနုရောင်ဆည်းဆာများကို ပင်လယ်ရေပြင်ပေါ်သို့ ချန်ထားခဲ့လေပြီ။

ပင်လယ်ပြင်၌ နေဝင်တော့မည်။

ရေပြင်ပေါ်မှတဆင့် လျှံတက်လာသော ပန်းနုရောင်

ဆည်းဆာများက ကမ်းစပ်သို့ ရောက်လာပြီးနောက် ချစ်သူနှစ်ဦးကို ထွေးပွေ့ထားလိုက်လေသည်။

ဤနေရာတွင်မှ ကျွန်ုပ် ရေးသားသော(ကဝေမှော်)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတို့ သိုခါအတ္တဝန် ပရိယာရန္တု။

(၂၀၁၈/၁၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်
စနေနေ့ နံနက်(၁၀)နာရီအချိန်။

☺ အောင်မြင်စာပေ ☺